ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

# ဂျာနယ်

## Crime News Journal

www.free4reader.com

**ကူညီပါရစေ**

မြို့တော်အတွင်း ဒုစရိုက်သမားများအတွက် နေရာမရှိစေရ ။
ပြည်သူ့လုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည် ။
ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြပါ ။
ထူးခြားမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန် ။

| | | |
|---|---|---|
| ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ | - | ၁၉၉၊ ၂၀၇၅၀၀၊ ၂၀၇၅၀၂၊ ၂၂၃၃၃၃ |
| အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | ၁၉၉၊ ၀၀၀၀၀၃၊ ၂၅၂၆၀၊ ၃၀၆၁၆ |
| အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | ၁၉၉၊ ၂၀၀၇၆၁၊ ၂၉၆၁၀၀၊ ၂၉၀၀၁၀ |
| မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | ၁၉၉၊ ၆၄၅၀၂၀၊ ၆၄၅၀၂၃၊ ၆၄၅၀၂၄ |
| တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | ၁၉၉၊ ၀၅၆-၂၁၀၄၂၊ ၀၅၆-၂၁၅၇ |

အတွဲ(၂၂)၊ အမှတ်(၃၆) | ၂၀ ရက်၊ ဇွန်လ၊ ၂၀၁၈ ခုနှစ်

## (၁၃)နှစ်အရွယ်ကလေးငယ်ကို ခြိမ်းခြောက် ကာမရယူရန် ကြိုးစားတဲ့ ဆွေမျိုးတော်သူ သက်ကြားအိုရဲ့ လူမဆန်တဲ့လုပ်ရပ်

PAGE 2

## ဆိုင်ထဲ လက်ဖက်ရည်လာသောက်တဲ့ အမျိုးသား(၃)ဦးက ဆိုင်ရှင်အမျိုးသမီးအား ဓားနှင့်ငွေပါမကျန်ပစ္စည်းလုယူထွက်ပြေးမှု ကျောက်တန်းမြို့နယ်တွင် ဖြစ်ပွား

PAGE 7





## ချစ်လို့ယူပြီး ကိုယ်ဝန် (၃) လရမှ လုံးဝမပေါင်းနိုင်ဘူး ကွာပေးလို့ပြောရာမှ စကားများပြီး ဇနီးက လူသတ်သမားဖြစ်ရ

PAGE 4



## ကွဲနေတဲ့ဇနီးကို ပြန်ပေါင်းဖို့ပြောရာ လက်မခံသဖြင့် ရင်ထဲမှာပေါက်ကွဲပြီး သူယူလာတဲ့ လက်လုပ်မိုင်းကို ပေါက်ကွဲအောင်လုပ်လိုက်သူ

PAGE 5

## ဒု ဝိုလ် မှူး ကြီး (ဒေါက် တာ) အား ဝိုင်း ဝန်း ချုပ် နှောင် ၍ စကေဘာဖြင့်ထိုးပြီး ထွက်ပြေးတိမ်းရှောင်နေသည့်အဖွဲ့ဖမ်းဆီးရမိပြီ



PAGE 6

## ဆေးကုသရန်သွားနေစဉ် နေအိမ်မှ ရွှေငွေ (၁၈၃) သိန်းခန့် ခိုးယူသွားသူအား ဖမ်းမိ

PAGE 12





PAGE 17

## ပန်းတနော်မှာ ဒုရဲအုပ်တစ်ဦး မိမိကိုယ်ကိုယ် သေနတ်ဖြင့်ပစ်၍ သတ်သေ

## (၃)ရက်သား မွေးကင်းစကလေးကို မြင်းခြံဆေးရုံမှာ ကလေးခိုးပြေးလာသူကို အမြန်လမ်းပေါ်တွင် ဖမ်းမိလိုက်ပြီ

PAGE 11




www.free4reader.com

# အနက် ၁၀ ပေ ချောင်းထဲ ရေမကူးတတ်ဘဲ ကွန်ဆင်းပစ်သူ အမျိုးသားတစ်ဦး ရေနစ်သေဆုံးရတဲ့ဖြစ်ရပ်

၃-၆-၂၀၁၈ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် ဒုရဲအုပ် ကောင်းမြတ်မော် တာဝန်ဆောင်ရွက်နေစဉ် သုံးခွမြို့နယ်၊ ကျားဘိုကျေးရွာ၌ အမျိုးသားတစ်ဦးနေရနစ်သေဆုံးကြောင်း သတင်းအရ ဒုရဲမှူး အောင်နိုင်ဦး၊ သုံးခွ မြို့မရဲစခန်းမှူးနှင့်အဖွဲ့သည် သက်သေများနှင့်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ ဦးဝင်းနိုင်(၄၉)နှစ်၊ ကျားဘိုကျေးရွာ၊ သုံးခွမြို့နယ်နေသူဖြစ်ကြောင်း သိရှိရ၏။

စစ်ဆေးချက်အရ ၎င်းသည် ၃-၆-၂၀၁၈ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်ခန့်တွင် ကျားဘိုကျေးရွာအနီးရှိ အကျယ် ၁၈ ပေ၊ အနက် ၁၀ ပေခန့်ရှိ မရမ်းချောင်းအတွင်း ကွန်ဆင်းပစ်ရာမှ ရေမကူးတတ်၍ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဦးဝင်းနိုင်နှင့်အတူ ပါရှိသည့် သားဖြစ်သူ ကျော်စွာထွန်း(၁၃)နှစ်၊ (လိပ်စာတူ)၏ ပြောပြချက်အရ သိရှိရသဖြင့် အလောင်းအားစစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိဘဲ နှုတ်ခမ်း၊ မျက်နှာ၊ ခြေသည်းလက်သည်းများပြာ ခြေဖျား၊ လက်ဖျားအရေခွံ တွန့်လျက်တွေ့ရှိရ၍ သုံးခွဆေးရုံသို့ ပို့အပ်ရာ PR-009 ဖြင့် လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုဖြစ်စဉ်ကို ဒုရဲအုပ် ကောင်းမြတ်မော်မှ တရားလိုပြုလုပ်တိုင်တန်း၍ သုံးခွမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၇/၂၀၁၈)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်းထွဋ်





# မယ်ဇလီတိုင်းရွာသားမောင်းတဲ့ကား မျက်နှာချင်းဆိုင်က ဆိုင်ကယ်ဖြင့် ဝင်တိုက်

၃၁-၅-၂၀၁၈ ရက်နေ့ ညနေ ၆ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် သဲကုန်းမြို့နယ်၊ ပုတီးကုန်းနယ်မြေရဲစခန်း၏ မြောက်ဘက်(၁)မိုင်ခန့်အကွာ မိုးတိမ်ပြင်အုပ်စု ကာသင်္ကာလမ်းမှာ ကားနှင့်ဆိုင်ကယ်တို့ တိုက်မိမှုဖြစ်ပွားကြောင်း သိရ၏။

အဆိုပါအခင်းဖြစ်အရပ်သို့ စခန်းမှူး ရဲအုပ် လှဝင်းနှင့် တပ်ဖွဲ့ဝင်တို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ကာသင်္ကာလမ်း၌ ပုတီးကုန်းဘက်မှ မိုးတိမ်ပြင်ဘက်သို့ မောင်မောင်လပြည့်ဝင်း(၂၈)နှစ်၊ ယာဉ်မောင်း၊ ကန့်လန့်ကုန်းအုပ်စု၊ မယ်ဇလီတိုင်းရွာနေသူ မောင်းနှင်ပြီး နောက်မှ ဦးအေးထွန်း၊ မှုအုပ်နှင့် ဦးကြည်းတင်၊ လိပ်စာတူ၊ မှုအုပ်၊ မယ်ဇလီတိုင်းရွာနေသူတို့ စီးနင်းလိုက်ပါစဉ် မိုးတိမ်ပြင်ဘက်မှ ပုတီးကုန်းဘက်သို့ ဝင်းစိုး (၄၄)နှစ်၊ သပြေလှအုပ်စု ရင်းတိုက်ကွင်းရွာနေသူ မောင်းနှင်လာသော နံပါတ်ပြားမပါ SUMBO အမျိုးအစား အနက်ရောင်ဆိုင်ကယ်(ယာဉ်မောင်း၊ လိုင်စင်စိစစ်ဆဲ)တို့မှာ မျက်နှာချင်းဆိုင် တိုက်မိ၍ ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ်(၃) သောင်းခန့်ဖြစ်ကြောင်းနှင့် ထိုသို့တိုက်ကြစဉ် ဝင်းစိုးမှာ ဆိုင်ကယ်ဦးထုပ်ဆောင်ထားခြင်းမရှိဟုသိရကာ ၎င်းတွင် ဝဲပါးရိုးပေါက်ပြဲသွေးထွက်ဒဏ်ရာ ၁ ချက်၊ ဝဲပေါင်ပွန်းခြစ်ဒဏ်ရာ ၁ ချက်၊ ဝဲခြေသလုံးပွန်းခြစ်ဒဏ်ရာ ၁ ချက်၊ ဝဲ ဘက်ချိုစောင်းဖူးရောင်ဒဏ်ရာ ၁ ချက် (အတွင်းလူနာ)အဖြစ် ပုတီးကုန်းဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

ယင်းဖြစ်စဉ်အား ရဲအုပ် လှဝင်းမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပုတီးကုန်းနယ်မြေရဲစခန်းမှ ယာဉ်(ပ)၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်လျက် ထိုအမှုအား ရဲအုပ် လှဝင်းမှ စစ်ဆေးဆောင်ရွက်ပြီး မောင်မောင်လပြည့်ဝန်းအား ဖမ်းဆီးလျက် ဆိုင်ကယ်ယာဉ်မောင်း ဝင်းစိုးအား ဆေးရုံမှဆင်းပါက အမှုဖြင့် ဖမ်းဆီးဆောင်ရွက်သွားမည်ဟု သိရသည်။

မင်းသော်ဦး(ပုတီးကုန်း)

# ဘာဖြစ်မှန်းမသိ သူ့ကိုယ်သူပြန်လုပ်ကြံလိုက်တဲ့လူ

ဇွန်လ ၃ ရက်နေ့က မိတ္ထီလာမြို့နယ်၊ ညောင်ပင်လျှိုကျေးရွာရှိ အဒေါ်ဖြစ်သူထံ အလည်ရောက်ရှိနေသူ အမျိုးသားတစ်ဦးသည် မိမိကိုယ်ကိုယ် ဓားဖြင့်ထိုးသတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရ၏။

ထိုဖြစ်စဉ်မှာ ၃-၆-၂၀၁၈ ရက်နေ့ ည နေ ၆ နာရီခွဲက မိတ္ထီလာမြို့မရဲစခန်းမှ ဒုရဲအုပ် သက်ပိုင်စိုး တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် ညောင်ပင်လျှိုကျေးရွာတွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ရဲစခန်းမှူး ဒုရဲမှူး ကျော်ထင်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာရာအိမ်မှူးများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ လွန်ခဲ့သည့် လေးရက်ခန့်က ညောင်ပင်လျှိုကျေးရွာနေ အဒေါ်ဖြစ်သူ ဒေါ်ကြင် နေအိမ်သို့ အလည်ရောက်နေသူ စိုးမိုးဝင်း(ခ)ကိုစိုး(၃၂)နှစ် ဆိုင်ကယ်,ကယ်ရီမောင်း အမှတ်(၄)ရပ်ကွက်၊ နမ့်စန်မြို့နေသူဖြစ်ပြီး နေအိမ်ရှေ့ ပေ ၂၀ ခန့်အကွာ ကုလား ထိုင်တွင် ထိုင်လျက်အနေအထားနှင့် ဝဲဘက်ရင်အုံထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

အဒေါ်ဖြစ်သူအား စစ်ဆေးရာ သေဆုံးသူ စိုးမိုးဝင်း(ခ)ကိုစိုးမှာ ပက်လက်ကုလားထိုင်အနီး လမ်းလျှောက်ကာ မီးဖိုချောင်သုံးစတီးဓားအသေးဖြင့် သရက်သီးခွဲစားပြီး ဓားကိုင်လျက် ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်ကြောင်း၊ ထမင်းအိုးတည်ပြီး လှမ်းကြည့်ရာ အနေအထားပျက်နေသည်ကို မြင်ရ၍ အနီးကပ်သွားရောက်ကြည့်ရှုရာ စိုးမိုးဝင်း(ခ)ကိုစိုးမှာ လက်နှစ်ဖက် ဗိုက်ပေါ်တင်ကာ ခြေထောက်ချင်းချိတ်လက် သေဆုံးနေသည်ကို တွေ့ရှိကြောင်း သိရသဖြင့် သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရေးအတွက် မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ် ၁၀/၂၀၁၈ ဖြင့် ရေးဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရ၏။

မောင်လှချစ်

# (၁၃)နှစ်အရွယ်ကလေးငယ်ကို ခြိမ်းခြောက် ကာမရယူရန် ကြိုးစားတဲ့ ဆွေမျိုးတော်သူ သက်ကျားအိုရဲ့ လူမဆန်တဲ့လုပ်ရပ်

၂၈-၄-၂၀၁၈ ရက်နေ့ ၃ နာရီခွဲအချိန်ခန့်တွင် ဒေါ်×××(၂၇)နှစ်၊ သထုံမြို့နယ်၊ ××××ကျေးရွာနေသူသည် နေအိမ် အသစ်တွင်ရှိနေစဉ် အိမ်သာတက်ချင်၍ နောက်ဖက်သို့သွား အိမ်အသစ်အောက်တွင် သောက်ရေခွက်ထားသည်ကို တွေ့ရသဖြင့် အိမ်သာသို့ မသွားတော့ဘဲ အိမ်သစ် အနောက်ဘက်ရှိ အိမ်အဟောင်းပေါ်သို့ပြန်ထားရန် လာရောက်စဉ် တိတ်ဆိတ်နေသဖြင့် ဖိနပ်ချွတ်သည့်နေရာအားကြည့်ရာ ဖခင်ဖြစ်သူ ဦးသန်းအောင်(၅၆)နှစ်၏ဖိနပ်ကို တွေ့ရှိလိုက်ရ၏။

ထို့ကြောင့် ဒေါ်×××သည် မသင်္ကာ၍ အိမ်ပေါ်တက်ကြည့်ရာ နေအိမ်အိပ်ခန်းအတွင်းမှ ဦးသန်းအောင်ပုဆိုးပြင်ဝတ်ပြီး ထွက်လာသည်ကိုတွေ့ရှိရပြီး ဦးသန်းအောင်မှ "ငါတီဗွီကြည့်နေသည်ကို မီးပိတ်သဖြင့် တူမဖြစ်သူ မ×××(၁၃)နှစ်၊ အင္ဂမတန်းကျောင်းသူအား ကန်ခဲ့ကြောင်း"ပြောပြပြီး ထွက်သွား၏။

ထိုအခါ ဒေါ်×××မှ အိပ်ခန်းအတွင်းသို့ အပြင်မှ လှမ်းကြည့်ရာ မ×××သည် ထဘီရင်ရှားဖြင့် ငိုနေသည်ကို တွေ့ရသဖြင့် မေးမြန်းကြည့်ရာ ၎င်းအဝတ်လဲနေစဉ် ဦးသန်းအောင်မှ တီဗွီခလုတ်အားပိတ်ပြီး အိမ်အောက်သို့ဆင်းသွားကာ အုန်းဆီပုလင်းယူ၍ ပြန်တက်လာ၍ မ×××အား ပါးရိုက် လည်ပင်းညှစ်ပြီး လက်ကိုနောက်ပြန်လိမ်၍ ပြန်ပြောရင်သတ်ပစ်မယ်ဟု ပြောပြီး မ×××အား မဖွယ်မရာပြုလုပ်ပြီး သားမယားအဖြစ် ပြုကျင့်ရန်ကြံစည်နေစဉ် ဒေါ်××××၏ ခြေသံကြား၍ နေအိမ်ခန်းအတွင်းမှ ထွက်သွားခဲ့ကြောင်း ပြောပြခဲ့၏။

ထို့ကြောင့် မ×××မှ တူမဖြစ်သူ မ×××အား သားမယား အဖြစ်ပြုကျင့်ရန် ကြိုးစားအားထုတ်သူ သန်းအောင်အား ဥပဒေအရ အရေးယူပေးပါရန် ယခင်က ဖခင်ဖြစ်သူအား ကြောက်လန့်၍ တိုင်တန်းခြင်းမပြုဘဲ ယခုမှ တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် သိမ်ဆိပ်နယ်မြေရဲစခန်းမှ (ပ)၂၂၆/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၅၁၁ အရ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ပြီး အမှုစစ်အဖြစ် ရဲအုပ် ကျော်နန္ဒအောင်မှ စစ်ဆေးဆောင်ရွက်ရှိပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးကာ ရဲလုပ်ငန်းများနှင့်အညီ ပြည့်စုံအောင် ဆောင်ရွက်ကာ တရားစွဲတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

လှဝင်း(မရမ်းကုန်း)

❖ ❖ ❖

# ပုသိမ်မြို့ထဲဆိုင်ကယ်တစ်စီးနဲ့ ပိုက်ဆံအိတ်လုယက်မှုများ နာရီပိုင်းအတွင်းဖမ်းဆီးရမိ

ပုသိမ်မြို့ပေါ်၌ မိုးတစိမ့်စိမ့်နှင့် မှောင်ရီပြီးစညများတွင် ဆိုးနိုးလုယက်မှုများ ကင်းရှင်းပပျောက်ရေးအတွက် ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်စိုးနှင့် မြို့မရဲစ ခန်းမှူး ဒုရဲမှူး မျိုးသူတို့ ကြီးကြပ်လျက် ရဲတပ်ဖွဲ့ဝင်များသည် ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များသို့ လှည့်ကင်းများဆောင်ရွက်လျက်ရှိရာ ၂-၆-၂၀၁၈ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် မြို့သစ်ဈေးအနီးမှ ဈေးဝယ်ယူ၍ ပြန်လာသော မနင်းဝေလှိုင်သည် သူငယ်ချင်း ဒေါ်မေရီစန်းမောင်နှင့်သော ၎င်း၏ဆိုင်ကယ် နယူဇင်းနစ်အပြာရောင် ၅၁ဃ/××××နှင့် သူငယ်ချင်း မချစ်ဖူးငုံကို အလယ်ထားပြီး မနင်းဝေလှိုင်က နောက်မှ ထိုင်လျက် ဘယ်ဘက်လက်မှ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ်(၉၀၀၀၀)ပါရှိသော ရွှေရောင်ပိုက်ဆံအိတ်ကို ဆုပ်ကိုင်လိုက်ပါလာခဲ့ရာ ကိုးဆူကျောင်းလမ်းမှ ဗန္ဓုလလမ်းသို့ထွက်ရန်အပြု မြောင်းမြကျောင်းမှောင်ရိပ်ဖြတ်စဉ် လူ(၃)ဦးက ဆိုင်ကယ်တစ်စီးနှင့် လိုက်ပါလာပြီး နောက်ဆုံးထိုင်လိုက်သူက ဒေါ်နင်းဝေ၏ ဘယ်လက်ထဲဆုပ်ကိုင်ထားရှိသော ရွှေရောင်အိတ်ကိုလုယူသဖြင့် သူတစ်ပြန်ကိုယ်တစ်ပြန် ဆွဲယူရင်း ဆိုင်ကယ်ချင်းတိုးမိကာ ဒေါ်နင်းဝေတွင် ခြေထောက်ဒဏ်ရာရရှိသွားကာ ၎င်းထံမှ ပိုက်ဆံအိတ်ပါသွားခဲ့သည်။

၎င်းတို့ ၁၀ ပေခန့်အကွာအရောက်တွင် လုယက်သူတို့၏ ဆိုင်ကယ်လည်း တိမ်းမှောက်သဖြင့် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးသွားကြသည်။ ၎င်းတို့ဆိုင်ကယ်မှာ နံပါတ်မပါ Luojiadrean 125 အနက်ဖြစ်ပြီး ဒေါ်နင်းဝေလှိုင်က မြို့မရဲစခန်းမှူးထံ အမှုဖွင့် တိုင်ကြားခဲ့သည်။

ထို့ကြောင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်စိုးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးသူတို့ ကြီးကြပ်၍ ညတွင်းချင်းစုံစမ်းရှာဖွေခဲ့ရာ အခင်းဖြစ်ပွားပြီး ၅ နာရီခန့်အကြာ အမှတ်(၈)နယ်မြေဆားငံကုန်းမှ ညီညီအောင်(ခ)ဗန်းကြီး(၂၁)နှစ်၊ အောင်မင်္ဂလာလမ်းနေ အုံ့ဖွယ်(ခ)အုံ့ဖွယ်သာနှင့် ရဲလင်းထွန်း(ခ)သာခွားတို့ (၃)ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သည် ပုသိမ်မြို့ပေါ်တွင် ကျောက်ရပ်အဝိုင်း၊ ရေပေါ်ဈေး၊ မြကျွန်းသာ၊ ကန်သာယာနေရာများတွင် ဆိုင်ကယ်တစ်စီးနှင့် ခရီးသွားများထံ လုယက်မှုကျူးလွန်ဖူးသော ပြစ်ဒဏ်ကျခံဖူးသူများဖြစ်ကြောင်း သိရသည်။

ပုသိမ်လှကြည်

# သာယာဝတီမြို့နယ်တွင် မိသားစုကိစ္စ စကားများကြရာမှ လူသတ်မှုဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့မရဲ စခန်းအပိုင်တွင် အရက်သေစာသောက်စားမူးယစ်ပြီး မိသားစုကိစ္စစကားများကြရာမှ ဓါးသအလျောက် ထိုးကြ/ရိုက်ကြနှင့် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၆-၆-၂၀၁၈ ရက်နေ့ ည ၈ နာရီခွဲအချိန်ခန့်တွင် မဝါဝါဇော်(၂၈)နှစ်၊ ရန်ကုန်-ပြည်လမ်း၊ ရေဝေရပ်ကွက်၊ သာယာဝတီမြို့နေသူသည် ခင်ပွန်းဖြစ်သူ ကိုကျော်သူ(၃၀)နှစ်၊ ရန်ကုန်-ပြည်လမ်း၊ ရေဝေရပ်ကွက်၊ သာယာဝတီမြို့နေသူနှင့်အတူ နေအိမ်တွင်ရှိနေစဉ် မဝါဝါဇော်၏ မောင်ဖြစ်သူ ကိုကိုလတ်(၂၇)နှစ်နှင့် ခင်ပွန်းဖြစ်သူ ကိုကျော်သူတို့ တစ်ယောက်တစ်ခွန်းစကားများ ရန်ဖြစ်ကြရာမှ မောင်ဖြစ်သူ ကိုကိုလတ်မှ ခင်ပွန်းဖြစ်သူ ကိုကျော်သူအား ချွန်ထက်သော ပစ္စည်းတစ်ခုဖြင့်ထိုးပြီး ဖခင်ဖြစ်သူ ဦးဇော်မိုးမှာလဲ အနီးတွင်ရှိနေသော ဝါးတုတ်ပိုင်းဖြင့် ခင်ပွန်းဖြစ်သူ ကိုကျော်သူအား ဝင်ရောက်ရိုက်နှက်ခဲ့သဖြင့် ခင်ပွန်းဖြစ်သူ ကိုကျော်သူ၏ ဝဲဘက်ရင် အုံတွင် ထိုးသွင်းဒဏ်ရာ (၂)ချက်၊ ဝဲဘက် ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ (၂)ချက်၊ ဦးခေါင်းပြတ်ရှဒဏ်ရာ (၁)ချက် ရရှိသွား သဖြင့် သာယာဝတီဆေးရုံသို့ ဆေးကုသမှု ခံယူရန် ပိုင်းဝန်းပို့ဆောင်ပြီး ဆေးကုသမှု ခံယူနေစဉ် အခင်းဖြစ်နေ့တွင် ရရှိထားသောဒဏ်ရာဖြင့် ဆေးရုံတွင် သေဆုံးသွားခဲ့၏။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခင်ပွန်းဖြစ်သူကို သေဆုံးအောင်ပြုလုပ်သူ ဖခင်ဖြစ်သူ ဦးဇော်မိုး(၅၇)နှစ်နှင့် မောင်သူဖြစ်သူ ကိုကိုလတ်တို့(၂)ဦးတို့အား အရေးပေးပါရန် မဝါဝါဇော်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် သာယာဝတီမြို့မရဲစခန်းမှ (ပ)၇၈၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အရေးယူထားရှိကာ စခန်းမှူး ဒုရဲမှူး လှသိန်းမှ တရားလိုနှင့် အခင်းဖြစ်အရပ်ရှိ သက်သေတို့အား စစ်ဆေးခြင်း၊ သေဆုံးသူ ကိုကျော်သူ၏အလောင်းအား ရဲဆေးစာပြုလုပ်ခြင်း၊ ပြစ်မှုကျူးလွန်သူ ဦးဇော်မိုးနှင့် ကိုကိုလတ်တို့(၂)ဦးအား အမြန်ဆုံးဖမ်းဆီးနိုင်ရေးနှင့် သက်သေခံ ပစ္စည်းသိမ်းဆည်းနိုင်ရေး အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုနန္ဒ(လက်ပံတန်း)

www.free4reader.com



# ဆောက်လက်စသုံးထပ်အဆောက်အအုံမှာ ဆောက်လုပ်ရေးအလုပ်သမားတစ်ဦး ကံဆိုးရှာ

၄-၆-၂၀၁၈ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန်ခန့်တွင် ဒုရဲအုပ် ကျော်တင့်၊ လှိုင်သာယာမြို့မရဲစခန်း တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် လှိုင်သာယာဆေးရုံသို့ အမျိုးသားတစ်ဦးဓာတ်လိုက်သေဆုံး၍ရောက်ရှိနေကြောင်း သတင်းအရ မြို့မစခန်းမှူး ဒုရဲမှူး ဝဏ္ဏရှိန်နှင့်အဖွဲ့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကိုမောင်နိုင်(၄၂)နှစ်၊ ဆောက်လုပ်ရေး အမှတ်(၇၇၈)၊ အနော်မာလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူဖြစ်ပြီး ၎င်းသည် နံနက် ၁၁ နာရီအချိန် လှိုင်သာယာမြို့နယ်၊ ကစင်မြေတိုင်း(၂၃)၊ ပိတောက်လမ်းရှိ ဆောက်လက်စ(၃)ထပ်အဆောက်အအုံဆောက်လုပ်ရာတွင် ဒုတိယထပ်မှတင်ပေးသော ဟော်လိုသံပိုက်ချောင်းအား တတိယထပ်မှဆွဲယူစဉ် ၎င်းဆွဲယူသောဟော်လိုသံပိုက်မှာ ၁၁၀၀၀ ဗို့အားရှိ လျှပ်စစ်လိုင်းကြိုး၏ ၁ ပေပတ်လည် လျှပ်စစ်စက်ဝန်းအတွင်း ရောက်ရှိသွားရာမှ ခန္ဓာကိုယ်အတွင်း လျှပ်စစ်စီးကူးပြီး လဲကျသွားသဖြင့် ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားကြောင်း စုံစမ်းသိရှိရပြီး အလောင်းအား စစ်ဆေးရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိဘဲ လှိုင်သာယာဆေးရုံမှ PR 01 ဖြင့် လက်ခံစစ်ဆေးလျက်ရှိ၏။

၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရန် ဒုရဲအုပ် ကျော်တင့်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် လှိုင်သာယာမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၄၅/၂၀၁၈)ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး ဝဏ္ဏရှိန်မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးမင်း



# ကွဲနေတဲ့ဇနီးကို ပြန်ပေါင်းဖို့ပြောရာ လက်မခံသဖြင့် ရင်ထဲမှာပေါက်ကွဲပြီး သူယူလာတဲ့ လက်လုပ်မိုင်းကို ပေါက်ကွဲအောင်လုပ်လိုက်သူ

**ဇွန်လ ၈ ရက်နေ့က ကော့ကရိတ်တွင် နှစ်နှစ်ခန့်ကွဲကွာသည့်ဇနီးကို ပြန်ပေါင်းရန် ညှိနှိုင်းရာ လက်မခံ၍ အသင့်ပါလာသော လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှု ဖြစ်ပွားခဲ့၏။**

ထိုဖြစ်စဉ်မှာ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ဆင်ကုန်းကျေးရွာနေ တင်ဝင်း အောင်(၂၅)နှစ်သည် ထိုနေ့ နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် နန်းကောတိုးကျေးရွာနေ ၎င်း၏ဇနီး မစန္ဒာလင်း(၂၅)နှစ်အား ပြန်လည်ပေါင်းသင်းလိုကြောင်း သွားရောက်ပြောဆိုရာ လက်မခံသဖြင့် တင်ဝင်းအောင်က ၎င်းတွင် အသင့်ပါလာသည့် လက်လုပ်မိုင်းအား ရှော့ခ်တိုက်၍ ဖောက်ခွဲလိုက်၏။

လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် တင်ဝင်းအောင်တွင် ယာလက်ပေါက်ပြဲ ဝဲလက်ချောင်းများပြတ်ရှဒဏ်ရာရရှိပြီး မစန္ဒာလင်းတွင် ယာပေါင်၊ ရင်ဘတ်ပေါက်ပြဲဒဏ်ရာများရရှိကာ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြောင်း သိရ၏။

ဖြစ်စဉ်ကြောင့် အခင်းဖြစ်နေအိမ်အား သွားရောက် စစ်ဆေးရာ နေအိမ်မီးဖိုခန်း၌ လျှပ်စစ်ကေ ဗွီကြေးကြိုး/PVC ကော်ပိုက်အပြာရောင် အပိုင်းအစများ၊ အဝတ်အစားအပိုင်းအစများ သွေးစသွေးနများ၊ အသားအပိုင်းအစများနှင့် ပိန်ချိုင့်နေသည့်ဓာတ်ခဲအသေးသုံးလုံးတို့အား တွေ့ရှိခဲ့ကြောင်း၊ တင်ဝင်းအောင်သည် အရှည်ခြောက်လက်မ၊ လုံးပတ်တစ် ကျပ်လုံးခန့်ရှိ PVC ကော်ပိုက်အတွင်းသို့ ကေဗွီကြေးကြိုးအပိုင်းအစများ ဖြတ်တောက်ရောနှောထားသည့် ယမ်းနှင့် လျှပ်စစ်စနက်တံတို့အားထည့်ပြီး AAA (1.5V) ဓာတ်ခဲအသေးသုံးလုံး၊ လျှပ်စစ် ဝိုင်ယာကြိုးတို့နှင့် ဆက်သွယ်ကာ လက်လုပ်မိုင်းအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရ၏။

ကော့ကရိတ်မြို့မရဲစခန်းမှ ပြောပြသိရသည်မှာ "ပထမတုန်းက သူတို့နှစ်ယောက်က လင်မယားတွေ၊ ကွဲသွားကြလို့ ကောင်မလေးက ဘန်ကောက်မှာ အလုပ်သွားလုပ်တယ်၊ အဲဒီမှာကောင်မလေးက ဟိုမှာ အိမ်ထောင်ကျသွားပြီ။ ကောင်လေးကလည်း ဒီမှာ အိမ်ထောင်ကျသွားပြီ။ ကောင်မလေးက ဟိုမှာအိမ်ထောင်ကျပြီး ကလေးကလေးလပဲရှိလို့ ပြန်လာတဲ့အချိန်မှာ ဟိုတစ်ယောက်က သူယူထားတဲ့ မိန်းမကို ပြန်ကွဲပြီးတော့ ဒီကောင်မလေးဆီလာပြီးတော့ မခွဲနိုင်ဘူး လာပြောတာတဲ့။ ကောင်မလေးက နင့်လည်းနင့်အိမ်ထောင်နဲ့၊ ငါ့လည်း ငါ့အိမ်ထောင်နဲ့ပြောတဲ့ အခါမှာ ကောင်လေးက ခြိမ်းခြောက်ပြီး သူတို့နှစ်ယောက်ကြားမှာ မိုင်းခွဲလိုက်တာ။ လင်မယားကွဲတာက လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက ကွဲနေတာ။ သူတို့က တရားဝင်ကွဲတာမဟုတ်ဘူး။ ယူထားတုန်းကလည်း တရားဝင်မဟုတ်ဘူး"ဟု သိရ၏။

ယင်းလက်လုပ်မိုင်းဖောက်ခွဲမှုနှင့် ပတ်သက်ပြီး ကော့ကရိတ်မြို့မရဲစခန်းမှ (ပ)၂၅၈/၂၀၁၈၊ ပေါက်ကွဲပုဒ်မ ၃ ဖြင့် တင်ဝင်းအောင်အား အမှုဖွင့်အရေးယူထားကြောင်း သိရ၏။

DM

# နတ်မောက်မြို့နယ်တွင် အမျိုးသားတစ်ဦး ရထားတိုက်မိသေဆုံးမှုဖြစ်ပွား

၂၈-၅-၂၀၁၈ ရက်နေ့ ည ၉ နာရီ အချိန်ခန့်တွင် ဒုရဲမှူး ကျော်ကျော်စိုးသည် နတ်မောက်ရဲစခန်းတွင် စခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် နတ်မောက်ဘူတာတွင် လူတစ်ဦး ရထားကြိတ်မိကြောင်း သတင်းအရ ရဲစခန်းအရှေ့ (၃)မိုင်ခန့်အကွာ အခင်းဖြစ်ရပ်သို့ နတ်မောက်ဘူတာရုံပိုင်ကြီး ဦးသိန်းဆွေမြင့်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ရထားတိုက်မိသူမှာ ဝင်းဦး(၃၅)နှစ်၊ ဘူတာကျေးရွာ၊ နကျားထူးကျေးရွာအုပ်စုနေသူဖြစ်ကြောင်း သိရသည်။

စစ်ဆေးချက်အရ စက်ခေါင်းမောင်း (၂) ဦးဝင်းသန်းမောင်းနှင်လာသော ပုဂံ-ရန်ကုန်အစုန်အထူးရထားသည် ရထားမိုင်တိုင်အမှတ် ၃၁၆/၅-၆ အရောက် တိုက်မိပြီး ဝဲ/ယာခြေထောက်ပြတ်ရ ဦးခေါင်းပေါက်ပြဲဒဏ်ရာများဖြင့် ရထားသံလမ်းပေါ်တွင် လဲကျနေသည်ကိုတွေ့ရှိရသဖြင့် နတ်မောက်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံကြီးအရောက်တွင် ဆေးကုသရင်း သေဆုံးသွားခဲ့သည်။

ဝင်းဦးသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးသိနိုင်ရန် နတ်မောက်မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ်(၆/၂၀၁၈)ဖြင့် အမှုဖွင့်ပြီး အမှုအား ဒုရဲမှူး ကျော်ကျော်စိုးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေလင်း(နတ်မောက်)

# တိုက်ကြီးတွင် တောင်ဥက္ကလာလူသတ်မှုနဲ့ပတ်သက်သူနှစ်ယောက်ဖမ်းမိ

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်(၁၄/၁)ရပ်ကွက်၊ နှင်းဆီလမ်းနှင့် မေတ္တာလမ်းထောင့်ရှိ ဟိုတယ်အပြင် ဘက်တွင် အမျိုးသားတစ်ဦး ဓားထိုးခံရပြီး သေဆုံးမှုမှ ပြစ်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးကို ဇွန် ၈ ရက်က တိုက်ကြီးမြို့နယ်တွင် ဖမ်းဆီးရမိကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ချက်အရ သိရ၏။**



ထိုဖြစ်စဉ်မှာ အောင်ဖြိုး(ခ)အောင်အောင်ဖြိုး(၂၇)နှစ်၊ ၎င်း၏အစ်ကို နိုင်နိုင်ထွန်း(၃၂)နှစ်တို့သည် မွန်းလွဲပိုင်းက လက်ဖက်ရည်ဆိုင်၌ စကားများသည့်ကိစ္စအား မကျေနပ်သဖြင့် နှင်းဆီလမ်းတွင် စောင့်ဆိုင်းကာ ဓားဖြင့်ထိုးခြင်းကြောင့် ရရှိသော ဒဏ်ရာဖြစ်ကြောင်း သိရပြီး ဒဏ်ရာရရှိသူ ထိန်လင်းအား သဃ်န်းကျွန်းစံပြဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့သဖြင့် သေဆုံးအောင်ပြုလုပ်သူ အောင်ဖြိုး(ခ)အောင်အောင်ဖြိုးနှင့် နိုင်နိုင်ထွန်းတို့အား အရေးယူပေးရန် တိုင်တန်းချက်အရ တောင်ဥက္ကလာပမြို့မရဲစခန်းတွင် အမှုဖွင့်၍ ရဲတပ်ဖွဲ့က ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့၏။

အမှုမှ ပြစ်မှုကျူးလွန်သူ အောင်ဖြိုး(ခ)အောင်အောင်ဖြိုးနှင့် နိုင်နိုင်ထွန်းတို့အား ဖမ်းဆီးရမိရေး ပိတ်ဆို့ရှာဖွေဖမ်းဆီးရာ ဇွန် ၈ ရက်တွင် အောင်ဖြိုး(ခ)အောင်အောင်ဖြိုးနှင့် နိုင်နိုင်ထွန်းတို့အား ၎င်းတို့ တိမ်းရှောင်နေသည့် တိုက်ကြီးမြို့နယ် ဖက်စစ်ကျေးရွာတွင် ဖမ်းဆီးရမိခဲ့ပြီး အမှုနှင့် ပတ်သက်ပြီး စစ်ဆေးအရေးယူထားကြောင်း သိရ၏။

မမတ

# လက်ကိုင်ဖုန်းကိုယ်စီနဲ့ ခါးပိုက်နှိုက်နှစ် ယောက်ကို ဖမ်းမိ

ဇွန်လ ၆ ရက်နေ့က ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု ကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်နေစဉ် ခါးပိုက်နှိုက်ဖြစ်မှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ဒလမြို့နယ်နေသူများဖြစ်သည့် မျိုးဆွေ(၃၅)နှစ်နှင့် ချစ်လင်းဇော်(ခ)ချစ်မျိုးဇော်(ခ)စုဖွား(၂၅)နှစ်တို့နှစ်ဦးကို ဆိပ်ကမ်းမြို့နယ် စဥ့်အိုးတန်း သမ္ဘန်ဆိပ်တွင် Mi အမျိုးအစား လက်ကိုင်ဖုန်း i Phone အမျိုးအစားလက်ကိုင်ဖုန်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြ၏။

ဖမ်းမိသူနှစ်ဦးအား အဆိုပါလက်ကိုင်ဖုန်းများနှင့်ပတ်သက်၍ စစ်ဆေးရာ ၎င်းတို့သည် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းအတိုင်း လမ်းလျှောက်လာစဉ် ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေးအရှေ့အရောက်၌ အသက်(၃၀)နှစ်ခန့်ရှိ အမျိုးသားတစ်ဦး လွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ i Phone ကိုလည်းကောင်း၊ လသာမြို့နယ် မဟာဗန္ဓုလလမ်းအတိုင်း လမ်းလျှောက်လာခဲ့ပြီး ၃၂ လမ်းထိပ်အရောက်၌ လမ်းလျှောက်နေသူ အသက်(၄၀)နှစ်ခန့်ရှိ အမျိုးသား တစ်ဦးလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ Mi လက်ကိုင်ဖုန်းကိုလည်းကောင်း၊ နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၏။

ထို့ကြောင့် ၎င်းတို့နှစ်ဦးကို ပန်းဘဲတန်းမြို့မရဲစခန်းနှင့် လသာမြို့မရဲစခန်းတို့တွင် အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး ပျောက်ဆုံးသူ ပိုင်ရှင်များအနေဖြင့် အမှုမှ လက်ကိုင်ဖုန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းများတွင် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း သတင်းစဉ်အရ သိရ၏။

သိုးလေး

# အနှိုင်္ဂိုဏ်းဝင် မိဘနှစ်ပါးအား သားဖြစ်သူမှ ပေါက်တူးနဲ့ခုတ် မွေးကျေးရူးဆပ်လိုက်တဲ့ သားမိုက် ရဲကအမှုဖွင့်ဖမ်းဆီး



ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ် မင်္ဂလွန်းကျေးရွာ၌ သားဖြစ်သူမှ အနှိုင်္ဂိုဏ်းဝင် မိဘနှစ်ပါးအား ပေါက်တူးဖြင့် ခုတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၂-၅-၂၀၁၈ ရက်နေ့ နံနက် ၇ နာရီအချိန်က တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၊ ကမာကလုတ်နယ်မြေရဲစခန်းအပိုင်၊ မင်္ဂလွန်းကျေးရွာ၌သားဖြစ်သူ၊ စိုးသူ(၂၅)နှစ်မှ ၎င်း၏ဖခင်ဖြစ်သူ ဦးတင်ဝင်း(၅၈)နှစ်နှင့် မိခင်ဖြစ်သူ ဒေါ်သန်းမြင့်(၅၆)နှစ်၊ မင်္ဂလွန်းကျေးရွာနေထိုင်သူ မိဘနှစ်ပါးအား အရက်ကြောင်ကြောင်ပြီး ပေါက်တူးဖြင့် ခုတ်သဖြင့် ဖခင်ဖြစ်သူ ဦးတင်ဝင်းတွင် ဘယ်ဘက် မျက်ခုံးပြတ်ရှ ဦးခေါင်းနောက်စေ့ ပြတ်ရှဒဏ်ရာနှင့် မိခင်ဖြစ်သူ ဒေါ်သန်းမြင့်တွင် ဘယ်ဘက်နားထင်ပြတ်ရှဒဏ်ရာများရရှိ၍ တံတားမြို့ပြည်သူ့ဆေးရုံမှ (စိုးရိမ်ရ)ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသလျက်ရှိပြီး၊ အနှိုင်္ဂိုဏ်းဝင် မိဘနှစ်ပါးအား ပေါက်တူးဖြင့်ခုတ်ခဲ့သူ စိုးသူအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးပါရန် ရဲတပ်ကြပ်ကြီး မျိုးမင်းဦးမှ တရားလိုပြုလုပ်၍ တိုင်တန်းသဖြင့် ကမာကလုတ်နယ်မြေရဲစခန်းမှ အမှုစစ် စခန်းမှူး ရဲအုပ် စည်သူအောင်မှ တရားခံ စိုးသူအား (ပ)၂၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ပြီး ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်တန်း)

www.free4reader.com



# ခြံစည်းရိုးအနီး အပေါ့စွန့်ဖို့အသွား သံဆန်ခါနဲ့ထိပြီး ကံဆိုးသွားရတဲ့ အလုပ်သမား

၄-၆-၂၀၁၈ ရက်နေ့ နံနက် ၁ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် ဒုရဲအုပ် ရန်ပိုင်ဦး တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ သိမ်ဖြူဈေးရှေ့တွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ မြို့မစခန်းမှူး ဒုရဲမှူး ဇော်ဝင်းနိုင် ဦးစီးအဖွဲ့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ကျော်ကျော်(၂၈)နှစ်၊ စည်ပင်နေ့စားဝန်ထမ်း၊ လိုင်း(၃)၊ စည်ပင်သာယာဝန်း သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး သေဆုံးသူ ကျော်ကျော်သည် တစ်ဝန်းတည်းနေ စည်ပင်နေ့စားဝန်ထမ်းများဖြစ်ကြသည့် ကိုဦး(၂၃)နှစ်၊ ဇေယျ(၂၂)နှစ်၊ လိုင်း(၅)နေသူတို့နှင့်အတူ သိမ်ဖြူဈေးရှေ့ စည်ပင်အမှိုက်ပုံးတွင်အမှိုက်များစုပုံခဲ့ကြောင်း။ ထိုသို့စုပုံနေစဉ် ကျော်ကျော်သည် ဗိုလ်မင်းရောင်လမ်းဘား သိမ်ဖြူဈေးအနီး လမ်းဘေးပလက်ဆောင်း သံဆန်ခါခြံစည်းရိုးအနီးတွင် အပေါ့စွန့်ရန်သွားရာမှ သံဆန်ခါနှင့်ခန္ဓာကိုယ်ထိမိကာ သံဆန်ခါတွင် တွယ်ငြိနေသော ဓာတ်ကြိုးမှတစ်ဆင့် ဓာတ်လိုက်လဲကျသေဆုံးခြင်းဖြစ်ကြောင်း သိရှိရ၍ အလောင်းအား စစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ခဲ့ရာ PR-072 ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

အဆိုပါဖြစ်ရပ်ကို မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၉/၂၀၁၈)ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး ဇော်ဝင်းနိုင်မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်းထွဋ်

### ဆိုင်ထဲ လက်ဖက်ရည်လာသောက်တဲ့ အမျိုးသား(၃)ဦးက

# ဆိုင်ရှင်အမျိုးသမီးအားရွှေနှင့် ငွေပါမကျန် ပစ္စည်းလုယူထွက်ပြေးမှု

### ကျောက် တန်း မြို့ နယ် တွင် ဖြစ် ပွား

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စုအပိုင် ဖွံ့ဖြိုးရေးလမ်းမကြီးဘေး မိဘမေတ္တာဆိုင်(၂)အတွင်း လုယက်မှုဖြစ်ပွားကြောင်း သိရှိရသည်။




ဖြစ်စဉ်မှာ ၁၈-၅-၂၀၁၈၊ ရက်နေ့ နံနက် ၇ နာရီခွဲအချိန်တွင် ဖွံ့ဖြိုးရေးလမ်းမကြီးဘေးအဖွဲ့တွေ့ကျေးရွာ၊ ရွှေပျောက်ကျေးရွာအုပ်စု ကျောက်တန်းမြို့နေထိုင်သူ ကိုရန်နိုင်စိုးနှင့် ဇနီးဖြစ်သူ မဝေနင်းဖြူတို့




နှစ်ဦး မိဘမေတ္တာဆိုင်(၂)ကုန်စုံနှင့် လက်ဖက်ရည်ရောင်းနေစဉ် ကိုရန်နိုင်စိုး၏မိခင်ဖြစ်သူ ဒေါ်ခင်ဖုန်းမော်မှ အဝတ်လှန်းရန်အတွက် အဝတ်တန်းလုပ်ပေးရန် ဖုန်းဆက်ခေါ်ခဲ့သဖြင့် သွားရောက်အဝတ်တန်းလုပ်ပေးခဲ့သည်။ ဆိုင်တွင် မဝေနင်းဖြူနှင့်အတူ လက်ဖက်ရည်လာသောက်နေသော အမျိုးသားလူငယ် (၃)ဦးသာကျန်ခဲ့သည်။

၎င်းသွားပြီး နာရီဝက်ခန့်အကြာတွင် ဆိုင်ရှေ့စားပွဲတွင် လက်ဖက်ရည်ထိုင်သောက်နေသော အမျိုးသား(၃)ဦးအနက် တစ်ယောက်မှ ကောင်တာသို့ ငွေရှင်းရန်ထလာပြီး ၎င်းအမျိုးသားမှ ဆေးလိပ်တစ်ဘူး ပေးပါပြောသဖြင့် မဝေနင်းဖြူမှ ဆေးလိပ်တစ်ဘူးထုတ်ပေးနေစဉ် အသင့်ပါလာသောဓားဖြင့် ၎င်း၏နံဘေးထောက်၍ "မအော်နဲ့ အော်ရင်သတ်ပစ်မယ်"ဟု ပြောပြီး ပါးစပ် ပိတ်၍ ဆိုင်အတွင်းသို့ဆွဲခေါ်သွားပြီး ပါးနားရိုက်ခဲ့သည်။

ထို့နောက် ဆိုင်အပြင်မှာ ထိုင်နေသော ကျန်အမျိုးသားနှစ်ဦးမှ ထိုင်နေရာမှ ထလာပြီး ဆိုင်အတွင်း၌ ပက်လက်လဲနေသော ဝေနင်းဖြူ၏ ဆံပင်ကိုခြေထောက်နှင့်တက်နင်း အမျိုးသား(၃)ဦး ဝိုင်းရိုက်ကြသည်။ ပြီးနောက် ဘယ်ဘက်လက်တွင် ဝတ်ဆင်ထားသော ရွှေလက်စွပ်မောင်းကွင်း (၃)ကွင်းကို အတင်းချွတ်ပြီး ပါးစပ်ကို ၎င်းတို့နှင့်အတူ အသင့်ပါလာသော တိပ်အကြည်အပြား(၂)လက်မခန့်ရှိသော တိပ်ဖြင့် ပတ်၍ လည်းကောင်း၊ လက်နှစ်ဖက်ကိုလည်း လက်ကောက်ဝတ်မှတိပ်များဖြင့် ရစ်ပတ်ထားသည်။

ထိုနောက် အိမ်သာအခန်းအတွင်း ထည့်ပြီး အပြင်မှ အိမ်သာတံခါးပိတ် ချက်ထိုးထားခဲ့သည်။ အမျိုးသား(၃)ဦး ဆိုင်အတွင်းမှ ဆိုင်ကယ်မောင်းထွက်သံကြားမှ မဝေနင်းဖြူက ပါးစပ်ပိတ်ထားသောတိပ်များကို လက်ဖြင့်ဆွဲခွာ၍ လက်ကောက်ဝတ်







ဝေနင်းဖြူမှ အကြောင်းစုံပြောပြရာ ငွေကျပ်(၃၀၀၀၀)တန် ရွှေလက်စွပ်မောင်းကွင်း (၂)ကွင်း၊ ငွေကျပ်(၆၀၀၀၀)တန် ရွှေလက်စွပ်မောင်းကွင်း (၁)ကွင်း၊ တန်ဖိုး ငွေကျပ်(၁၆၀၀၀၀)ခန့်ရှိ ၀၉-၇၉××××၊ ၀၉-၉၇×××ဆင်းကတ်နှစ် ကတ်ပါ HUAWEI Y-6 အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ကောင်တာခြင်းထဲတွင် ရောင်းရငွေကျပ်(၁၅၀၀၀)၊ ကိုရန်နိုင်

ပတ်ထားသော တိပ်များကို မိမိပါးစပ်ဖြင့် ကိုက်ဖြတ်ပြီး ပတ်ဝန်းကျင်အား အော်ခေါ်အကူအညီတောင်းခံခဲ့ရာ မည်သူတစ်ဦးတစ်ယောက်မှ ရောက်မလာခဲ့၍ (၈)ပေခွဲခန့်မြင့်သော အိမ်သာဘေးနံရံများကို တွယ်တက်ခဲ့ပြီး အပြင်သို့ထွက်ခဲ့ရသည်။

အပြင်ရောက်သောအခါ ပတ်ဝန်းကျင်အား ထပ်မံအော်ဟစ်အကူအညီတောင်းခံခဲ့ရာ အသက်(၆၀)နှစ်၊ ဝန်းကျင်ခန့်ရှိသော အမျိုးသားတစ်ဦး ရောက်လာသဖြင့် ၎င်းရင်ဆိုင်နေရသော ဖြစ်စဉ်ကိုပြောပြနေစဉ် ခင်ပွန်းဖြစ်သူ ကိုရန်နိုင်စိုး ရောက်လာပြီး

စိုး၏ နိုင်ငံသားမှတ်ပုံတင်ကတ် (၁)ခု၊ စုစုပေါင်းတန်ဖိုး ငွေကျပ်(၂၉၅၀၀၀)ခန့်တို့အား ယူဆောင်သွားပြီး စီးလာသော ဆိုင်ကယ်ဖြင့် ပြန်လည်မောင်းပြီး ထွက်သွားသူ (လူမြင်မှတ်မိ)အမည်မသိ အမျိုးသား (၃)ဦးအား စုံစမ်းအရေးယူပေးပါရန် မဝေနင်းဖြူ၏ ခင်ပွန်း ကိုရန်နိုင်စိုးမှ တိုင်တန်းခဲ့ရာ အမှုစစ်စခန်းမှူး ဒုရဲမှူး နိုင်နိုင်ငြိမ်း၊ ကျောက်တန်းမြို့ရဲစခန်းမှ (ပ)၁၈၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆/၁၁၄ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ပြီး တရားလိုနှင့် သက်သေတို့အား စစ်ဆေးခြင်း၊ အခင်းဖြစ်အရပ် သွားရောက်စစ်ဆေးခြင်း၊ တရားခံဖမ်းဆီးရမိရေးအတွက် ခဲပန်းချီရေးဆွဲ၍ လိုက်လံစုံစမ်းခြင်းနှင့် အခြားရဲစခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်နေကြောင်း သိရှိရသည်။

ထွန်းထွန်းနိုင်(ကျောက်တန်း)

### လုပ်ငန်းခွင်ရှိ ကရိန်းယာဉ်မှ စတီးကြိုးပြတ်ပြီး

# တာဝန်ခံအိန္ဒိယနိုင်ငံသား ဒဏ်ရာရရှိမှုဖြစ်ပွား

၅-၆-၂၀၁၈ ရက်နေ့ နံနက် ၉ နာရီအချိန်ခန့်တွင် ဦးကြည်အောင်(၆၅)နှစ်၊ မန်နေဂျာ၊ သစ်ပါးလွှာနှင့်အထပ်သားစက်ရုံ၊ (၁၃၃)လမ်း၊ အောင်ဇေယျာအိမ်ရာ၊ (၂၆)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်နေသူသည် စက်ရုံအတွင်း မန်နေဂျာအဖြစ် တာဝန်ဆောင်ရွက်နေစဉ် သစ်အချောစက် တာဝန်ခံအိန္ဒိယနိုင်ငံသား Mr.gurudas Mondal (၄၈)နှစ်၊ မင်းသိဒ္ဓိကျော်စွာလမ်း၊ စက်မှုဇုန် (၁၁၈)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်နေသူမှာ ဦးခေါင်းငယ်ထိပ် (၃)လက်မခန့်ပေါက်ပြဲသွေးထွက်ဒဏ်ရာ (၁)ချက်၊ ဝဲနားစုတ်ပြဲဒဏ်ရာ (၁)ချက်၊ မေးစေ့ဝဲဘက်စုတ်ပြဲဒဏ်ရာ (၁)ချက်တို့ရရှိ၍ လဲကျနေကြောင်း ကြားသိလိုက်ရ၏။

ထို့ကြောင့် သွားရောက်ကြည့်ရှုပြီး သဃ်န်းကျွန်း(စံပြ)ဆေးရုံသို့ ပို့ဆောင်မေးမြန်းရာ ချမ်းမြေ့လှိုင်(၂၁)နှစ်၊ ကရိန်းယာဉ်အကူ၊ သစ်ပါးလွှာနှင့် အထပ်သားစက်ရုံဝင်း၊ မင်းသိဒ္ဓိကျော်စွာလမ်း၊ စက်မှုဇုန်၊ (၁၁၈)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်နေသူမှ ကရိန်းယာဉ် Sany အမျိုးအစား 3E/×××အဝါရောင်ယာဉ်ဖြင့် စက်ရုံဝင်းအတွင်း ဘွိုင်လာအိုးအဟောင်းအား နေရာရွှေ့ပြောင်းသယ်ဆောင်နေသည်ကို အိန္ဒိယနိုင်ငံသား Mr.Gurudas Mondal မှ လုပ်ငန်းများကြီးကြပ်နေစဉ် ဘွိုင်လာအိုးအား ဝန်ချီမယူရာ၌ အသုံးပြုသည့် စတီးကြိုး (၅ မူးလုံးကြိုး)အဟောင်းမှာ ပြတ်ကျသွားသဖြင့် ဘွိုင်လာအိုးဘေးတွင် မှီ၍ထောင်ထားသော အရှည် ၁၅ ပေခန့်၊ ထု ၄.၂ လက်မခန့်ရှိ ဟင်ဂလန်သံချောင်း လဲကျပြီး အိန္ဒိယနိုင်ငံသား Mr Gurudas Mondal ၏ ဦးခေါင်းအား ထိခိုက်မိသွားခဲ့သည်။

အဆိုပါ ထိခိုက်မှုကြောင့် အိန္ဒိယနိုင်ငံသားမှာ သဃ်န်းကျွန်း(စံပြ)ဆေးရုံတွင် အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် တက်ရောက်ကုသနေရာမှ မြောက်ဥက္ကလာပဆေးရုံသို့ လွှဲပြောင်းကုသရကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း ကရိန်းယာဉ်အား ပေါ့လျော့စွာမောင်းနှင်သူ ချမ်းမြေ့လှိုင်အား အရေးယူပေးရန် ဦးကြည်အောင်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဒဂုံအရှေ့မြို့မရဲစခန်းမှ (ပ)၇၀၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈/၃၃၇ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ရဲအုပ် လှကိုမှ ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးမင်း



www.free4reader.com

# မယုံလည်း ပုံပြင်မဟုတ်တဲ့ တကယ့်ဖြစ်ရပ်များ

ဤစာမျက်နှာပါ သတင်းဖြစ်ရပ်များသည် ယုံချင်စရာမဟုတ်သော်လည်း ပုံပြင်မဟုတ်တဲ့ တကယ့်ဖြစ်ရပ်များကို သက်သေခံပုံများနှင့် ဗဟုသုတအဖြစ် ဖော်ပြထားပေးခြင်း ဖြစ်ပါသည်။

**အံ့ဖွယ်သတင်း**

စုစည်းမှုအယ်ဒီတာ

(၁)

**ပျောက်သွားတဲ့(၃)နှစ်သားကလေးကို ရန်မရှာဘဲ ရန်သူကင်းအောင် စောင့်ရှောက်ထားတဲ့ခွေးကို ရဲတပ်ဖွဲ့က ဂုဏ်ထူးဆောင် ဆုချီးမြှင့်**

တိရစ္ဆာန်မှာလည်း ကြင်နာစိတ်ရှိကြောင်း ပြောပြလိုက်တဲ့ဖြစ်ရပ်ပါ။ ဩစတြေးလျတောရိုင်းမြေထဲတွင် လမ်းပျောက်နေသည့် သုံးနှစ်အရွယ်မိန်းကလေးကို ကယ်ဆယ်ရေးသမားများက ရှာတွေ့သည့်အချိန်အထိ တစ်ညလုံး ဘေးကင်းစေရန် စောင့်ရှောက်ပေးခဲ့သော ခွေးတစ်ကောင်ကို ဧပြီ ၂၁ ရက်တွင် ရဲတပ်ဖွဲ့က ဂုဏ်ထူးဆောင် ဆုချီးမြှင့်လိုက်ကြ၏။

အသက်(၁၇)နှစ်ရှိပြီဖြစ်သည့် ထိုခွေးသည် နားမကြားသည့်အပြင် တစ်စိတ်တစ်ပိုင်း မျက်စိကွယ်နေသည်ဟု သိရသည်။



ဖြစ်စဉ်မှာ ကွင်းစလန်းပြည်နယ်ထဲရှိ ကျေးလက်နေအိမ်တစ်လုံးမှ အော်ရိုရာအမည်ရှိ ကလေးငယ်သည် တောရိုင်းမြေထဲသို့ သွားရောက်ကာ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ဧပြီ ၂၀ ရက်တွင်မှု ထိုကလေးအား အရေးပေါ် ကယ်ဆယ်ရေးသမားများက ခြေကျင်သော်လည်းကောင်း၊ ဝေဟင်မှသော်လည်းကောင်း ရှာဖွေခဲ့ကြသည်။ Blue heeler ခွေးမျိုးဖြစ်သော မက်စ်သည် မိုးရွာနေခဲ့သည့် အဆိုပါတစ်ညလုံးလုံး ကလေးနှင့်အတူရှိနေခဲ့ပြီး ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် ၎င်းတို့ကို ပြန်တွေ့ခဲ့ကြခြင်းဖြစ်သည်။ အဘွားဖြစ်သူသည် ကလေး၏ အသံကို ဦးစွာကြားခဲ့ပြီးနောက် မက်စ်ကို တွေ့လိုက်ရကြောင်း၊ မက်စ်က အဘွားကို ကလေးထံ ခေါ်သွားခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့မှာ မက်စ်ကို ဂုဏ်ထူးဆောင်ခွေးအဖြစ် ချီးမြှင့်ရေးအတွက် အလျင်အမြန် လုပ်ဆောင်ခဲ့ကြသည်။ နေအိမ်၏ နှစ်ကီလိုမီတာ(တစ်မိုင်)အကွာတွင် ပြန်တွေ့ခဲ့သော ကလေးမှာမူ ပွန်းပဲ့ရာအနည်းငယ်ဖြစ်ပွားသည်မှအပ ကျန်းမာရေးကောင်းမွန်သည်ဟု AFP သတင်းအရ သိရ၏။

(၂)

**သူတောင်းစားတွေကို အထင်မသေးနဲ့ သူတို့က ဈေးကွက်စီးပွားရေးကောင်းသူများဖြစ်ပြီး သူတောင်းစားတစ်ဦး၏ ဘဏ်စုငွေ ပေါင်တစ်သန်းခန့် ရှိသတဲ့**

နိုင်ငံတကာတွင် တောင်းစားသူများရှိနေကြရာ ထိုတောင်းရမ်းစားသောက်သူများကို အိမ်ခြေရာမဲ့ မရှိဆင်းရဲသားများဟု အများက မြင်ခဲ့ကြသော်လည်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့တွင် တောင်းရမ်းစားသောက်ခြင်းလုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နေကြောင်း လူအတော်များများက သတိထားနေကြပြီဖြစ်၏။

ရန်ကုန်မြို့တွင်း မြို့လယ်၌ တောင်းရမ်းစားသောက်သူ၏ တစ်နေ့ဝင်ငွေသည် ကျပ်တစ်သောင်းမှ ကျပ်သုံးသောင်းကျော် အထိရှိကြောင်း၊ အိမ်ပိုင်၊ မြေပိုင်၊ အသုံးအဆောင်ပစ္စည်းအစုံအလင်နှင့် ဇိမ်ကျကျနေထိုင်နိုင်လာသော တောင်းရမ်းသူများသည် နည်းမျိုးစုံနှင့် သရုပ်ဆောင်ကြလျက် အမှုအရာသာ အရင်းအနှီးရှိပြီး မိသားစုကို တောင်းရမ်းပြီး ရှာဖွေကျွေးမွေးနိုင်ကြောင်း သိရ၏။

တောင်းရမ်းသူများသည် နယ်မြေအပိုင်စားခွဲခြားထားမှုရှိပြီး နယ်မြေအပိုင်စား၏ ခေါင်းပုံဖြတ် မိုက်ကြေးခွဲမှုလည်းရှိသည်ဟု သိရ၏။ ရုံးဝန်ထမ်းအရာရှိတစ်ဦးပင် ဝယ်မစားနိုင်သော အစာကို တောင်းရမ်းသူများက ညပိုင်းအလုပ်သိမ်းချိန်၌ ဝယ်ယူစားသောက်နိုင်ပြီး တောင်းရမ်းစားသူအမျိုးသားဖြစ်ပါက ညအချိန်တွင် ဝတ်ကောင်းစားကောင်းဖြင့် လူမသိသေဒေသ၌ ဘီယာ



ဆိုင်၊ ပြည့်တန်ဆာများနှင့် ပျော်ပါးနိုင်သည် အထိ ငွေကိုသုံးနိုင်ကြောင်း သိရ၏။

ထို့အတူ ယခု ဖြစ်စဉ်ကို ဖော်ပြရလျှင် လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့တွင် တောင်းရမ်းစားသောက်နေသည့် အဘွားအိုတစ်ယောက် သေဆုံးချိန်၌ အလောင်းအနီးတွေ့ ရှိရသည့် ရွှေ ငွေနှင့် ဘဏ်စုငွေစာအုပ်တို့ကြောင့် အဘွားအို၏ပိုင်ဆိုင်မှုကို ရဲများနှင့် တာဝန်ရှိသူများက စစ်ဆေးသိရှိခဲ့ကြ၏။

ထိုသူတောင်းစားအဘွားအိုမှာ အသက်(၅၂)နှစ်အရွယ်ဖြစ်ပြီး ရုတ်တရက်သေဆုံးခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က တောင်းရမ်းစားသောက်သူ အဘွားအို သေဆုံးမှုကို သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးရာမှ တောင်းရမ်းခြင်း လုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နေခြင်းကို အထောက်အထားခိုင်လုံစွာဖြင့် သိရှိခဲ့ကြ၏။





သေမှုသေခင်းဖြင့် စစ်ဆေးသော ရဲအရာရှိများက သေဆုံးသွားသည့် တောင်းရမ်းသူ အဘွားအို လွယ်အိတ်နှစ်လုံးအတွင်းမှ ငွေများနှင့်ဘဏ်စာအုပ်ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း၊ အဘွားအိုမှာ လက်နှစ်ဖက်မရှိဘဲ ခြေထောက်များကိုသာ အားကိုးပြုသွားလာရင်း တောင်းရမ်းနေရသူဖြစ်သည်ဆို၏။ သေဆုံးသူ၏ အမည်ဖြင့် ဘဏ်စာအုပ်ကို တွေ့ရှိရ၍ စစ်ဆေးရာ စုဆောင်းငွေ ပေါင်တစ်သန်းခန့်ရှိကြောင်း သိခဲ့ရ၏။

သေဆုံးသူ အဘွားအို၏ ဆွေမျိုးသားချင်းများကို ရဲတပ်ဖွဲ့က ဆက်သွယ်စုံစမ်းရာ နိုင်ငံမြောက်ပိုင်းမှ အဆက်အသွယ်ရခဲ့သည်။ အဘွားအို၏ လက်နှစ်ဖက်သည် လက်ဘနွန်ပြည်တွင်းစစ်ကာလအတွင်း ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်းနှင့် အဘွားအိုထံ၌ စုဆောင်းငွေ ဤမျှအထိရှိသည်ကို ဆွေမျိုးသားချင်းများ မသိဟု Internet 23-5-2018 ထဲတွင် ပါလာ၏။

(၃)

**ရွေးကောက်ပွဲ မဲဆွယ်စဉ်ကပေးခဲ့တဲ့ စကားကတိအတိုင်း လုပ်မပေးလို့ မြို့တော်ဝန်ကို မြို့တော်ခန်းမထဲ လူအုပ်ကြီးက ဖမ်းပြီးတောင်းဆို**

အံ့ဩစရာ ထူးခြားအဖြစ်တစ်ခုပါ။ မက္ကဆီကိုမြို့တော်ဝန်တစ်ဦးသည် ရွေးကောက်ပွဲကတိများကို မဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် မြို့တော်ခန်းမထဲတွင် ဒေသခံများ၏ ဖမ်းချုပ်ပိတ်လှောင်ထားခြင်းခံခဲ့ရပြီး ပြန်ပေးငွေပေးအပ်မှသာ ပြန်လည်လွတ်မြောက်လာခဲ့သည်ဟု သိရ၏။

Chichiquila မြို့၏ မြို့တော်ဝန် အယ်လ်ဖွန်ဆိုဟာ နန်ဒေ့ဇ်မွန်တီရယ်လ်သည် သက်တမ်းပြည့်ရန် ငါးလသာကျန်တော့သည့်အချိန်အထိ ရွေးကောက်ပွဲတွင် ပေးခဲ့သည့်ကတိများကို မဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် ဒေသခံများက မြို့တော်ခမ်းမရှေ့တွင် ဆန္ဒထုတ်ဖော်ကာ ရွေးကောက်ပွဲကတိများကို ဖြည့်ဆည်းပေးရေးအတွက် တောင်းဆိုခဲ့ကြ၏။ သို့သော် ဆန္ဒထုတ်ဖော်သူအရေအတွက်က ရဲအင်အားထက် များပြားလာပြီး မြို့တော်ခန်းမထဲသို့ ဝင်ရောက်၍ မြို့တော်ဝန်ကိုဖမ်းဆီးထားခဲ့ကြ၏။ ဒေသခံများက အယ်လ်ဖွန်ဆို၏ ရွေးကောက်ပွဲကတိများကို ပြီးမြောက်အောင် လုပ်ဆောင်ရန် လိုအပ်သည့် ဒေါ်လာ ၅၀၆၀၀၀ ကို ပြန်ပေးငွေအဖြစ် တောင်းခံခဲ့ကြရာ နာရီပေါင်းများစွာ ညှိနှိုင်းပြီးနောက်မှ အယ်လ်ဖွန်ဆိုက ဒေါ်လာ ၁၅၂၀၀၀ ကို ဦးစွာပေးထားပြီး ကျန်ရှိသည့် ပြန်ပေးငွေကို လာမည့်ရက်များတွင် ပေးသွားရန် သဘောတူညီလိုက်သည်ဟု ဆို၏။

သို့သော် အစိုးရအဖွဲ့က မြို့တော်ဝန်အတွက် ပြန်ပေးငွေပေးအပ်ခဲ့ရခြင်းမရှိဘဲ ဆန္ဒပြသူများက ၎င်းတို့စိတ်ဆန္ဒအလျောက် ပြန်လွှတ်ပေးခဲ့ခြင်းသာ ဖြစ်သည်ဟုလည်း ဆိုကြောင်း 26-5-2018 ရက်နေ့ထုတ် သတင်းတွင် ပါလာ၏။

(၄)

**ယုံချင်ယုံ မယုံချင်နေ ကမ္ဘာ့စံချိန် တင်ရန် ရပ်ရှင်စတန့်သမား(၃၂)နှစ်ဦးက မိမိတို့ ကိုယ်ကိုယ် တစ်ပြိုင်တည်းမီးရှို့**

တောင်အာဖရိကနိုင်ငံ Cape Town မြို့ရှိ Grand Parade တွင် ရုပ်ရှင်စတန့်သမား(၃၂)ဦးသည် လူအများစုဆုံး စုစည်းကာ ခန္ဓာကိုယ်များ မီးရှို့သည့်ကမ္ဘာ့စံချိန်တင်နိုင်ရန် ၎င်းတို့ခန္ဓာကိုယ်များကို တစ်ပြိုင်တည်းမီးရှို့ပြခဲ့ကြကြောင်း သိရ၏။

Paradigm Shift Special Effects အဖွဲ့မှ ကီဗင်ဘစ်တာစ်၊ ဂရမ့်ပိုဝဲလ်၊ ဗာနွန်ဝီလင်ဆီတို့က ဦးဆောင်ခဲ့သော စံချိန်သစ်တင်ရန် ကြိုးပမ်းမှုသည် ၎င်းတို့ရုပ်ရှင်စတန့်သမားများ၏ စွမ်းရည်ကို လူသိအောင်လုပ်ဆောင်ရန်၊ ကမ္ဘာ့အဆင့်မီ စွမ်းရည်ရှိသောစတန့်သမားအဖွဲ့ကို ဖွဲ့စည်းနိုင်ရန်၊ အတူတကွပျော်ရွှင်နိုင်စေရန် ရည်ရွယ်သည်ဟုဆို၏။ သို့သော်လည်း စတန့်သမားများ၏ အန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ပြင်ဆင်မှုပေါင်းများစွာ လုပ်ဆောင်ခဲ့ရပြီး မီးကာဝတ်စုံများ ဝတ်ဆင်ခြင်း၊ ဂျယ်လ်များကိုအနံ့လိမ်းခြင်းတို့ ပြုလုပ်ကာ ကြိုတင်စမ်းသပ်ခဲ့ကြရသေး၏။ စံချိန်တင်ရန် ကြိုးပမ်းချိန်တွင် ခန္ဓာကိုယ်မှ မီးတောက်နေသည့် စတန့်သမား(၃၂)ဦး၏

>>> စာမျက်နှာ(၁၀)သို့



www.free4reader.com



# ဥပဒေစာတိုက်




ဦးအာကာ
(တရားလွှတ်တော်ရှေ့နေ)

၁။ ဆရာခင်ဗျား

၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်နေ့ထုတ် မှုခင်းသတင်းဂျာနယ် စာမျက်နှာ ၁၁ မှာ "နယ်လှည့်ဆေးကုတဲ့ဗိန္ဓောဆရာအတု၊ အစိတ္တာနှ်ခွက်ထဲက ရွှေထည်တွေယူပြေးလို့ ဖမ်းကြရာ မိပြီတဲ့"ဆိုတဲ့ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ ဒီသတင်းမျိုးတွေကို မကြာခဏ ကြားရတတ်တာမို့ ဆရာရဲ့ သဘောထားနှင့် ထင်မြင်ချက်ကို သိချင်ပါတယ်။ ဥပဒေစာတိုက်အခန်းက ပြန်ကြားပေးပါခင်ဗျား။

အောင်အောင်၊ ရေမြို့နယ်။

**ကိုအောင်အောင်သို့**

ဒီလိုအမှုကိစ္စမျိုးကို စိတ်ဝင်စားတာ လေ့လာတာ ဝမ်းသာပါတယ်။ ဒီပြဿနာမျိုးမဖြစ်ဖို့ ရိုးအတဲ့လူတွေကို အသိပေးဖို့ ပညာပေးဖို့ လိုပါတယ်။ ဒီလိုပဲ "အပမှီတယ်၊ လူပြုစားတယ်၊ သိုက်ကလာတယ်" စသည်ဖြင့် ပြောဆိုပြီး လှဲမှားတဲ့နည်းတွေနှင့်ကု၊ မသေသင့်ဘဲ သေသွားတဲ့လူတွေ အများကြီး ရှိတယ်။ အထူးသဖြင့် ပညာတတ်နည်းပါးတဲ့ ခေတ်မီတဲ့အတွေးအခေါ် ခေတ်မီတဲ့ ဆေးဝါးတွေကို နားလည်မှုမရှိကြတဲ့ ဒေသတွေမှာ ဒီလို လိမ်ညာရတာ ပိုပြီး လွယ်ကူတာပေါ့။

အချို့ကျတော့ လောဘကြောင့် ဖြစ်ကြတယ်၊ ဒီလိုပဲ အဲဒီလိုဆရာမျိုးလက်ထဲကို ရွှေ ၂ကျပ်သား၊ ၃ ကျပ်သားထည့်ပေးလိုက်ကြတယ်။ ဆရာက မန်းမှုတ်ပြီး ဖလားလိုဟာမျိုး အိုး၊ ခွက်၊ ကလပ်လိုဟာမျိုး တစ်ခုခုထဲမှာ ဖုံးအုပ်ထားတယ်။ ၃ ရက်ကြာ၊ ၄ ရက်ကြာမှ ဖွင့်ကြည့် နှစ်ဆတိုးသွားလိမ့်မယ်။ အဲဒီလို ပြောပြီး ဆရာက အခြားတစ်နေရာကို ခရီးထွက်သွားလိုက်တယ်။ သူပြောတဲ့နေ့စေ့ရောက်လို့ ကြည့်လိုက်တော့ အထဲမှာ မတိုးပွားတဲ့အပြင် ဘာမှမရှိတော့ဘူး။ အရင်းပါပျောက်ဆုံးသွားတော့တယ်။ ဆရာတုက မျက်လှည့်ပြသလို လုပ်ပြပြီး လိမ်ညာပြီး ယူသွားတော့တာပေါ့။ အချို့ကျေးရွာက မိန်းကလေးချောချော လှလှကလေးတွေဆိုရင်လဲ ဆရာကတော်ဖြစ်ရလဲ မနည်းဘူးဆိုပြီး အဲဒီလိုဆရာမျိုးတွေက ခိုးယူ ခေါ်ယူသွားတတ်ကြတယ်။ ဆရာကတော်မဖြစ်ဘဲ "လူလိမ်လူညာရဲ့မယား"အဖြစ်နှင့် နိဂုံးချုပ်သွားတတ်တယ်။ ကျေးလက်ဒေသတွေမှာ များစွာသတိထားရန် လိုအပ်ပါတယ်။

ဒါမျိုးက ဒီခေတ်မှရှိတာ မဟုတ်ဘူး။ ရှေးခေတ်ကလဲ ရှိခဲ့တာပဲ။ ဆရာဦးပြုံးချိုရဲ့ "နေဇော် လိမ်နည်းအမျိုးမျိုး"ဆိုတဲ့ စာအုပ်ကို ရှာဖွေဖတ်ကြည့်ပါ။ မြန်မာ့ကျေးလက်ဒေသတွေမှာ ဒီလိုနည်းနှင့် လိမ်စားတဲ့ ဆရာတု၊ ဆရာယောင်တွေ အလိမ်ခံခဲ့ရတဲ့ ဇာတ်လမ်းတွေကို အများကြီး တွေ့ရပါလိမ့်မယ်။ အလိမ်အညာမခံရဖို့ စာဖတ်သူများ သိဖို့ လိုပါတယ်။

တူမောင်မေးတဲ့ကိစ္စက မြိတ်ခရိုင် ပုလောမြို့နယ်၊ ပလာဘက်မှာ ဖြစ်တယ်ဆိုတော့ "နေဇော်လိမ်နည်း အမျိုးမျိုး"စာအုပ်ကို ဖတ်ဖူးချင်မှ ဖတ်ဖူးလိမ့်မယ်။ ခေတ်ပညာတတ်လူငယ်တွေက လေ့လာပြီး ပြောပြဖို့ လိုပါတယ်။

အဲဒီကိစ္စကို ရာဇသတ်ကြီးပုဒ်မ ၄၂၀ နှင့် အမှုဖွင့်ထားတယ်လို့ သတင်းထဲမှာ ဖော်ပြထားတာကို ဖတ်လိုက်ရပါတယ်။ စစ်ဆေးပြီး အမှုမှန်ပေါ်ပေါက်လာရင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်လာရင် ဥပဒေအရ ပြတ်ပြတ်သားသား အရေးယူဖို့ လိုအပ်ပါတယ်။

၂။ ဆရာခင်ဗျား

သံတမန်ရေးရာအသုံးအနှုန်းဝေါဟာရတွေကို ဆရာ မရှင်းပြတာ နှစ်ပတ်လောက်ရှိသွားပါပြီ။ ကျွန်တော်တို့ကတော့ အမြဲတန်း စောင့်မျှော်ဖတ်ရှုနေပါတယ်။ ဒီအပတ်မှာ ဆရာအားလပ်ခဲ့ရင် ပြန်ပြီး ရေးပြပေးပါရန် ရှင်းပြပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

သံတမန်ရေးရာ
သင်တန်းသားဟောင်းတစ်ဦး
(B.D.S.,E.D.S)

**သံတမန်ရေးရာသင်တန်းသားဟောင်း တစ်ဦးသို့**

တူမောင်တို့က စိတ်ဝင်တစားစောင့်မျှော် ဖတ်ရှုနေကြတယ်ဆိုတော့ ဆရာမှာလဲ ရေးပြဖို့ရန် တာဝန်ရှိပါတယ်။ တစ်ပိုင်းတစ်စနှင့် ရပ်လိုက်ရင် တာဝန်မကျေပွန်ရာကျ သွားမှာပေါ့။

Outer Space ဆိုတဲ့ ဝေါဟာရဟာ သိပ္ပံပညာနှင့်တော့ နီးစပ်တယ်။ ကမ္ဘာမြေပြင်ကြီးရဲ့၊ ကမ္ဘာကြီးရဲ့ ပြင်ပနေရာဖြစ်ပါတယ်။ Solar System လို့ ခေါ်တဲ့ နေစကြဝဠာကြီးရဲ့ ပြင်ပနေရာကို ခေါ်ဆိုခြင်းလဲ ဖြစ်ပါတယ်။

Override a Veto ဆိုတာက Veto အာဏာတစ်ရပ်အပေါ် လွှမ်းမိုးသွားတာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ Oversight ဆိုတာကတော့ Supervision လို့ အဓိပ္ပာယ်ရပါတယ်။ ကြီးကြပ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ သတိမမူမိတာတို့ မျက်စိလွှမ်းသွားတာတို့ကိုလဲ Oversight ဖြစ်တယ်လို့ သုံးပါတယ်။

ကြံ့ကြိုက်လို့ အတိုကောက်အသုံးအနှုန်းအချို့ကို ဒီအပတ်မှာ ရေးပြလိုက်ပါ့မယ်။

P.C. ဆိုရင် Pour Condoler လို့ ဆိုလိုပါတယ်။ to express Sympathy လို့ ဆိုလိုပါတယ်။ P.F ဆိုရင်တော့ Pour Feliciter ရဲ့ အတိုကောက်ဖြစ်ပါတယ်။ to extend Congratulation ကိုပြတဲ့နေရာမှာ သုံးပါတယ်။ P.M. ကျတော့ Pour Memoire ရဲ့ အတိုကောက်ဖြစ်ပါတယ်။ to remind ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ P.P ကျတော့ Pour prensenter ရဲ့ အတိုကောက် ဖြစ်ပါတယ်။ to introduce လို့ အဓိပ္ပာယ်ရပါတယ်။

P.P.C ဆိုရင်တော့to say goodbye လို့ ပြောခြင်းဖြစ်ပါတယ်။ Pour prendre Conge ရဲ့ အတိုကောက်ဖြစ်ပါတယ်။

P.r. ကျတော့ Pour remercier ဖြစ်ပါတယ်။ to express thanks ဖြစ်ပါတယ်။ ကဲ ··· ဒီအပတ်တော့ ဒီမျှနှင့် ကျေနပ်ပါတော့။

ဦးအာကာ
(တရားလွှတ်တော်ရှေ့နေ)

❖ ❖ ❖

ယုံကြည်ကြသူများက အများအန္တရာယ်ကင်းရေးအတွက်

## မန္တလေး-မူဆယ်လမ်း ယာဉ်တိုက်မှုဖြစ်ပွားလေ့ရှိသည့် လမ်းပိုင်းတွင် အန္တရာယ်ကင်းပရိတ်ရွတ်မေတ္တာပို့အမျှဝေ

**ဇွန် ၉ ရက်နေ့က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ယာဉ်တိုက်မှု မကြာခဏဖြစ်ပွားသဖြင့် ကွတ်ခိုင်-နမ့်ဖတ်ကာလမ်းပိုင်းတွင် အန္တရာယ်ကင်းပရိတ်ရွတ်ခြင်းနှင့် မကျွတ်မလွတ်သေးသော ပရလောကသားများအား မေတ္တာပို့အမျှဝေခြင်းကို ဒေသတွင်းရှိ သံဃာတော်များ ဦးဆောင်ကာ ထိုနေ့ ညနေက ပြုလုပ်လိုက်ကြ၏။**

ကွတ်ခိုင်-နမ့်ဖတ်ကာလမ်းပိုင်းမှ ရှုခင်းသာ-နမ့်ဖတ်လွန်းကြားနေရာသည် ယာဉ်တိမ်းမှောက်မှု မကြာခဏဖြစ်ပေါ်တဲ့ နေရာဖြစ်၍ အန္တရာယ်ကင်းပရိတ်ရွတ်ခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းကို ပြုလုပ်ခဲ့ကြောင်း မေတ္တာရှင်လူမှုကူညီရေးအသင်းက နာယက ဦးကျော်ဝင်းက ပြောပြ၏။

"ကားဆရာတွေရော၊ ခရီးသွားတွေရောက မေတ္တာပို့ပရိတ်ရွတ်ချင်တာလေး လုပ်ချင်တယ်ဆိုတယ်။ ဒီလမ်းပိုင်းမှာ ကားတွေကိုလည်း တစ်ဖက်ကို ဆွဲဆွဲသွားတယ်လို့ သံသယရှိနေကြတာကြောင့် စိတ်လည်းရှင်းသွားအောင် ဆောင်ရွက်လိုက်ကြတာလို့" ၎င်းက ဆက်လက်ပြောပြ၏။

၂၈ မိုင် ရှည်လျားသော ကွတ်ခိုင်-နမ့်ဖတ်ကာလမ်းပိုင်းတွင် ယာဉ်တိမ်းမှောက်မှုနှင့် ယာဉ်တိုက်မှုမကြာခဏဖြစ်ပွားပြီး လူသေဆုံးစေသည်အထိ ပြင်းထန်သည့် ယာဉ်မတော်တဆမှု တစ်လလျှင်သုံးကြိမ်ခန့်အနည်းဆုံးဖြစ်နေကြောင်း ဒေသတွင်းလူမှုကူညီရေးအဖွဲ့များက ပြောကြ၏။

"ဆိုင်ကယ်နဲ့ကားတိုက်တာမျိုး၊ ကားကားချင်းတိုက်တာမျိုးတွေက မကြာခဏဖြစ်နေတယ်"ဟု ယင်းလမ်းပိုင်းမောင်းနှင်သည့် ကုန်ကားမောင်းသူ တစ်ဦးက ပြောသည်။ သံဃာတော် ၁၆ ပါးနှင့် သီလရှင် ၂၁ ပါးက ဇွန်လ ၉ ရက် မွန်းလွဲ ၂ နာရီမှ ၃ နာရီခန့်အထိ မေတ္တာပို့အမျှပေးခဲ့သည်။ ယင်းလမ်းပိုင်းတွင် ယာဉ်တိမ်းမှောက်မှုနှင့် ယာဉ်တိုက်မှုကြောင့် ဇွန်လ ၉ ရက်အတွင်း လူနှစ်ဦး သေဆုံးခဲ့သည်။ ၂၈၇ မိုင်ရှင်သော မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်သည့် အဓိကလမ်းမကြီးဖြစ်သည်ဟု သိရ၏။

၀၀၇





➢➢➢စာမျက်နှာ(၉)မှအဆက်

မြင်ကွင်းသည် ကောင်းကင်ကိုပါ အရောင်ထင်ဟပ် နေသည်ဟု ထင်ရလောက်အောင် ဆန်းပြားသည့်မြင်ကွင်းဖြစ်သော်လည်း ပြီးစီးသွားချိန်၌ မြေပြင်ပေါ်သို့ လှဲချလိုက်သည်နှင့် အနီးတွင် အသင့်စောင့်နေသော အကူက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပေးကြရသည်။ ယခင်စံချိန်မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်က အိုဟိုင်းယိုးပြည်နယ်တွင် လူပေါင်း(၂၁)ဦးက ခန္ဓာကိုယ်များကို မီးရှို့ကာ စံချိန်တင်ထားခဲ့ခြင်းဖြစ်သည်ဟု AP 26-5-2018 ရက်နေ့ထုတ် သတင်းတွင်ပါလာ၏။

(၅)

**ကဲ ဒီလိုလုပ်တော့ ဘာပြောချင်သေးလဲ ဘောလုံးကွင်းထဲ ဝင်ခွင့်မပေးလို့ ကရိန်းတူးပြီး ဘောလုံးပွဲကြည့်ခဲ့တဲ့ ဘောလုံးချစ်သူ**

လူဆိုတာ ဖြစ်ချင်တာကိုဖြစ်အောင် လုပ်လေ့ရှိသလို ခုလည်း ဘောလုံးချစ်သူတစ်ဦးဟာ ဘောလုံးကွင်းထဲ ဝင်ခွင့်ပိတ်ပင်ခံရတော့ ကရိန်းတစ်စီးငှားပြီး ဘောလုံးပွဲ ကြည့်ဖို့ ကြိုးစားခဲ့၏။ အဆိုပါဘောလုံးချစ်သူဟာ Denizlispor ဘောလုံးအသင်းကို သူ့ဘဝတစ်လျှောက်လုံးမှာ အားပေးလာခဲ့ရာ ကွင်းထဲဝင်ဖို့အပိတ်ခံခဲ့ရတာကြောင့် ဘောလုံးကွင်း အပြင်ဘက်မှာ ကရိန်းတစ်စီးကိုငှားပြီး Denizlispor အသင်းရဲ့ အစိမ်းနဲ့ အနက်အလံကို ကိုင်ရင်း သူအရမ်းနှစ်သက်တဲ့အသင်းကို အားပေးခဲ့သူဖြစ်၏။ ထိုပွဲမှာတော့ သူအားပေးတဲ့အသင်းက တစ်ဖက်အသင်းကို (၅-၀)ဂိုးနဲ့ အနိုင်ရရှိခဲ့၏။ ဒါပေမဲ့ ယင်းအမျိုးသားကို ကွင်းထဲပေးမဝင်ရတဲ့အကြောင်းရင်းကိုတော့ သတင်းမှာ ဖော်ပြထားခြင်းမရှိပါဘူး။ တစ်ခါတလေမှာ ဘောလုံးပွဲပရိသတ်တွေဟာ အတန်ငယ်လွန်လွန်ကျူးကျူးအဖြစ်အပျက်တွေကို ပြုလုပ်တတ်ကြပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလကုန်းကလည်း ဘောလုံးပွဲတစ်ခုမှာ Middlesbrough ပရိသတ်တစ်ယောက်ဟာ ရေဘူးထဲ အပေါ့စွန့်ပြီး ယင်းဆီးဘူးကို Queens Park Rangers (QPR) ဂိုးဖမ်းသမားဆီ ပစ်ပေါက်ခဲ့ပါသေးတယ်။ Middlesborugh ပရိသတ်တွေက ပြိုင်ပွဲကြည့်ဖို့အတွက် မိုင်(၂၀၀) လောက်ဝေးတဲ့ ဘောလုံးကွင်းဆီလာခဲ့ကြပြီးနောက် အခုလို မနှစ်မြို့ဖွယ်ရာ အဖြစ်အပျက်ဖြစ်ပွားခဲ့ရတာပါ။

ဂိုးဖမ်းသမားဆီကို ဆီးဘူးပစ်ပေါက်ခဲ့တဲ့သူကိုတော့ တာဝန်ခံတွေက ဖမ်းဆီးလိုက်ပြီး တစ်သက်တာ ဘောလုံးပွဲကြည့်ခွင့်ပိတ်ပင်တဲ့ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ ထိုပွဲမှာတော့ Middlesborough အသင်းဟာ' (၃-၀)မှတ်နဲ့ OPR ကို အနိုင်ရရှိခဲ့ကြောင်း သတင်း၌ ပါလာ၏။

**အံ့ဖွယ်သတင်းစုစည်းမှု အယ်ဒီတာ**

www.free4reader.com



# ၃ ရက်သား မွေးကင်းစကလေးကို မြင်းခြံ ဆေးရုံမှာ ကလေးခိုးပြေးလာသူကို အမြန်လမ်းပေါ်တွင် ဖမ်းလိုက်ပြီ

မြင်းခြံပြည်သူ့ဆေးရုံမှ ပျောက်ဆုံးသွားသော ၃ ရက်သားကလေးငယ်အား ခိုးယူသူအား ဖမ်းဆီးရမိပြီဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၀-၆-၂၀၁၈ ရက်နေ့ ညနေ ၃ နာရီအချိန်ခန့်တွင် မြင်းခြံမြို့နယ်၊ သိမ်ရွာကျေးရွာ ဦးခင်မောင်ဆင့် မဝင်းစန္ဒာတို့၏ သားဖြစ်သူ အသက်(၃)ရက်ရှိ မွေးကင်းစကလေး ကလေးငယ်အား အသဲရောင်အသားဝါကာကွယ်ရန် ဓာတ်ကင်၍ မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသနေရာမှ မဝင်းဆိုသူအမျိုးသမီးမှ ခိုးယူသွားကြောင်း သိရှိရသဖြင့် မြင်းခြံမြို့မရဲစခန်းမှ (ပ)၃၅၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ





၃၆၃ ဖြင့် အမှုဖွင့်စစ်ဆေး၍ တရားခံအား လိုက်လံစုံစမ်းနေစဉ် ၁၁-၆-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် မသင်္ကာတရားခံ အမျိုးသမီးတစ်ဦးအား ကလေးငယ်တစ်ဦးနှင့်အတူ မြင်းခြံကားကြီးကွင်းအတွင်းမှ တွေ့ရှိကြောင်း သတင်းအရ မြင်းခြံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် နိုင်ဝင်းထွန်းနှင့် ရဲမေ ရဲတပ်သား အိသန္တာထွန်း။ ရဲတပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စုံစမ်းရာဖွေရာ ရွှေမန်းသူကားဂိတ်တွင် မြင်းခြံမှ ရန်ကုန်သို့ မမြင့်မြင့်မော်မှာ ကလေးငယ်တစ်ဦးဖြင့် ယာဉ်အမှတ် 6H/×××× Express ကား ခုံအမှတ် ၄၅ တွင် လိုက်ပါသွားကြောင်း စုံစမ်းသိရှိရသဖြင့် အဆိုပါကား၏ ယာဉ်ကြီးကြပ် ဦးဝင်းဆွေအား ဆက်သွယ်စုံစမ်းရာ ကားမှာ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၅ တွင် ရောက်ရှိနေကြောင်း သိရှိရသဖြင့် အမှတ်(၃)အမြန်လမ်းမကြီး ရဲစခန်းသို့ ဆက်သွယ်၍ အဆိုပါရွှေမန်းသူကားအားတားကာ ခုံအမှတ် ၄၅ တွင် လိုက်ပါလာသူ မမြင့်မြင့်မော်အား စစ်ဆေးပေးပါရန် အကြောင်းကြားပြီး ဒုရဲအုပ် နိုင်ဝင်းထွန်းနှင့်အဖွဲ့မှ အဆိုပါကားနောက်သို့ လိုက်သွားခဲ့ကြောင်း မြင်းခြံမြို့မရဲစခန်းမှ သိရသည်။

၁၁-၆-၂၀၁၈ ရက်နေ့ နံနက် ၃ နာရီ ၄၅ မိနစ်အချိန်တွင် အမှတ် ၃ အမြန်လမ်းမကြီးရဲစခန်းမှ ရဲအုပ် အောင်သင်းဦးမှ အဆိုပါကားအား တားဆီး၍ စစ်ဆေးရာ ခုံအမှတ် ၄၅ တွင် လိုက်ပါလာသူ မမြင့်မြင့်မော်မှာ ကလေးတစ်ဦးအား ခိုးယူလာကြောင်း သိရှိရပြီး အမျိုးသမီးအား ထိန်းသိမ်းထားကြောင်း ဒုရဲအုပ် နိုင်ဝင်းထွန်းနှင့်အဖွဲ့မှ အဆိုပါရဲစခန်းသို့သွားရာ အမြန်လမ်းပေါ်အရောက်တွင် အကြောင်းကြားလာ၍ သိရှိခဲ့ပြီး ဒုရဲအုပ် နိုင်ဝင်းထွန်းနှင့်အဖွဲ့မှာ ၁၁-၆-၂၀၁၈ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် အမြန်လမ်း အမှတ်(၃) ရဲစခန်းသို့ ရောက်ရှိကာ အမျိုးသမီးနှင့် ကလေးငယ်အား ဦးခင်မောင်ဆင့်အား ပြသ၍ စိစစ်ခဲ့ရာ ပျောက်ဆုံးသွားသော မွေးကင်းစကလေးငယ်ဖြစ်ကြောင်း တွေ့ရှိရပြီး ကလေးငယ်ခိုးယူသူ မမြင့်မြင့်မော်(၄၂) နှစ်၊ မြင်းခြံမြို့ မီးရထားဝန်း အမှတ်(၁၇) နေသူဖြစ်ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

အမှတ်(၃)အမြန်လမ်းမကြီးရဲစခန်းမှ ဒုရဲအုပ် နိုင်ဝင်းထွန်းထံသို့ ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲအချိန်တွင် လွှဲပြောင်းပေးအပ်ခဲ့ရာ ဒုရဲအုပ် နိုင်ဝင်းထွန်းနှင့်အဖွဲ့ ပြန်လည်ရောက်ရှိချိန်တွင် ဥပဒေအရ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြင်းခြံမြို့မရဲစခန်းမှ သိရသည်။

ဘိုဘို(မလှိုင်)

# ယာဉ်မဆင်မခြင် မောင်းနှင်မှုကြောင့် အသက်(၈၀)ကျော်အဘိုး သေဆုံးရတဲ့ဖြစ်ရပ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းရဲစခန်းအပိုင် မြောက်ဘက်(၄)ဖာလုံခန့်အကွာ ကညွတ်ကွင်းနောက် (၂)ရပ်ကွက်၊ ဗိုလ်တဲရပ်ကွက်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိ၍ တာဝန်မှူး ရဲအုပ် ညွန့်လင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဦးသန့်ဇင်အေး(၃၈)နှစ်၊ စျေးရောင်း၊ စျေးတန်းပေါင်းရပ်ကွက်နေ ဦးခင်မောင်ဝင်း၊ အုပ်ချုပ်ရေးမှူး၊ ကွင်းနောက်(၂)ရပ်ကွက်နေသူတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်ရပ်တွင် ရန်ကုန်-မန္တလေးပုံမှန်လမ်း မိုင်တိုင်အမှတ်(၁၃၂/၂)အနီးတွင် ကညွတ်ကွင်းမြို့ဘက်မှ ညောင်ပင်သာမြို့ဘက်သို့ တောင်မှမြောက်ဘက်သို့ ယာဉ်မောင်း ရန်နောင်စိုး(၃၃)နှစ်၊ လင်ကျေးရွာ၊ ကညွတ်ကွင်းမြို့နေသူ မောင်းနှင်လာသော CANTER ယာဉ်အမှတ် YGN 51/××× (အဖြူရောင်) (၆)ဘီးယာဉ်မှ ဗိုလ်တဲရပ်လမ်းကြားလမ်းအနောက်ဘက်ခြမ်းမှ လမ်းအရှေ့ဘက်ခြမ်းသို့ ယောက်ျားစီးစက်ဘီး စီးနင်းလျက်လမ်းဖြတ်ကူးသူ ကညွတ်ကွင်းမြို့ ဗိုလ်တဲရပ်ကွက်နေ ဦးဖိုးသောင်း(၈၆)နှစ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးဖိုးသောင်းတွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ ယာခြေဖမိုးပေါက်ပြဲဒဏ်ရာ၊ ဝဲတင်ပဆုံပွန်းဒဏ်ရာများရရှိခဲ့ပြီး ၂၁-၅-၂၀၁၈ ရက်နေ့ မွန်းလွဲ ၁ နာရီ ၄၀ မိနစ်အချိန် ကညွတ်ကွင်းတိုက်နယ်ဆေးရုံသို့ ဆေးစာရေးသားပေးပို့စဉ် ဆေးရုံအရောက်တွင် သေဆုံးခဲ့ပြီး စက်ဘီးမှာ ရှေ့ခွေပြုတ်၊ နောက်ခွေလိမ်ပြီး ပျက်စီးဆုံးရှုံးတန်ဖိုးမှာ ငွေကျပ်(၁၀၀၀၀)ခန့် ပျက်စီးခဲ့ရာ ယာဉ်မဆင်မခြင်မောင်းနှင်သူ ရန်နောင်စိုးအား အရေးယူပေးပါရန် တာဝန်မှူး ဒုရဲအုပ်ညွန့်လင်းမှ တိုင်တန်းသဖြင့် ကညွတ်ကွင်းမြို့မရဲစခန်းမှ (ပ)၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က အရ အမှုဖွင့်ထားရှိပြီး ရန်နောင်စိုးအား ဖမ်းဆီးထားပြီး အခင်းဖြစ်ရပ်အား ဓာတ်ပုံရိုက်၍ ရဲလုပ်ငန်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ပေါင်းချိန်(ကညွတ်ကွင်း)

# လှိုင်သာယာမှာ Taxi ယာဉ်မောင်းကို တွန်းချပြီး ကားလုယက်သွားမှု

## ရဲတပ်ဖွဲ့က အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့ရှာဖွေရာ တိုက်ကြီးမြို့နယ်မှာ ကားနဲ့အတူ ကျူးလွန်သူတွေကိုဖမ်းမိ

ဦးရိုမာနူး(၅၇)နှစ်၊ ယာဉ်မောင်း။ ဦးမောင်ဆင့်လမ်း၊ ရဲသူတောင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေသူသည် တစ်ရက်လျှင် ငွေကျပ်(၁၁၀၀၀)နှုန်းဖြင့် တက္ကစီ ယာဉ်မောင်း လုပ်ငန်းလုပ်ကိုင်နေစဉ် ၃-၆-၂၀၁၈ ရက်နေ့ ည ၁၀ နာရီခွဲအချိန် ယာဉ်အမှတ် 7E/××××Probox အမျိုးအစား အဖြူရောင်(၄ဘး) ယာဉ်အား မောင်းနှင်လာခဲ့ရာ အလုံမြို့နယ်၊ သစ်တောမှတ်တိုင်အနီးအရောက်တွင် အမည်မသိ အမျိုးသား(၂)ဦးက လှိုင်သာယာမြို့နယ်၊ သမကုန်းသို့ ငွေကျပ်(၅၀၀၀)ဖြင့် ငှား၍ လိုက်သွားခဲ့ကြောင်း။ ထိုသို့လိုက်သွားစဉ် ည ၁၁ နာရီခွဲအချိန်ခန့် လှိုင်သာယာမြို့နယ်၊ သမကုန်းသို့ ရောက်ရှိစဉ် လမ်းအတွင်းဘက်သို့ မောင်းဝင်ပေးရန်ပြော၍ ဝဲဘက်သို့ကွေ့ပြီး ဝင်ပေးခဲ့ရာ အနော်ရထာလမ်းနှင့် ဆိပ်ကမ်းသာလမ်းအရောက်၌ ယာဉ်နောက်ခန်း၌ထိုင်၍ လိုက်လာသူက လည်ပင်းအား သိုင်းဖက်ပြီး ယာဉ်ရှေ့ခန်းတွင် ထိုင်၍ လိုက်ပါလာသူက ကားအား သော့ပိတ်ကာ ကားတံခါးဖွင့်၍ ဦးရိုမာနူးအား ဆင်းခိုင်းပြီး ကားမောင်းထွက်ပြေးသွားခဲ့သည်။အဆိုပါကားနှင့်အတူ ဖိုးတက်(၁)ခု၊ ယာဉ်မောင်းလိုင်စင်ကတ် (၁)ခု၊ လုပ်ငန်းလိုင်စင်တို့ပါရှိသွားပြီး ကားတန်ဖိုးမှာ ငွေကျပ်(၁၃၅)သိန်းခန့်ရှိကြောင်းနှင့် ယာဉ်နောက်ခန်းတွင် လိုက်ပါလာသူမှာ အသက်(၃၀)နှစ်ခန့်၊ ဆံပင်နက်(ဘိုကေ)၊ နဖူးသင့်၊ မျက်ခုံးကောင်း။ နှာတံပေါ်၊ မျက်နှာဝိုင်း၊ အသားလတ်၊ အရပ်(၅)ပေ (၅)လက်မခန့်၊ ယာဉ်ရှေ့ခန်းတွင်ထိုင်၍ လိုက်ပါလာသူမှာ အသက်(၂၅)နှစ်ခန့်၊ ဆံပင်နက် (ဘိုကေ)၊ နဖူးကျယ်၊ မျက်ခုံးပါး၊ မျက်နှာသွယ်၊ အသားညို၊ ခန္ဓာကိုယ်သင့်၊ အရပ်(၅)ပေ ၄ လက်မခန့်ဖြစ်ပြီး ၎င်းအမည်မသိ အမျိုးသား(၂)ဦးအား အရေးယူပေးရန် ဦးရိုမာနူးမှ တရားလိုပြုလုပ်တိုင်တန်း၍ သောင်ကြီးနယ်မြေရဲစခန်းမှ (ပ)၅၉၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂/၁၁၄ ဖြင့် အမှုဖွင့်ပြီး အမှုစစ် နယ်မြေစခန်းမှူး ရဲအုပ် မြင့်ဇော်ဦးမှ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါအမှုဖြစ်စဉ်နှင့်ပတ်သက်၍ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြတ်စိုး ဦးဆောင်၍ သောင်ကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ် လှမျိုးအောင်နှင့်တပ်ဖွဲ့ဝင်များသည် တရားလိုအား အသေးစိတ်စစ်ဆေးမေးမြန်းကာ အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးခဲ့ပြီး ပါဆုံးသွားသည့် 7E/××××Probox ယာဉ်နှင့် ပတ်သက်၍ Control Center နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ပါဆုံးသွားသော7E/×××Probox ယာဉ်မှာ ၃-၆-၂၀၁၈ ရက်နေ့ ည ၁၀ နာရီ ၅၆ မိနစ်အချိန် ဘုရင့်နောင်ပါရမီ မီးပွိုင့်မှ လှိုင်သာယာဘက်သို့ ဝင်ရောက်ခဲ့ကြောင်း။ ထို့နောက် ၎င်းယာဉ်မှာ ည ၁၁ နာရီ ၄၆ မိနစ်အချိန် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း လမ်းသစ်လမ်းနှင့် ဘုတာရုံလမ်းမီးပွိုင့်ဘက်မှ ဖြတ်သန်းသွားကြောင်း၊ ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်ခြင်းမရှိကြောင်း Control Center မှတ်တမ်းအရ စုံစမ်းသိရှိရ၏။

ထို့ကြောင့် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ပါဆုံးသွားသော 7E/×××× Probox ယာဉ်နှင့်ပတ်သက်၍ ပိတ်ဆို့ရှာဖွေဖမ်းဆီး ပေးပါရန် တိုင်း/ခရိုင်/မြို့နယ်များအားလုံးသို့ လက်ကိုင်စကားပြောစက်များဖြင့် အချိန်နှင့်တစ်ပြေးညီ ချပြဆောင်ရွက်ခဲ့ပြီး တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့နှင့်လည်း သီးခြားဖုန်းဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ပါဆုံးသွားသော ကားမှာ ၄-၆-၂၀၁၈ ရက်နေ့ သန်းခေါင်ကျော်အချိန် တိုက်ကြီး တိုးဂိတ်သို့ဖြတ်သန်းသွားကြောင်း သိရသည်။

ထို့ကြောင့် တိုက်ကြီးမြို့နယ်ရဲတက်ဖွဲ့မှူး ဦးစီး၍ ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ခဲ့ရာ ၄-၆-၂၀၁၈ ရက်နေ့ နံနက် ၁ နာရီ ၄၅ မိနစ်အချိန် တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ရန်ကုန်-ပြည်လမ်း၊ ဆည် မြောင်းရုံးရှေ့၌ ပိတ်ဆို့ရှာဖွေတွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ရာ သန့်ဇင်(၂၄)နှစ်၊ သပြေပင် (၁)လမ်း၊ အပြင်ပဒံကျေးရွာ၊ လှိုင်သာယာမြို့နယ်နေသူနှင့် အောင်သော်ကို(၂၇)နှစ်၊ ကန်ပတ်လမ်း၊ မြေတိုင်း(၂၃)ရပ်ကွက်၊ ရွှေလင်ပန်း၊ လှိုင်သာယာမြို့နယ်နေသူတို့ (၂)ဦးအား သက်သေခံ မော်တော်ယာဉ်၊ ၎င်းယာဉ်ပေါ်တွင် ပါရှိသည့် ကားဖိုးတက် ၁ ခု၊ ယာဉ်မောင်းလိုင်စင် ၁ ခု၊ လုပ်ငန်းလိုင်စင်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော တရားခံ (၂)ဦးနှင့် သက်သေခံ မော်တော်ယာဉ်အား လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က လွှဲပြောင်းလက်ခံရယူပြီး အခြားသော ခိုးမှု၊ လုယက်မှုများ ထပ်မံကျူးလွန်ခြင်း ရှိ/မရှိ တိုင်း/ခရိုင်အထူးအဖွဲ့များနှင့် ပူးပေါင်းဖော်ထုတ်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

တာနွယ်

# ဆိုင်ကယ်အရှိန်ပြင်း မောင်းနှင်လာသည့် မြေစာရင်းဝန်ထမ်း ခွေးကိုတိုက်မိပြီး ဆိုင်ကယ်လဲကျ ဒဏ်ရာရရှိကာ ကုသရန်သွားရောက်စဉ် သေဆုံး

ဝမ်းတွင်းမြို့နယ်၌ ၁-၆-၂၀၁၈ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်တွင် ဆိုင်ကယ် အရှိန်ပြင်းစွာ မောင်းနှင်လာသည့် မြေစာရင်းဝန်ထမ်းသည် ခွေးကိုဝင်တိုက်မိ၍ ဆိုင်ကယ်လဲကျကာ ဒဏ်ရာရရှိပြီး ကုသရန် သွားရောက်စဉ် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝမ်းတွင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ဝင်းဇေယျဦး တာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သဲတော-ဝမ်းတွင်း သွားကားလမ်း မြို့နယ်ဘောလုံးကွင်းအနီးတွင် ကားလမ်းအတိုင်း အရှေ့မှ အနောက်သို့ ဝမ်းတွင်းမြေစာရင်းဦးစီးဌာန ဝန်ထမ်းမြေတိုင်းစာရေးအဆင့် (၄)ဝမ်းတွင်းမြို့ ဂုဏ်ရွာကျေးရွာနေ မိုးဝင်းဇော်(၂၆)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်အမှတ် ၄၀ယ/××××(ဖြူပြာရောင်)ကလစ်အမျိုးအစား ဆိုင်ကယ်မှာ အရှိန်ပြင်းစွာ မောင်းနှင်လာစဉ် ကားလမ်းဖြတ်ပြေးလာသည့် ခွေးကိုတိုက်မိပြီး ဆိုင်ကယ်လဲကျသွားခဲ့ကာ မိုးဝင်းဇော်တွင် ယာနားသွေးထွက်ဒဏ်ရာ၊ ယာချိစောင်းဖူးရောင်ဒဏ်ရာ၊ ယာလက်ဖျံပွန်းပဲ့ဒဏ်ရာ၊ ခြေသလုံးပွန်း၊ ယာခြေခုံ၊ ယာခြေချောင်းပွန်းပဲ့ ဒဏ်ရာများရရှိ၍ ဝမ်းတွင်းမြို့ ပြည်သူ့ ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ဝမ်းတွင်းပြည်သူ့ဆေးရုံမှတစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲ၍သွားရောက်စဉ် ကျောက်ဆည်မြို့ အရောက်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ လူသေဆုံး သည်အထိ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ မိုးဝင်းဇော်အား ဝမ်းတွင်းမြို့မရဲစခန်းမှ ယာဉ်(ပ)၁၆/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က အရ အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း စုံစမ်းသိရှိရသည်။

ဘိုဘို(မလှိုင်)

www.free4reader.com






# ရှုခင်းသတင်း FaceBook

## ပြည်တွင်းမှာ လိမ်စားဖို့ ပြည်ပမှအုပ်စုတစ်ခုရောက်နေသတဲ့

ဇွန် ၄ ရက်နေ့အတွက် လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်စာမျက်နှာသို့ ရောက်ရှိလာသော အကြောင်းအရာများအနက် ပြည်တွင်းသို့ လိမ်စားရန်ရောက်ရှိနေသည့် African အုပ်စုဆိုသည့်အကြောင်းနှင့် အင်းစိန်ဖော့ကန်တွင် နိုင်ငံခြားသားများ အမိုက်ကောက်သည့်အကြောင်းတို့ လူပြောများ၏။

အာဖရိကနိုင်ငံသားများက ဖေ့စ်ဘွတ်ခ်မက်ဆင်ဂျာမှတစ်ဆင့် ဆက်သွယ်ကာ ငွေလိမ်လည်နေသည်ဟုဆိုကာ အလိမ်ခံရသည့်အကြောင်းအရာတစ်ခုကို ဥပမာပေး၍ ဓာတ်ပုံများနှင့်တကွ Tin Oo အမည်ဖြင့် ဖေ့စ်ဘွတ်ခ်အသုံးပြုသူက ဖော်ပြခဲ့ရာ ဖေ့စ်ဘွတ်ခ်အသုံးပြုသူများအကြား ပျံ့နှံ့မှုများပြားခဲ့ပြီး Like လုပ်သူ ကိုးထောင်ကျော်နှင့် ပြန်လည်ဝေမျှသူ တစ်သောင်းခွဲကျော် ရှိခဲ့သည်။

အဆိုပါ အာဖရိကနိုင်ငံသားများကို ညနေတိုင်းနီးပါး(၁၉)လမ်းရှိ ဆိုင်တစ်ဆိုင်တွင် ထိုင်လေ့ရှိပြီး လောဘကြီးသူ၊ အယုံလွယ်သူ၊ နိုင်ငံခြားသားများကို အထင်ကြီးသူများကို ရှာ၍ ရန်ကုန်၌ အုပ်စုခွဲကာ လုပ်စားနေပြီး နောက်ထပ်လူများ အလိမ်မခံရရန်ဟုဆိုကာ အထက်ပါ ဖေ့စ်ဘွတ်ခ်အသုံးပြုသူက ရေးသား၍ ဖော်ပြခဲ့သည်။

ယင်းအကြောင်းအရာနှင့်ပတ်သက်၍ ဖေ့စ်ဘွတ်ခ်အသုံးပြုသူများက အတိအကျသိပြီဆိုပါက အရေးယူသင့်ကြောင်းနှင့် အချို့ကလည်း ၎င်းတို့ကိုယ်တိုင် ကြုံဖူးသည်ဟု မှတ်ချက်များ ရေးသားထားသည်။

"ကိုယ်တွေကြုံဖူးပါတယ်။ ဒါပေမဲ့ကိုယ်က ကိုယ့်အိတ်ကပ်ထဲက ပိုက်ဆံပဲမက်တဲ့သူဆိုတော့။ သူတို့လက်လျှော့သွားတယ်။ ဒါတောင်တစ်ပတ်လောက် mail တွေပို့တာ။ ကိုယ်က ပြန်မေးတယ်။ အိတ်ထဲက ပိုက်ဆံမထုတ်မှ ပြောရာ"ဟု Htain Lin အမည်ဖြင့် ဖေ့စ်ဘွတ်ခ်အသုံးပြုသူက မှတ် ချက်ပြုရေးသားထားသည်။

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်တွင် နိုင်ငံခြားသားများ မိသုပ်ကိုယ်စီကိုယ်၍ မြန်မာများပစ်ထားသည့် အမှိုက်များကို လိုက်လံကောက်ယူနေသည်ဟုဆိုကာ ဓာတ်ပုံများနှင့်တကွ Lso Maung Maung ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြခဲ့ရာ ပျံ့နှံ့မှုများပြားခဲ့ပြီး ယင်းအကြောင်းအရာကို Like လုပ်သူလေးထောင်ကျော်နှင့် ပြန်လည်မျှဝေသူလေးထောင်ကျော်ရှိခဲ့သည်။

အဆိုပါအကြောင်းအရာအပေါ် ဖေ့စ်ဘွတ်ခ်အသုံးပြုသူများက နိုင်ငံသားများ၏ စည်းကမ်းပိုင်းနှင့် ပတ်သက်၍ ထောက်ပြပြောဆိုမှုများရှိခဲ့ပြီး အမှိုက်ကောက်သည့် နိုင်ငံခြားသားများကို ချီးကျူးသည့်မှတ်ချက်များ ရေးသားထားသည်။ "အရမ်းကိုလေးစားဖို့ကောင်းတဲ့ လုပ်ရပ်တွေပါပဲ၊ ဒါမှလည်း ကိုယ်တွေက အမြင်မှန်ရကြတာပေါ့။ ဒါမှလည်း မရှက်တတ်သေးကြရင်လည်း လူ့လောကထဲမှာတောင် မနေသင့်တော့ဘူးလေ။ မြင်ရတာ ဘယ်လောက်ရှက်ဖို့ကောင်းသလဲဗျာ"ဟု Ye Lwimmin အမည်ဖြင့် ဖေ့စ်ဘွတ်ခ်အသုံးပြုသူက မှတ်ချက်ပြုရေးသားထားသည်။

ဝဝ၇

## ယခင်ရန်ငြိုးနဲ့ သားအဖသုံးယောက် ဝိုင်းခုတ်၍ လေဖြတ်နေသူ ဒဏ်ရာရသေဆုံး

**နွားထိုးကြီးမြို့မရဲစခန်းအပိုင် မုကွရာကျေးရွာတွင် လေဖြတ်ခံထားရသောသူကို သားအဖသုံးယောက်က ဓားလှံ၊ ခက်ရင်းခွ၊ ဓားကောက်၊ တုတ်တို့ဖြင့် ဝိုင်းဝန်းရိုက်နှက်မှုကြောင့် ဒဏ်ရာရသေဆုံးမှုတစ်မှု ဖြစ်ပွားခဲ့သည်။**

ဖြစ်စဉ်မှာ ၂၅-၅-၂၀၁၈ ရက်နေ့ နံနက် ၁၁ နာရီအချိန်ခန့်က မုကွရာရွာလယ် နိုင်နိုင်မော်နေအိမ်အနီးတွင် ဦးသိန်းထွန်း(၇၁)နှစ်အား တစ်ရွာတည်းသား ဦးရှိန်(၆၇)နှစ်နှင့် ၎င်း၏သားများဖြစ်သော မောင်နိုင်(၃၈)နှစ်၊ မောင်ဆန်း(၂၃)နှစ်တို့က ဝိုင်းဝန်းထိုးခုတ်ကြရာ ဦးသိန်းထွန်းမှာ ဦးခေါင်းဒဏ်ရာ ၄ ချက်၊ ယာဘက်လက်မောင်း ၁ ချက်စိုးရိမ်ရဖြင့် မန္တလေးဆေးရုံသို့ပို့ခဲ့ရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဦးရှိန်၊ မောင်နိုင်နှင့် မောင်ဆန်းတို့(၃)ဦးအား (ပ) ၁၂၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆/ ၁၁၄ ဖြင့် မြို့မရဲစခန်းက အရေးယူပြီး ဦးသိန်းထွန်းမှာ ၂၉-၅-၂၀၁၈ ရက်နေ့က မန္တလေးဆေးရုံတွင် သေဆုံးသွား၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် ဆက်လက်အရေးယူထားကြောင်း သိရသည်။

၎င်းဖြစ်စဉ်အား ရွာခံများ၏ ပြောပြချက်အရ ယခင်ရန်စကြောင့် ဦးသိန်းထွန်းကို ရွာလည်အထွက်တွင် ဝိုင်းရိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ငွေးမြင့်အောင်

**သင့်ပတ်ဝန်းကျင် ထူးခြားမှုရှိလျှင် ၁၉၉ ကို သတိရပါ**

## ဆေးကုသရန်သွားနေစဉ် နေအိမ်၌ ရွှေငွေ(၁၈၃)သိန်းခန့် ခိုးယူသွားသူအား ဖမ်းမိ

**၂၁-၅-၂၀၁၈ ရက်နေ့က တံတားမြို့၌ ဆေးကုသရန်သွားနေစဉ် နေအိမ်၌ ရွှေ၊ ငွေကျပ်(၁၈၃)သိန်းခန့်ပျောက်ဆုံးကြောင်း တရားလိုမှ လာရောက်တိုင်ကြားသောကြောင့် ၁၆-၅-၂၀၁၈ ရက်နေ့ ည ၁၀ နာရီ ၅ မိနစ်အချိန်ခန့်တွင် တံတားနယ်မြေရဲစခန်းမှ အမှုဖွင့်ရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ၁၅-၅-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် တရားလို မအိမာဆွေ(၃၂)နှစ်၊ ဘုရင့်နောင်လမ်း၊ (၂)ရပ်ကွက်၊ တံတားမြို့နေသူသည် ဆေးကုသရန်ခင်ပွန်းဖြစ်သူ ကိုနိုင်မျိုး သမီးဖြစ်သူ မစုပြည့်လျှံတို့နှင့်အတူ ကြည့်မြင်တိုင်မြို့နယ်ရှိ အကယ်ဒမီဆေးရုံသို့ အတူသွားရောက်ခဲ့ရာ နေအိမ်၌နေအိမ်တံခါးမကြီးအား သော့ပိတ်ထားခဲ့ပြီး နေအိမ်ရှေ့၌ ကိုမျိုးသက်ဦး(၃၃)နှစ်၊ ယာဉ်မောင်း၊ ဘုရင့်နောင်လမ်း၊ (၃)ရပ်ကွက်၊ ကိုဟန်မျိုးနိုင်(ခ)သန်းထူး(၃၃)နှစ်၊ အမှတ်(၄၄၅) ယမုံနာလမ်း၊ (၄)ရပ်ကွက်၊ ကိုစိုင်းလင်းကျော်(ခ)ငစိုင်း(၃၃)နှစ်၊ ဒုဋ္ဌဝတီလမ်း၊ (၄)ရပ်ကွက်၊ တံတားမြို့နေသူ (၃)ဦးမှာ တရားလိုဖြစ်သူ၏ကားကို ဟိုက်ဒရောလစ်ပြုပြင်နေသဖြင့် ခြံစည်းရိုးတံခါးကို ဖွင့်လျက် နေအိမ်တံခါးမကြီးသော့နှင့် ခြံတံခါးသော့အား ခြံဝင်းတံခါးမကြီးတွင် ချိတ်လျက်ထားရှိကာ ဆေးရုံသို့သွားရောက်ပြသခဲ့ကြောင်း၊ ၁၆-၅-၂၀၁၈ ရက်နေ့ နံနက် ၁ နာရီအချိန်ခန့်တွင် ဆေးရုံမှ နေအိမ်သို့ ပြန်လည်ရောက်ရှိသောအခါ နေအိမ်တံခါးမကြီးမှာပွင့်နေ၍အိမ်အတွင်းရှိပစ္စည်းများအား စစ်ဆေးရာနေအိမ် အိပ်ခန်းတံခါးသော့နှင့် အိမ်ခန်းဘေးတွင် ထားရှိသည့် ဗီရိုတံခါးများအား ဖျက်ဆီးဖွင့်ထားကာ အိမ်ခန်းအတွင်းရှိ မှန်တင်ခုံနှင့်တွဲလျက် ဗီရိုအသေးတံခါးမှာပွင့်နေပြီး ၎င်းဗီရိုအတွင်းတွင်ထားရှိသည့် ငွေကျပ် (၂၃) သိန်းခန့်နှင့် ရွှေထည်ပစ္စည်းအလေးချိန် (၂၀)ကျပ်သားခန့် တန်းဖိုးငွေကျပ်သိန်း (၁၆၀) ခန့် စုစုပေါင်း ငွေကျပ်(၁၈၃)သိန်းခန့် ပျောက်ဆုံးသွားခဲ့၏။





ထို့ကြောင့် နေအိမ်တွင် ကျန်ခဲ့သူ ကိုမျိုးသက်ဦး၊ ကိုဟန်မျိုးနိုင်(ခ)သန်းထူး၊ ကိုစိုင်းလင်းကျော်(ခ)ငစိုင်းတို့ (၃)ဦးအား အရေးယူပေးပါရန်လာရောက်တိုင်ကြားသဖြင့် တံတားနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ကြည်ဝင်းမှ (ပ)၁၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၁ အရ အမှုဖွင့်ပြီး တရားလိုမှ တိုင်ကြားထားသူ(၃)ဦးအား ဖမ်းဆီးပြီး ခရိုင်ရဲတပ်ဖွဲ့ရုံး (မှူ/နိမ်)အဖွဲ့မှ ရဲအုပ် ဇော်လင်း ဦးစီးအဖွဲ့နှင့် တံတားနယ်မြေစခန်းမှူး ရဲအုပ် ကြည်ဝင်းအဖွဲ့တို့မှ ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဟန်မျိုးနိုင်(ခ)သန်းထူး(၃၃)နှစ်၊ ယမုံနာလမ်း၊ (၄)ရပ်ကွက်နေသူသည် ၎င်းမှခိုးယူထားကြောင်းနှင့် ခိုးရာပါ ရွှေငွေများကို ၎င်း၏ နေအိမ်နောက်ဖေး မီးဖိုချောင်အတွင်းမှ မြေကြီးအောက်တွင် မြှုပ်နှံထားကြောင်း စစ်ဆေးပေါ်ပေါက်၍ သက်သေ အမှတ်(၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးဆွေ၊ ဦးသက်နိုင်အောင် (ပန်းထိမ်ပညာရှင်)၊ တရားလို မအိမာဆွေ တာဝန်ရှိသူတို့နှင့်အတူ ခိုးယူထားသော ရွှေ၊ ငွေများ မြှုပ်နှံထားရာ ၎င်း၏နေအိမ်နောက်ဖေး မီးဖိုချောင်အတွင်း မြေကြီးအောက် အနက်(၁)ပေခန့်တွင် မြှုပ်နှံထားပြီး ခိုးယူထားသော ငွေကျပ် (၂၂၇၄၉၀၀)၊ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် သိန်း(၁၆၀)ခန့်၊ စုစုပေါင်းတန်ဖိုးငွေကျပ်(၁၈၃)သိန်းတို့အား ၁၇-၅-၂၀၁၈ ရက်နေ့ ည ၉ နာရီခွဲအချိန်ခန့်တွင် သိမ်းဆည်းရမိခဲ့သောကြောင့် တရားခံ ဟန်မျိုးနိုင်(ခ)သန်းထူးအား တံတားနယ်မြေရဲစခန်းမှ (ပ)၁၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၁ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

အောင်သူကို
(ကျောက်တန်း)

## ဖြစ်မှုဖြစ်ရလေ ရေမြောင်းတူးနေသည့် အလုပ်သမား ငါးဦးအား အရက်မူးနေသည့် အလုပ်သမားခေါင်းဆောင်က တင်ဒါလောင်းကာ မီးရှို့မှုဖြစ်ပွား

**မေလ ၃၀ ရက်နေ့က ရန်ကုန် ကန်တော်ကြီးဝင်းအတွင်း ရေမြောင်းတူးနေသည့် အလုပ်သမားငါးဦးအား အရက်မူးနေသည့် အလုပ်သမားခေါင်းဆောင်က တင်ဒါအရည် အသုံးပြုပြီး မီးရှို့မှုဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရ၏။**

ဖြစ်စဉ်မှာ မေ ၃၀ ရက် ည ၈ နာရီခန့်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်နေ မိုးဝင်း၊ မိုးမြတ်သူ၊ မိုးကျော်၊ အေးအောင်နှင့် ဗိုက်ကြီးတို့ငါးဦးမှာ မီးလောင်ဒဏ်ရာများရရှိကာ ရောက်ရှိလာသဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့က စစ်ဆေးရာ မီးလောင်ဒဏ်ရာ ရရှိခဲ့သည့် အမျိုးသားငါးဦးမှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ကန်တော်ကြီးဝင်းအတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်အနီးတွင် ရေမြောင်းတူးဖော်သည့်လုပ်ငန်းမှ အလုပ်သမားများဖြစ်ကြောင်း၊ ၎င်းတို့ငါးဦးမှာ အဆိုပါနေရာအတွင်း ရေမြောင်းတူးပြီးသဖြင့် အလုပ်နားချိန်တွင် လျှပ်စစ်ထရမ်စဖော်မာအိုးထားရန် ပြုလုပ်ထားသည့် အဆောက်အအုံအတွင်း ဖယောင်းတိုင်မီးထွန်းကာ စကား ထိုင်ပြောနေခဲ့ကြကြောင်း။ ထိုသို့ စကားပြောဆိုနေစဉ် ၎င်းတို့ငါးဦးမှာ တင်ဒါများထည့်ထားသည့် ငါးဂါလန်ဆံ့ ပလတ်စတစ်ပုံးများအား ကိုင်ဆောင်ထားကြသည်ဟုဆို၏။

ထိုသို့အလုပ်သမားငါးဦး စကားပြောဆိုနေစဉ် ၎င်းတို့၏အလုပ်သမားခေါင်းဆောင်ဖြစ်သူ ကျော်စွာ(၄၀)နှစ်သည် အရက်မူးကာ ရောက်ရှိလာခဲ့ပြီး အလုပ်သမားငါးဦးအပေါ် တင်ဒါအရည်များဖြင့် ပက်ဖြန်းခဲ့ကြောင်း၊ ထိုသို့တင်ဒါအရည်များဖြင့် ပက်ဖျန်းခံရသဖြင့် အလုပ်သမားငါးဦးမှာ မီးလောင်ဒဏ်ရာ များရရှိခဲ့ပြီး ဆေးကုသမှုခံယူနေရကြောင်းနှင့် အဆိုပါဖြစ်စဉ်မှ အလုပ်သမားခေါင်း ဆောင်ဖြစ်သူ ကျော်စွာ(၄၀)နှစ်အား ဗဟန်းမြို့မရဲစခန်းမှ (ပ) ၂၆၇/၂၀၁၈၊ ရာ ဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ၏။

DE

www.free4reader.com



ဥပဒေအသိပညာမရှိလျှင် ဥပဒေရဲ့ ကာကွယ်မှုကို မရနိုင်

# ဥပဒေ
## အသိပညာပေးကဏ္ဍာ

ဥပဒေအယ်ဒီတာ - မောင်ဉာဏ်စိန်(ညွှန်ကြားရေးမှူး-ငြိမ်း)၊ တရားရုံးချုပ်၊ တရားလွှတ်တော်ရှေ့နေ။

# မယုံကြည်ထိုက်သော သက်သေအကြောင်း သိကောင်းစရာ(၂)

ဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ-ပဲခူး)
အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၁၆၂ ၏ ရည်ရွယ်ချက်**

ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ ၏ ရည်ရွယ်ချက်မှာ မှသားသက်သေများ၏ ထွက်ချက်များ မမှန်ကန်ကြောင်း ပေါ်လွင်စေပြီး၊ ဆုံးဖြတ်ချက်မှန်ကန်စေရန် ဖြစ်သည်။ (မောင်မြသောင်းနှင့် နိုင်ငံတော် ၁၉၆၀၊ မတစ၊ စာ၂၀ လွှတ်ချုပ်)

**ကျင့် ၁၆၂ ကို ဘယ်အခါ ကျင့်သုံးမလဲ**

သက်သေတစ်ဦးတစ်ယောက်သည် တရားရုံးတွင် ကွဲလွဲ၍ထွက်ဆိုသည်ကို အမှန်တကယ် သိရှိမှသာ ရဲထံအစစ်ခံချက်ကိုတောင်း၍ ဆန့်ကျင်မေးမြန်းသင့်သည်။ ရဲစစ်ချက်ကို အရမ်းတကာ တောင်းယူကြည့်ရှုပြီးသော် ထိုသက်သေ၏ရုံးတွင် ထွက်ဆိုချက်မှာ ပိုမိုအဖိုးတန်ရာရောက်သဖြင့် တရားခံအပေါ် နစ်နာစေခြင်း ဖြစ်နိုင်သည်။

(၁၉၆၇ မတစ စာ ၄၆၈)

**သက်သေအား ယုံကြည်ထိုက်၊ မယုံကြည်ထိုက် ချိန်ဆနိုင်ခြင်း**

တရားရုံးချုပ်ရှေ့ လာရောက်ထွက်ဆိုသော သက်သေတစ်ဦးအနေဖြင့် နှစ်ဖက်အမှုသည်များက ဥပဒေနှင့်အညီ မှတ်ကျောက်တင် အစစ်ဆေးခံနိုင်မှသာ ကိုယ့်သက်သေ၏ သက်သေခံချက်များအပေါ် တရားရုံးက အလေးအနက်ထား၍ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်သည်။ သက်သေတစ်ဦးသည် ရုံးရှေ့တွင် တစ်မျိုး၊ ရဲရှေ့တွင်တစ်ဖုံ အမျိုးမျိုး ပြောဆိုနေခြင်း ရှိ/မရှိ၊ သက်သေအား ယုံကြည်ထိုက်၊ မယုံကြည်ထိုက် ချိန်ဆနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ ကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဦးသက်ဝေပါ (၂)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၈၉ ခုနှစ် မ・တ・စ (တရားရုံးချုပ် စာ-၃၆)

**ရဲထံ အစစ်ခံချက်မိတ္တူ ဘယ်အခါတောင်းနိုင်သလဲ**

တရားလိုပြ သက်သေသည် သက်သေခံသည်နှင့် တစ်ပြိုင်နက် တရားခံသည် ရဲရှေ့အစစ်ခံချက်မိတ္တူကို တောင်းနိုင်ပါတယ်။ လိုအပ်ပါက မိတ္တူပေးသည်အထိ ဤစစ်ဆေးခြင်းကို ရွှေ့ဆိုင်းနိုင်ပါတယ်။

(ရန်ကုန်အတွဲ ၁၃ စာ)

**ရဲစက္ကူနဲ့ ဘယ်လိုတိုက်ဆိုင်စစ်ဆေးမလဲ**

နိုင်ငံတော်ဘက်(တရားလို)ဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိထံတွင် ရဲစက္ကူအမှုတွဲ ရှိနေပါတယ်။ ရဲစက္ကူအမှုတွဲတွင် သက်သေများ၏ ရဲထံအစစ်ခံချက်၊ တရားခံ၏ ထွက်ဆိုချက်၊ ရဲစက္ကူတွင် ရေးသားသောအမှု နေ့စဉ်မှတ်တမ်းများ ပါရှိပါတယ်။

တရားလိုပြသက်သေတစ်ဦးဟာ ရဲထံအစစ်ခံချက်များနဲ့ ကွဲလွဲဆန့်ကျင်ပြီး ရုံးရှေ့ထွက်ဆိုနေပါက အဆိုပါလိုပြသက်သေများကို ကျင့်ထုံးပုဒ်မ ၁၆၂(၁) အရ တိုက်ဆိုင်မေးကြည့်ရန်လိုအပ်လာပါတယ်။ ပထမဦးစွာ တရားရုံးသို့ ကျင့်ထုံးပုဒ်မ ၁၆၂ အရ ရဲထံထွက်ဆိုချက်နှင့် တိုက်ဆိုင်မေးမြန်းခွင့်ပြုရန် တောင်းခံလေ့ရှိကြပါတယ်။

(အမှန်တကယ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ တွင်လည်းကောင်း၊ သက်သေဥပဒေပုဒ်မ ၁၄၅ တွင်လည်းကောင်း။ တရားရုံးခွင့်ပြုချက်တောင်းခံရမည်ဟု ပြဋ္ဌာန်းထားတာ မတွေ့ရှိရပါ)

**ညွှန်း - ဦးကျော်အေး၏ ရာဇဝတ်ကျင့်ထုံးဥပဒေပထမတွဲ စာ ၅၇၀)**

ပြီးနောက် သက်သေအား ရဲအမှုစစ်အရာရှိက ယခု အမှုနဲ့ပတ်သက်ပြီး စစ်ဆေးမေးမြန်းခဲ့ကြောင်း။ သက်သေ အစစ်ခံချက်ကို အမှုစစ်ရဲအရာရှိက ရေးမှတ်ယူခဲ့ကြောင်း။ မေးမြန်းရန်ဖြစ်ပါတယ်။ နောက်ဆက်လက်ပြီး ရဲအရာရှိက သက်သေ၏ အမည်၊ မှတ်ပုံတင်၊ နေရပ်၊ အဘအမည်၊ လိပ်စာ၊ အလုပ်အကိုင်ကို ရေးသားထားတယ်။ အဲသည့်အတိုင်း မှန်ကန်ကြောင်း မေးရန် ဖြစ်ပါတယ်။ ၎င်းက မှန်ကြောင်း သက်သေထွက်ချက်အား မှတ်တမ်းတင်ရပါမည်။ ပြီးမှ သက်သေအား ကွဲလွဲနေသော ရဲအရာရှိထံ ထွက်ဆိုထားသော ထွက်ချက်အပိုဒ်အား ဖတ်ပြပြီး ရဲထံထိုကဲ့သို့ ထွက်ဆိုခြင်း ရှိ/မရှိ မေးမြန်းရန် ဖြစ်ပါတယ်။ သက်သေက တစ်ခါတစ်ရံ အမှတ်မဲ့မေ့၍ ဖြစ်စေ၊ ကွဲလွဲ၍ ဖြစ်စေ ပြောခဲ့မိကြောင်း အမှတ်ရပြီး ရဲထံသို့ ထွက်ဆိုခဲ့သည်မှာ မှန်ကြောင်း ထွက်ဆိုပါက ရုံးရှေ့ ထွက်ချက်ဖြစ်၍ သက်သေခံဝင်ပါတယ်။

ထိုသို့ သက်သေက ဖတ်ပြသောရဲထံ ထွက်ချက်ကို မှန်ကြောင်း ထွက်ပါက အဆိုပါထွက်ချက်ကို တရားရုံးတွင် မှတ်တမ်းတင်ရန် တင်ပြရပါတယ်။ ပြီးမှ ပထမရုံးရှေ့ ထွက်ဆိုစဉ် ထွက်ချက်ဟာ ရဲရှေ့ထွက်ချက် နှစ်မျိုးကွဲလွဲနေသဖြင့် ဘယ်ထွက်ချက်မှန်သလဲ မေးရန် ဖြစ်ပါတယ်။ ရုံးရှေ့ ပထမထွက်ဆိုထားသော ထွက်ချက်က မှန်ပြီး ရဲထံယခုထွက်သော ထွက်ချက်က မမှန်ကြောင်း ပြောပါက မှတ်တမ်းတင်ရန် ဖြစ်ပါတယ်။ ပြီးမှ ဘာကြောင့် ရဲရှေ့ထွက်ချက်က မမှန်လဲ ရှင်းပြစေရန် ဖြစ်ပါတယ်။ ယင်းသို့ စစ်မေးခြင်းပြီးမှ အဆိုပါ သက်သေကို စစ်ဆေးခဲ့သော ရဲအရာရှိအား ရုံးတော်က ခေါ်ယူစစ်ဆေးပေးရန် လျှောက်ရပါမယ်။ ရဲအရာရှိလာတဲ့အခါမှာ အဆိုပါ သက်သေ၏ ရဲထံကွဲလွဲချက်မိတ္တူမှန်ကို သက်သေခံအဖြစ်တင်ပြရန် ဖြစ်ပါတယ်။ ရဲအရာရှိလာတဲ့အခါမှာလည်း အဆိုပါ သက်သေအား ရဲအရာရှိက ဘယ်နေ့မှာ ခေါ်ယူစစ်ဆေးခဲ့သလဲ၊ စစ်ဆေးတဲ့အခါ သက်သေထွက်ချက်များ ရေးမှတ်ယူခဲ့ခြင်း ရှိ/မရှိ၊ ယခုဖတ်ပြတဲ့အတိုင်း စစ်ဆေးခံသော သက်သေထွက်ချက်မှန်ကြောင်း မေးရပါမယ်။ ရဲအရာရှိက သူစစ်ဆေးခဲ့တဲ့ ထွက်ချက်မိတ္တူမှန်ဖြစ်ကြောင်း သက်သေအဖြစ်ထွက်တဲ့အခါ ရဲထံထွက်ချက်မိတ္တူမှန်ကို သက်သေခံအဖြစ် တင်သွင်းရမယ်။ တရားလိုဘက်က တိုက်ဆိုင်မေးမြန်းတာဖြစ်ပါက သက်သေခံတင်သွင်းရာမှာ (က) (ခ) ဖြင့် အက္ခရာဖြစ်တင်ရပါမယ်။ တရားခံဘက်က တိုက်ဆိုင်စစ်ဆေးတာ ဖြစ်ပါက သက်သေခံ (၁) (၂) စသည်ဖြင့် ဂဏန်းနံပါတ်ဖြင့် တင်ပြရပါမယ်။ အဲသည်လို တင်သွင်းတဲ့အခါ သက်သေခံဥပဒေပုဒ်မ ၁၅၅ အရ သက်သေကို မယုံကြည်ထိုက်ကြောင်း သက်သေပြရမယ့်ကိစ္စ (duly Prosed) အဖြစ် ဆောင်ရွက်ပြီးရာ ရောက်ပါတယ်။ duly Prosed ကို ကျင့်ထုံး ၁၆၂ မှာ (နည်းလမ်းတကျ သက်သေထင်ရှားအောင် ပြသပြီး ဖြစ်တယ်)လို့ ရေးသားထားတာ တွေ့ရတယ်။

**သက်သေရုံးရှေ့ ပိုမိုထွက်ဆိုတဲ့ကိစ္စ**

ရဲရှေ့တွင် အစစ်ခံခြင်းမရှိသော အချက်ကို တရားရုံးရှေ့ရောက်ခါမှ ပိုမိုထွက်ဆိုနေပါက သက်သေ၏ ရဲထံအစစ်ခံချိန်တစ်ခုလုံးကို သက်သေအား ဖတ်ပြရန် လိုပါတယ်။ သက်သေက ထိုသို့ရဲအစစ်ခံချက်တစ်ခုလုံး ဖတ်ပြတဲ့အချိန်၊ ဖတ်ပြတဲ့အတိုင်း မှန်/မမှန်ကို မပြောနိုင်လို့ ပါးနပ်စွာဖြင့် လှည့်ဖြေတဲ့ သက်သေတွေလည်း ရှိပါတယ်။ အဲသည်အခါမှ သက်သေ၏ ရဲထံ အစစ်ခံချက်တစ်ခုလုံး သက်သေထင်ရှား ပြသရန် လိုအပ်ပါတယ်။

(ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် ဦးအောင်ကြီးပါ ၂၊ ၁၉၈၀ ခုနှစ် မ・တ・စ ဗဟိုတရားရုံး စာ ၃၉)

ဦးကျော်သန်းအား ရဲရှေ့အစစ်ခံချက်ကို ဖတ်ပြသောအခါ ဖတ်ပြသည့်အတိုင်း ထွက်ဆိုခဲ့ကြောင်း ဝန်ခံထားသဖြင့် ဦးကျော်သန်း၏ ထွက်ချက်အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်သေ အထင်အရှားပြသရန် မလိုအပ်တော့ပေ၊ ဦးထွန်းရှင်ကမူ ရဲရှေ့တွင် ဥပဒေဝန်ထမ်းဖတ်ပြသည့်အတိုင်း မှန်/မမှန် မပြောနိုင်ပါဟု ထွက်ဆိုထားသဖြင့် ၎င်း၏ရဲထံ အစစ်ခံချက်ကို သက်သေထင်ရှားပြသဖို့ လိုပေသည်။ ထိုအချက်နှင့်စပ်လျဉ်း၍ သက်သေအား စစ်ဆေးခဲ့သည့် အမှုစစ်အရာရှိ ဦးလှမြင့် (လိုပြ ၁၄)အနေဖြင့် ဦးထွန်းရှင်အား စစ်ဆေးခဲ့ကြောင်း။ စစ်ဆေးသည့်အတိုင်း သက်သေထွက်ချက်များကို မှန်မှန်ကန်ကန် ရေးယူခဲ့ကြောင်း။ ဦးထွန်းရှင်၏ ရဲထံအစစ်ခံချက် မိတ္တူမှာ ရုံးရှေ့တွင် တင်ပြထား သောမိတ္တူမှန်ဖြစ်ကြောင်း ထွက်ဆိုဖို့ လိုပေသည်။ သို့မှသာ ရဲအရှေ့အစစ်ခံချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂(ခ)တွင် လိုအပ်သည့်အတိုင်း သက် သေထင်ရှားပြသရာရောက်ပေလိမ့်မည်ဟု အထက်ပါ စီရင်ထုံးတွင် လမ်းညွှန်ခဲ့ပါတယ်။

**စွဲချက်တင်ပြီးသည့်အခါလည်း**
**ရဲအစစ်ခံချက်နှင့် တိုက်ဆိုင်စစ်ဆေးနိုင်ခြင်း**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂(ခ)၏ ခြွင်းချက်နှင့် ပုဒ်မ ၁၆၂(၁) ရဲရှေ့အစစ်ခံချက်ကို စွဲချက်တင်ပြီးနောက်မှဖြစ်စေ၊ စွဲချက်မတင်မီဖြစ်စေ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆၂(၁)၏ ခြွင်းချက်တွင် စွဲချက်မတင်မီဖြစ်စေ စွဲချက်တင်ပြီးနောက်မှဖြစ်စေ၊ ရဲအစစ်ခံချက်ကို ရေးမှတ်သားသည့် မှတ်တမ်းများကို သက်သေအား ပြသစစ်မေးရန် အသုံးပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် စစ်ကိုင်းတိုင်းတရားရုံးက ယူဆသလို ရဲအစစ်ခံချက်မိတ္တူများကို မည်သည့်အဆင့်တွင် အသုံးပြုနိုင်သည်ဟု မဆိုနိုင်ပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂(၁)တွင် တရားခံက တောင်းဆိုလျှင် ရဲထံ ထွက်ချက်မိတ္တူကို တရားခံက ပေးရန် ညွှန်ကြားရမည်ဟု ပြဋ္ဌာန်းထားသည်။ တရားရုံးသည် အမှုနှင့်မသက်ဆိုင်ဟု ယူဆသည့်အပိုင်းများကို မိတ္တူမပေးဘဲ ငြင်းဆိုနိုင်သော်လည်း အမှုနှင့်သက်ဆိုင်သည့် အပိုင်းများ၏မိတ္တူကိုမပေးဘဲ ငြင်းဆိုပိုင်ခွင့်မရှိပေ။

(ဦးအောင်သန်းနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၉၈၀ ခုနှစ် မ・တ・စ စာ ၅၉)

**တရားလိုဘက်က ပယ်ခဲ့သောသက်သေအား ခံပြသက်သေအဖြစ် အစစ်ခံခြင်း၊ ရဲစက္ကူနှင့် တိုက်ဆိုင်စစ်ဆေးခြင်း**

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ တွင် အစစ်ခံချက်ကို စာဖြင့်ရေးမှတ်ထားသော မည်သည့်သက်သေခံချက်မဆို အဆိုပါစုံစမ်းစစ်ဆေးမှု (သို့မဟုတ်) စီရင်မှုတွင် တရားလိုဘက်မှဖြစ်စေ၊ တရားခံဘက်ကဖြစ်စေ၊ ခေါ်ယူသောအခါ ထိုသက်သေ၏ အစစ်ခံချက်ဖြစ်ကြောင်း နည်းလမ်းတကျထင်ရှားဖြစ်ခဲ့လျှင် တရားလိုဘက်က ဖြစ်စေ၊ တရားခံဘက်ကဖြစ်စေ၊ သက်သေဥပဒေပုဒ်မ ၁၄၅ အရ ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း သို့မဟုတ် သက်သေခံဥပဒေပုဒ်မ ၁၅၅ အရ ပြဋ္ဌာန်းထားသောနည်းလမ်းအတိုင်း အဆိုပါ သက်သေကို မယုံကြည်ထိုက်ကြောင်း ပြဆိုရန်အတွက် အသုံးပြုနိုင်သည်။

(ဦးသန်းအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၁၉၉၀ ခုနှစ် မ・တ・စ တရားရုံးချုပ်) စာ ၁၃၆

**မယုံကြည်ထိုက်သော ဆန့်ကျင်သက်သေ**

(၁) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ ထိုက်ဆိုင်စစ်ဆေးတိုင်း မယုံကြည်ထိုက်သောသက်သေ၊ ဆန့်ကျင်ဘက်သက်သေ (Hostile Witness) ဟူ၍ သတ်မှတ်ခြင်းမပြုနိုင်၊ အမှုလိုက်ဥပဒေအရာရှိက သက်သေအား ၎င်း၏စာရိတ္တနှင့်စပ်လျဉ်း၍ ယုံကြည်ထိုက်သူမဟုတ်ကြောင်း။ သက်သေခံဥပဒေပုဒ်မ ၁၅၅ အရ ရှုတ်ချမေးမြန်းပြီးမှသာ ၎င်းသက်သေသည် မယုံထိုက်သော ဆန့်ကျင်သက်သေဖြစ်ကြောင်း ကြေညာခြင်းပြုရပေမည်။

(ပီယန်စူး(ခ)မောင်သောင်းညွှန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၆၆ မတစ စာ- ၄၃)

(၂) ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော လက်ထောက်ညွှန်ကြားရေးမှူးက တရားလိုပြသက်သေ ဦးဇော်မင်းနိုင်(လိုပြ ၁)၊ ဦးမြင့်ဇော် (လိုပြ ၂)တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၆၂ အရ တိုက်ဆိုင်စစ်ဆေးရာတွင် ရဲထံထွက်ဆိုချက်နှင့် ကွဲလွဲစွာထွက်ဆိုကြသူများဖြစ်၍ ၎င်းတို့၏ထွက်ဆိုချက်ကိုလက်မခံထိုက်ကြောင်း တင်ပြချက်နှင့်ပတ်သက်၍ ယုံကြည်ထိုက်၊ မယုံကြည် ထိုက်ကို သက်သေခံဥပဒေပုဒ်မ ၁၄၅၊ ၁၄၆၊ ၁၅၄၊ ၁၅၅တို့နှင့်အညီ သက်သေကို မယုံထိုက်သူဖြစ်ကြောင်း စွပ်စွဲမေးမြန်း၍ တရားရုံး၏ ခွင့်ပြုချက်အရ ထိုသက်သေကို မယုံထိုက်သော ဆန့်ကျင် သက်သေဖြစ်ကြောင်း ကြေညာရန်လိုသည်။ ထိုသို့ဆောင်ရွက်ထားခြင်းမပြုပါက မယုံထိုက်သော သက်သေအဖြစ် ကြေညာထားခြင်းခံရသူအဖြစ် မသတ်မှတ်နိုင်ပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ

>>> စာမျက်နှာ(၁၅)သို့

www.free4reader.com



# ရဲဖမ်းရင် ရုပ်ရှင်ထဲကလို မငြင်းနဲ့နော်

ဇေယျာမင်းမင်းဝင်း

ရှေးခေတ်က အနောက်တိုင်းရုပ်ရှင်ကို ရုပ်ရှင်ရုံတွေမှာပဲ ကြည့်ရတယ်ဗျ။ ခုခေတ်ကတော့ ပေါမှပေါ၊ CDတွေဝယ်ကြည့်မလား အွန်လိုင်းဒေါင်းလုပ်(အင်တာနက်ကနေ ဖုန်းတို့ကွန်ပျူတာတို့အထဲကို ဆွဲယူကြည့်တာကို ပြောတာပါ) လုပ်ပြီးယူမလား။ မန်မိုရီစတစ်ခေါ်တဲ့ ခဲဖျက်လောက်အရွယ် စာတွေဓာတ်ပုံတွေဗီဒီယိုတွေ ထည့်ထားလို့ရတဲ့အပြားလေးတွေနဲ့ ကူးယူပြီးကြည့်မလား အလွန်လွယ်ပါတယ်။ ဒီတော့ နိုင်ငံခြားမှာထွက် သမျှသီချင်း ထွက်သမျှရုပ်ရှင်တွေ သိပ်မကြာခင် ဒီရောက်လာကြပြီး ကြည့်လို့ရနေပါပြီ။

ဒီတော့ ဗဟုသုတတိုးသလို အတုယူစရာတွေ မှတ်သားစရာတွေလည်း အများကြီးရှိပါတယ်။ ဒီထဲမှာ ဥပဒေနဲ့ဆိုင်တာလေးတွေ ပါလို့ နည်းနည်းပြောပါရစေ။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကမေးတယ် “အမေရိကန်ကားတွေထဲမှာ ရဲက လူဆိုးကိုဖမ်းရင် မင်းကို ဖမ်းလိုက်ပြီ (You are under arrest) လို့ ပြောတယ်။ အဲဒါကောင်းတယ်နော် ဖြောင်ဖြောင်ကြေညာပြီး ဖမ်းကြောင်း ပြောတာ။ ဒီမှာက ဖမ်းတာလိုလို၊ မဖမ်းတာလိုလို ခဏ လိုက်ခဲ့ဦးဆိုတာတွေလည်း ရှိတယ်။ ဖမ်းတာမဟုတ်ရင် မလိုက်ဘူးဗျာလို့ပြောတော့ တင်းတင်းမာမာတွေဖြစ်ရော၊ ဥပဒေကဘယ်လိုရှိလို့လဲ”လို့ ဆိုပါတယ်။

“ကြေညာတာကောင်းတာပေါ့ကွာ၊ ဖမ်းပြီးပြောမှ အဖမ်းခံရသူကလည်း လိုက်နာမှာပေါ့။ မင်းမမြင်ဘူးလား အမေရိကန်ရုပ်ရှင်တွေထဲမှာ ဖမ်းပြီလို့ပြောရဲ့သားနဲ့ အမိန့်ပေးတာမလိုက်နာရင် အတင်းအကြပ် အင်အားသုံးဖမ်းလို့ရတယ်လေ။ ခုခံမည့် အပြုအမူလုပ်ရင် သေနတ်နဲ့ပစ်ဖမ်းတာပဲ၊ သူတို့ဆီမှာက လက်နက်ပေါတော့ အလစ်ပေးမရဘူး။ ဒါကြောင့် မခုခံအောင် ရဲဖြစ်ကြောင်း၊ ဖမ်းပြီဆိုတဲ့အကြောင်း ကြေညာရတာ၊ တို့ဆီမှာလည်း ဖမ်းခွင့်ရှိသလို၊ ကြေညာလို့လည်းရတယ်၊ သို့သော် ဖမ်းပြီဆိုကတည်းက မှားဖမ်းရင်၊ ကိုယ့်လက်ထဲမှာ အဖမ်းခံရသူတစ်စုံတစ်ခု ထိခိုက်သွားရင် တာဝန်ယူရမှာကို မယူရဲလို့ ခဏလိုက်ခဲ့ပါဦးတို့ လူကြီးက မေးစရာရှိလို့ခေါ် ခိုင်းလိုက်တာတို့ သုံးပြီးဖမ်းနေကြတာ၊ ဘယ်လိုပြောခေါ်ခေါ် အခေါ်ခံရတဲ့သူက သူသွားချင်တဲ့နေရာမသွားရဘဲ ခေါ်ဆောင်ခံရကတည်းက ဖမ်းဆီးချုပ်နှောင်ရာရောက်တာပဲ” ဒီလိုဖြေလိုက်တယ်။

သူက ထပ်မေးတယ်ဗျ။ “ဒါဆို ရုပ်ရှင်ထဲမှာ ရဲက အဖမ်းခံရတဲ့သူကို မင်းဘာမှမပြောဘဲ နေခွင့်ရှိတယ်၊ မင်းပြောတဲ့စကားတွေ သုံးပြီးမင်းအပေါ်တရားရုံးမှာ အပြစ်ပေးဖို့တင်ပြနိုင်တယ်၊ မင်းရှေ့နေခေါ်ခွင့်ရှိတယ်၊ ရှေ့နေနဲ့ တိုင်ပင်ပြီးမှထွက်ဆိုလို့ရတယ်ဆိုတာတွေ ပြောတယ်ဗျ။ ဒီမှာရော ရဲဖမ်းရင် ဘာမှမပြောနိုင်ဘူး ရှေ့နေနဲ့တိုင်ပင်ပြီးမှ ပြောနိုင်မယ်လို့ရလား၊ ဒီက ရဲတွေဖမ်းရင် ဘာမှမပြောဘဲနေခွင့်ရှိတယ်လို့ မပြောကြပါဘူး။ ရှေ့နေကလည်း ရုံးရောက်မှခေါ်ကြရတာပဲ ဘာလို့လဲ”လို့ ထပ်မေးတယ်ဗျ။

ကျွန်တော်ရှင်းပြချင်ပါတယ်။ ဟိုတစ်နေ့ကလည်း Facebook မှာ အကြောင်းအရာမျိုးတွေ သိချင်သူနဲ့ ဖြေသူတွေ အပြန်အလှန်မေးကြ ဖြေကြ လုပ်နေတာ တွေ့လိုက်တယ်ဗျ၊ စာဖတ်သူတွေထဲမှာလည်း အနောက်တိုင်းရုပ်ရှင်ထဲမှာပါတဲ့ ဥပဒေအသုံးအနှုန်းတချို့နဲ့ ဒီက လုပ်ပုံကိုင်နဲ့မတူတာ သတိထားမိပြီး သိချင်နေကြသူတွေလည်း ရှိမယ်။ ဥပဒေလေ့လာနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ ရဲလုပ်ထုံးလုပ်နည်း သိချင်သူတွေလည်း ရှိနိုင်တော့ အမေရိကန်နဲ့ မြန်မာနိုင်ငံမှာ ကျင့်သုံးတဲ့ဥပဒေမတူလို့ ဒီလိုကွဲပြားနေရတာလေးကို ရှင်းပြလိုပါတယ်။

အမေရိကန်မှာ အတင်းမေးလို့မဟုတ်တဲ့ အလိုလျောက်ထွက်ဆိုချက်ကို တရားရုံးတော်မှာ တင်ပြရင်ရပါတယ်။ (admissible) ဖြစ်ပါတယ်။ ဒါဟာ အလိုလျောက်ထွက်ဆိုချက်ဆိုတာ ထင်ရှားအောင် လုပ်ရပါတယ်။ အဖမ်းခံရတဲ့သူကို သူဟာ သူ့ကိုထိခိုက်စေမည့် အချက်မျိုး ထွက်ဆိုဖို့တာဝန်မရှိဘူးလို့ သတိပေးရတယ်၊ သတိပေးပြီးမှ ထွက်ဆိုရင် ထွက်ဆိုတဲ့အချက်ကို တရားရုံးမှာ တင်ခွင့်ရှိပါတယ်။ (မသိလို့ထွက်တာမဟုတ်တော့ဘူးပေါ့) အဲဒီလုပ်ထုံးလုပ်နည်းက **၁၉၆၆ ခုနှစ် မီရန်ဒါဆိုတဲ့ အမျိုးသမီး အာရီဇိုးနားပြည်နယ် အမှု** (Miranda Vs Arezona) အမှု စီရင်ထုံးကစပြီး အမေရိကန်ပြည်ထောင်စုမှာ ပြင်ဆင်ကျင့်သုံးလာတာပါ။

အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေငါးကြိမ်မြောက်ပြင်ဆင် ဖြည့်စွက်ချက် (fifth amendment) မှာ အမေရိကန်ပြည်သူတွေရဲ့ ရပိုင်ခွင့်အခွင့်အရေးတစ်ခုက မိမိကို ထိခိုက်စေမည့် ထွက်ဆိုချက်ကိုပေးရန် တာဝန်မရှိစေရဘူးဆိုတာ ပါပါတယ်။ အဲသည် စီရင်ထုံးမှာ ဖမ်းဆီးခံရသူကို သူ့ရဲ့ဖွဲ့စည်းပုံအရ ရထားတဲ့အခွင့်အရေးရှိတယ်ဆိုတာကို ဖမ်းတဲ့အခါ သတိပေးရမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် အမေရိကန်ရဲတွေ လူဖမ်းတဲ့အခါ မီရန်ဒါသတိပေးချက်၊ မီရန်ဒါအခွင့်အရေး(Miranda warning-Miranda right)လို့ ခေါ်တဲ့ သတိပေးစကားကို ပြောရတာပါ။ မီရန်ဒါ သတိပေးချက်မှာ အချက်(၅)ချက်ပါပါတယ်။

(၁) မင်းဘာမှ မပြောဘဲနေခွင့်ရှိတယ်၊ မေးခွန်းတွေမဖြေဘဲနေနိုင်တယ်၊

(၂) မင်းပြောသမျှ တရားရုံးတင်ရင် မင်းကိုအရေးယူဖို့ အသုံးချနိုင်တယ်၊

(၃) မင်းမဖြေဆိုမီ ရှေ့နေနဲ့တိုင်ပင်လို့ရတယ်၊ စစ်နေတုန်း ရှေ့နေခေါ်ထားလို့ရတယ်၊

(၄) မင်းရှေ့နေစရိတ်မတတ်နိုင်ရင် စီစဉ်ပေးမယ်၊

(၅) မင်း ရှေ့နေမပါဘဲ ရဲမေးခွန်းတွေဖြေမယ်ဆိုရင်လည်း ကြိုက်တဲ့အချိန်မှာ ရပ်ထားနိုင်တယ်၊ အဲဒါတွေကတော့ မီရန်ဒါအခွင့်အရေးမှာပါတဲ့ အချက်တွေပါ။

ဒါပေမဲ့ အဲဒီအခွင့်အရေးတွေက အမှုတိုင်းမှာ တရားခံတိုင်းမှာ မလုပ်မဖြစ် ပုံသေကားကျလို့တော့ မထင်ပါနဲ့။ ဒီအခွင့်အရေးပေးစရာမလိုတဲ့ ကင်းလွတ်ချက်ပေးထားတာတွေရှိတယ်။ ဥပမာ ယာဉ်ထိန်းရဲက မော်တော်ယာဉ်အမှုနဲ့ဖမ်းတာမျိုး၊ နောက်ပြီး အများပြည်သူလုံခြုံရေး ထိခိုက်စေတဲ့အမှုမျိုး(အကြမ်းဖက်သမားကိုဖမ်းတာမျိုး၊ အပြစ်ဒဏ်လေးနက်တဲ့ အမှုကြီးတွေက တရားခံတွေဖမ်းတာမျိုးတွေမှာ သူ့ဥပဒေအလိုက် လုပ်ဆောင်ရမည့် ခြွင်းချက်ကျင့်ထုံးတွေပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဟုတ်တယ်လေဗျာ၊ အကြမ်းဖက်သမားကို အမြန်စစ် အဆက်အသွယ်တွေဝှက်ထားတဲ့ ဗုံးတွေ၊ လက်နက်တွေ အမြန်ဖော်ထုတ်မှ လူတွေ အသက်ချမ်းသာရာရမည့်အရေးမှာ သူ့ရှေ့နေခေါ်မှာ တိုင်ပင်မှာစောင့်မေးနေရရင် အခွင့်အရေးတွေပေးနေရရင် လူတွေသေကုန်မှာပေါ့။

သူတို့ဆီမှာ အလိုလျောက်ထွက်ဆိုချက်ကို တရားရုံးတင်ရပေမဲ့ မြန်မာနိုင်ငံမှာတော့ သက်သေခံဥပဒေအရ ရဲထံ ထွက်ချက်ကို သက်သေခံတင်ခွင့်မရှိဘူး။ ဘာပြောပြော အဲသည်ထွက်ချက်ကို ရုံးရှေ့တင်ခွင့် ပေးမထားတဲ့အတွက် သူ့အပေါ်သုံးမှာ ပူစရာမရှိဘူး။ သူ့ကို သတိပေးဖို့လည်း မလိုဘူး။ ကျွန်တော်တို့ဥပဒေမှာ အဲသည်အခွင့်အရေးကိုလည်း သီးသန့်ပြဋ္ဌာန်းပေးထားတာမရှိဘူးဗျ။ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄/၃၆၄ အရ တရားသူကြီးရှေ့ ထွက်ဆိုတဲ့ဖြောင့်ချက် (confession) ကိုတော့ အလိုလျောက်ထွက်ဆိုချက် (Voluntary statement)လို့ သတ်မှတ်တဲ့အတွက် သက်သေခံတင်ခွင့်ပေးထားပါတယ်။ (ဒါက ရဲထံ ထွက်ဆိုချက်မဟုတ်ဘူးနော်)

ဒါကြောင့် ရဲကဖမ်းရင် အနောက်တိုင်းရုပ်ရှင်တွေထဲကလို မေးတဲ့မေးခွန်းမဖြေဘဲ နေခွင့်မရှိပါဘူး။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၁ မှာ ရဲရဲ့စစ်ဆေးခြင်းနဲ့ပတ်သက်လို့ ပြဋ္ဌာန်းထားတာက စစ်မေးခြင်းခံရသူဟာ မိမိကိုအပြစ်ဖြင့်စွဲဆိုခြင်းဖြစ်စေမည့် မေးခွန်းမှတစ်ပါး မေးခွန်းအားလုံးကို ဖြေဆိုရန်တာဝန်ရှိသည်လို့ ပြဋ္ဌာန်းထားလို့ မဖြေဘဲနေခွင့်မရှိပါဘူး။ ကျင့်ထုံးအရ ရဲက ဖမ်းဆီးစစ်ဆေးစဉ်မှာ စစ်ဆေးခံရသူက ရှေ့နေနဲ့တိုင်ပင်ပြီးမှ အစစ်ခံမယ်ဆိုတာကို ခွင့်ပြုဖို့ပြဋ္ဌာန်းချက်မရှိပါဘူး။ လက်တွေ့အားဖြင့်လည်း လူတစ်ယောက်ကို ဖမ်းဆီးစစ်ဆေးရာမှာ ရှေ့နေခေါ်ခွင့်ပြုပြီး ရှေ့နေရှေ့မှောက်မှာစစ်ဆေးတာမျိုးမရှိပါဘူး။ ရှေ့နေဟာ တရားရုံးတင်ပြီးမှ တရားခံဘက်က ထုချေလျှောက်လဲကြပါတယ်။ ရဲစခန်းအမှုစစ်နေစဉ် ရှေ့နေအဝင်မခံပါဘူး။ ဘာကြောင့်လဲဆိုတော့ ရဲထံထွက်ဆိုချက်ဟာ ရုံးမှာ သက်သေခံတင်ခွင့်မရှိတဲ့အတွက် ရှေ့နေနဲ့တိုင်ပင်ပြီးမှ ထွက်ဖို့အခွင့်အရေးပေးရန် မလိုပါဘူး။

ရဲက အမှုစုံစမ်းစစ်ဆေးနေတုန်းမှာ ရှေ့နေအပါအဝင် အပြင်လူတွေနဲ့ ပေးတွေ့လို့မရတဲ့သဘောတွေလည်း အရေးကြီးအမှုတွေမှာ ရှိပါတယ်။ အမှုပေါက်ကြားမည့်ကိစ္စ၊ တရားခံအခြေအနေ၊ ဆက်ပြီးအမြန်လက်ဦးမှုယူဖော်ထုတ်ရမည့် ကွင်းဆက်တရားခံ၊ မဖျောက်ဖျက်မီသိမ်းဆည်းရမည့် သက်သေခံပစ္စည်း စတာတွေဟာ တရားခံစစ်နေတုန်း အခွင့်အရေးတွေပေးနေရင် အမှုပျက်သွားနိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့စနစ်ကတော့ ရာဇဝတ်မှုနဲ့ ဖမ်းထားတဲ့ တရားခံကိုရှေ့နေနဲ့တိုင်ပင်ပြီးမှ ဒါမှမဟုတ် ရှေ့နေ ရှေ့မှောက်မှာ စစ်တဲ့အမှု မရှိသလောက်နည်းမှာပါ။(တစ်ခါတစ်ရံ လူမသိသူမသိ နယ်ကပေါ့တန်သောအမှုများမှာ မျက်နှာနာလို့ လိုက်လျောတာမျိုးရှိရင်လည်း ရှိနိုင်လို့ပါ။ ဒါက လူမှုရေးပါ၊ ဥပဒေမဟုတ်ပါဘူး)

တစ်ခုလည်း စာဖတ်သူတို့ စဉ်းစားကြည့်စေချင်ပါတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်ကတော့ ကောင်းပါတယ်။ သူ့ဥပဒေနဲ့က ကိုယ့်ဥပဒေ မတူဘူးကိုး။ သို့သော် FDA က မိန်းကလေးကို တဏှာစီဒရိုင်ဘာကသတ်တဲ့အမှု တရားရုံးရောက်မှ သူမတတ်နိုင်လို့ ဥပဒေနဲ့အညီ နိုင်ငံတော်စရိတ်နဲ့ ရှေ့နေငှားပေးတာတောင် မတရားဘူးလို့ ဝိုင်းအော်လိုက်ကြတာ။ တကယ်လို့ ဖမ်းကတည်းက သူကကျုပ်ဘာမှမဖြစ်နိုင်ဘူး။ ရှေ့နေခေါ်ပေး ရှေ့နေနဲ့တိုင်ပင်ပြီးမှ အစစ်ခံမယ်ဆိုရင် ဒီအခွင့်အရေးပေးသင့်လားဗျာ၊ ဟုတ်ပြီနော်တစ်မှု၊ အခုလက်ရှိ မလေးရှားကို မူးယစ်ဆေးဝါး ခေါ်လာ ဆယ့်ရှစ်သန်းဖိုးလောက်တင်ပို့တဲ့အမှုက တရားခံ မနေ့တစ်နေ့က ထွက်ပြေးရာကမိပြီးလို့စစ်တော့ ခင်ဗျားရဲ့အရာရှိဆိုရင် သူက ကျုပ်ကို ဘာမှမမေးနဲ့ မဖြေနိုင်ဘူး။ ကျုပ်ရှေ့နေရှေ့ကျမှမေး ဒီအခွင့်အရေးပေးမှာလားဗျာ။

ဒါကြောင့် အနောက်တိုင်းရုပ်ရှင်ထဲကလို ရဲဖမ်းရင် ဘာမှ မပြောနိုင်ဘူး။ ရှေ့နေလာမှ ပြောမယ်လို့ မငြင်းသင့်ဘူးဗျ။ ဥပဒေက မတူဘူး။

ဇေယျာမင်းမင်းဝင်း

>>> စာမျက်နှာ(၁၃)မှအဆက်

တိုက်ဆိုင်စစ်ဆေးတိုင်း။ မယုံကြည်ထိုက် သော သက်သေ(Hostile Witness)ယူ၍ သတ်မှတ်ခြင်းမပြုနိုင်ပေ။ သက်သေခံဥပဒေပုဒ်မ ၁၅၅ အရ ရှုတ်ချမေးမြန်းခြင်းပြုပြီးမှသာ ၎င်းသက်သေသည် မယုံကြည်ထိုက်သော ဆန့်ကျင်သက်သေဖြစ်ကြောင်း ကြေညာခြင်း ပြုရပေမည်။

(ဒေါ်ညွှန့်စိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးကြည်ဝင်းပါ ၂ မ·တ·စ စာ- ၁)

အကြံပြုချက်

အထက်ဖော်ပြပါ စီရင်ထုံးများပါ လမ်းညွှန်ချက်ကို ဖတ်ရှုပြီး ဆန့်ကျင်ဘက်သက်သေ၊ မယုံကြည်ထိုက်သောသက်သေ၊ ယခုသတင်းဂျာနယ်တွေမှာ ခေတ်စားနေတဲ့ အသုံးအနှုန်း မှုသားသက်သေဆိုတာ ဘယ်လို အချိန်အခါမျိုးမှသာ ကြေညာနိုင်ကြောင်း ဗဟုသုတအဖြစ် ဖတ်ရှုလေ့လာနိုင်ရန် ရေးသားတင်ပြခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်းပိုမိုသိရှိနိုင်ရန်အတွက်သက်သေခံဥပဒေပုဒ်မ ၁၅၅ ပါ ပြဋ္ဌာန်းချက်ဆက်နွှယ်နေတဲ့ စီရင်ထုံးများကိုပါ ဖတ်ရှုလေ့လာနိုင်ပါတယ်။ မိမိဘက်က ပြသတဲ့သက်သေကို ဘယ်လိုပြန်လှန်မေးခွန်းတွေမေးပြီး ၎င်း၏စာရိတ္တနှင့်ပတ်သက်လို့ မယုံကြည်ထိုက်တဲ့သက်သေဖြစ်ကြောင်း ဖော်ထုတ်နိုင်မလဲဆိုတဲ့ကိစ္စတွေပါ တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

စာဖတ်သူများ ဥပဒေဗဟုသုတ တိုးပွားကြပါစေ။

ဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ-ပဲခူး)

အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂

## မိဘပြည်သူများသို့ အသိပေးကြေညာချက်

မှုခင်းသတင်းဂျာနယ်တိုက်မှ သတင်းထောက်မဟုတ်သောသူများသည် မှုခင်းသတင်းထောက်အသွင်ယူ၍ ပြည်သူများထံ လိုက်လံငွေတောင်းခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိပါသည်။

ထိုသတင်းအား မှန်ကန်မှု ရှိ/မရှိ မှုခင်းသတင်းဂျာနယ်တိုက်မှ တာဝန်ရှိသူများက လိုက်လံစုံစမ်းလျက်ရှိပါသည်။ ဂျာနယ်တိုက်အား ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်အောင် ပြုလုပ်သည့် သတင်းထောက် အတုအယောင်များအား သိရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ထိုသတင်းအချက်အလက်များကို သေချာတိကျစွာ သိရှိပါက ဖော်ပြပါ ဖုန်းနံပါတ် ၀၁-၂၄၅၃၆၀၊ ၀၁-၂၅၂၅၃၈၊ ၀၉-၉၇ ၅၀၀၀၁၈၂၊ ၀၉-၅၀၀၀၁၈၂ သို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

မှုခင်းသတင်းဂျာနယ်
အယ်ဒီတာအဖွဲ့

(ဤဥပဒေပညာပေးကဏ္ဍတွင်ပါဝင်သော ဆောင်းပါးများတွင်ပါရှိသည့် အရေးအသား အတွေးအခေါ်အယူအဆများသည် ဆောင်းပါးရှင်၏ အာဘော်သာ ဖြစ်ပါသည်)

www.free4reader.com



# ဥပဒေဒိုင်ယာရီ (၂၉၁)

UTK (မဟာဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ)

## တရားရုံးစီရင်ချက်အမျိုးမျိုး(၁)

**ကိုဖြူ** ။ ။ တရားရုံးကအမှုတွေအပေါ်ဆုံးဖြတ်ချက်တွေဟာ တသမတ်တည်း၊ တစ်သဘောတည်း ညီညွတ်ကြသလားဆရာ။

**ယုတ္တိကေ** ။ ။ ရာဇဝတ်မှုတွေမှာ ပြစ်မှုထင်ရှားတွေ့ရှိခြင်း (Finding) နဲ့ ပြစ်ဒဏ်(Punishment)တွေဟာ တရားရုံးနဲ့ တရားသူကြီးရဲ့ အကြောင်းခြင်းရာအပေါ် ကောက်ယူ/ ထင်မြင်ယူဆချက်(Issue of Fact) အနည်းငယ်ကွဲလွဲမှုရှိတတ်တယ်။ ဥပဒေကြောင်းဆိုင်ရာ ကောက်ယူထင်မြင်ယူဆချက်(Issue of Law)မှာတော့ ဥပဒေပြဋ္ဌာန်းချက်အတိုင်း တစ်သဘောတည်း ညီညွတ်ကြရပါတယ်။

အလားတူပါပဲ။ တရားမမှုတွေမှာလည်း အကြောင်းခြင်းရာ၊ စာချုပ်စာတမ်း သက်သေခံချက်တွေအပေါ်မှာ အနည်းငယ်ကွဲလွဲယူဆ/ကောက်ယူနိုင်ပေမဲ့ – ဥပဒေပြဋ္ဌာန်းချက်ကိုတော့ တစ်သဝေမတိမ်း လိုက်နာကြရပါတယ်။

ရာဇဝတ်မှုပဲဖြစ်ဖြစ်၊ တရားမမှုပဲဖြစ်ဖြစ် အမှုစတင်တည်ဆောက်၊ တရားစွဲဆိုတဲ့အမှုကို မူလမှု(Original Case/ Suit)လို့ခေါ်တယ်။ အမှုစတင်စွဲဆိုတဲ့တရားရုံးကို မူလတရားရုံးလို့ ခေါ်တယ်။

အချို့ရာဇဝတ်မှုတွေကို မြို့နယ်တရားရုံးအဆင့်မှာ စတင်စွဲဆိုကြရတယ်။ သတ်မှတ်ထားတဲ့ ရာဇဝတ်မှုကြီးတွေကိုတော့ ခရိုင်တရားရုံးကို တရားစွဲတင်စစ်ဆေးရတယ်။ ဒါကြောင့် မူလရုံး (Original court)ဆိုတာ မြို့နယ်တရားရုံး၊ သို့မဟုတ် ခရိုင်တရားရုံး ဆိုပြီး ရှိတတ်ပါတယ်။ ဒါကြောင့် ရာဇဝတ်မူလမှု (ရာဇဝတ်ကြီးမှု) ဟာ မြို့နယ် (သို့မဟုတ်)ခရိုင်ရုံးမှာ ရှိပါတယ်။

တရားမမှုတွေမှာလည်း ငွေကြေးတန်ဖိုးသိန်း ၁၀၀ကျပ်အထိ ရှိတဲ့ အမှုဆိုရင် မြို့နယ်တရားရုံးမှာ မူလမှု(တရားမကြီးမှု)စတင်စွဲဆိုရတယ်။ ကျပ်သိန်း ၁၀၀၀၀ ကျပ်အထိ ငွေကြေးတန်ဖိုးရှိတဲ့ တရားမမှုတွေဆိုရင် ခရိုင်တရားရုံးမှာ အမှုစတင်စွဲဆိုရတယ်။ ကျပ်သိန်း (၁၀၀၀၀)အထက် တန်ဖိုးရှိတဲ့ တရားမကြီးမှုတွေကိုတော့ တိုင်းဒေသကြီးတရားလွှတ်တော်နဲ့ ပြည်နယ်တရားလွှတ်တော်တွေမှာ အမှုစတင်စွဲဆိုကြရပါတယ်။ ဒါကြောင့် တရားမကြီးမှုတွေဟာ မြို့နယ်/ခရိုင်/ တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်တွေမှာရှိကြပါတယ်။ ဒီလိုရာဇဝတ်/တရားမမှုတွေကို အဲဒီတရားရုံးများက စစ်ဆေးပြီး အပြီးသတ်စီရင်ချက်ချကြပါတယ်။ ဒီစီရင်ချက်၊ ဒီကရီ၊ ပြစ်မှုပြစ်ဒဏ်ကို မူလရုံး အမိန့်/စီရင်ချက်လို့ ခေါ်ပါတယ်။

မူလရုံး (မြို့နယ်/ခရိုင်/တိုင်း/ပြည်နယ်လွှတ်တော်)က ချမှတ်တဲ့ စီရင်ချက်၊ ဒီကရီ၊ အမိန့်များအပေါ် မကျေနပ်တဲ့အမှုသည်က အထက်တရားရုံးကို အယူခံ/ပြင်ဆင်မှုတက်ရောက်နိုင်ပါတယ်။ အယူခံရုံး/ပြင်ဆင်ရုံးလို့ ခေါ်ပါတယ်။ မြို့နယ် တရားရုံးက စီရင်ချက်အပေါ် ခရိုင်ရုံးကို တက်နိုင်တယ်။ ခရိုင်ရုံးရဲ့ စီရင်ချက်အပေါ် တိုင်း/ပြည်နယ် တရားလွှတ်တော်ကို တက်နိုင်တယ်။ တိုင်း/ပြည်နယ်/ တရားလွှတ်တော်က စီရင်ချက်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် (နေပြည်တော်)ကို အယူခံ/ပြင်ဆင်မှုတက်ရောက်နိုင်ပါတယ်။ ဒါကြောင့် (ခရိုင်/တိုင်း/ပြည်နယ်) ရုံးတွေဟာ မူလမှုရော အယူခံ/ပြင်ဆင်မှုရော စစ်ဆေးကြားနာနိုင်တဲ့ တရားရုံးများဖြစ်ကြပါတယ်။ နေပြည်တော်ရုံးကတော့ အယူခံနဲ့ပြင်ဆင်မှုရုံးဖြစ်တယ်။

ကိုဖြူမေးတဲ့ ဒီမူလရုံး၊ အယူခံရုံး၊ ပြင်ဆင်မှုရုံးတွေရဲ့ စီရင်ချက်၊ အမိန့်တွေဟာ–

(က) အချို့မှာ ရုံးအားလုံးတစ်သမတ်တည်း၊ တစ်သဘောတည်း ဆုံးဖြတ်တတ်ပါတယ်။

(ခ) အချို့အမှုမှာ တစ်ရုံးနိုင်၊ တစ်ရုံးရှုံး၊ နောက်တစ်ရုံးထပ်နိုင်၊ စုံညီရုံးကျတော့ ပြန်ရှုံးအမျိုးမျိုး ကွဲလွဲဆုံးဖြတ်ကြတာလည်း ရှိတတ်ပါတယ်။

**ကိုဖြူ** ။ ။ ကြောက်စရာကြီးပါလား ဆရာ။ ဘာကြောင့်တစ်သဘောတည်း မဖြစ်ကြရတာလဲ။

**ယုတ္တိကေ** ။ ။ ဆုံးဖြတ်ချက် ချမှတ်တဲ့တရားသူကြီးများဟာလည်း လူသားများဖြစ်ကြပါတယ်။ လူသားဟာအကြောင်းခြင်းရာအပေါ်မှာ မိမိရဲ့အတွေ့အကြုံအယူအဆအရ ကွဲလွဲယူဆတတ်ကြပါတယ်။ (Opinion may differ from one to another)ဒီလိုကွဲလွဲမှုနည်းပါးအောင်၊ သက်သေခံအက်ဥပဒေလို့ခေါ်တဲ့ (တရားရုံးများက လက်ခံစဉ်းစားရမယ့် သက်သေ၊သက်သေခံချက်အကြောင်း) လုပ်ထုံးလုပ်နည်း ဥပဒေကို တိတိကျကျ ပြဋ္ဌာန်းပေးထားတယ်။ တရားသူကြီး လုပ်တဲ့သူဟာ မိမိစဉ်းစားချင်တဲ့အချက်ကို စဉ်းစားပြီး မစဉ်းစားချင်တဲ့ အချက်ကို လျစ်လျူရှု/ပယ်လို့မရဘူး။ ဒါပေမဲ့ လွတ်လပ်တဲ့ ဆင်ခြင်တုံတရားဆိုင်ရာအချက်တွေလည်း သုံးခွင့်ရှိတယ်။



ဥပမာ။ လူခိုးမှု/မိန်းမ ခိုးမှုတစ်ခု၊ မိန်းကလေးရဲ့ အသက်ပြည့်မပြည့်နဲ့ပတ်သက်လို့ (တရားလို/တရားခံ)နှစ်ဖက်က သက်သေခံချက်တွေအမျိုးမျိုး ကွဲကွဲလွဲလွဲတင်ပြလာတယ်ဆိုပါစို့။

(က) မိန်းကလေးရဲ့ဇာတာ
(ခ) မိန်းကလေးရဲ့ မွေးစာရင်း
(ဂ) မိန်းကလေးရဲ့ကျောင်းဝင်အသက်
(ဃ) မိန်းကလေးရဲ့ (၁၀)တန်းဖြေတဲ့အသက်
(င) ဆရာဝန်ရဲ့ အသက်အပေါ်ဆေးစစ်၊ ထင်မြင်ချက်
(စ) မိန်းကလေးနဲ့ မွေးဘက်ဖြစ်သူရဲ့ သက်သေခံချက်
(ဆ) ရုံးရှေ့ရှိ မိန်းကလေးရဲ့ ခန္ဓာကိုယ်ဖွံ့ထွားမှု။
(ဇ) မိန်းကလေးရဲ့ နိုင်ငံသားစိစစ်ရေးကဒ်ပြား။

တရားရုံးကဘယ်အချက်ကို ဦးစားပေးယုံကြည်ပြီး ဆုံးဖြတ်မလဲ။ ဒါတွေက အကြောင်းခြင်းရာ အပေါ်ကောက်ယူဆုံးဖြတ်ချက်ပါ။ ဒါပေမဲ့ ဥပဒေပြဋ္ဌာန်းချက်ဖြစ်တဲ့ (အသက် (၁၆)နှစ် မပြည့်သေးသော မိန်းကလေးကို ခိုးယူပေါင်းသင်းရင်)ဆိုတဲ့အချက် ပေါ်မှာတော့ (၁၆) နှစ်စံက ကွဲလွဲလို့မရပါဘူး။

**ကိုဖြူ** ။ ။ တရားမမှုတွေမှာ တရားရုံးအမျိုးမျိုးမှာ ဆုံးဖြတ်ချက်အမျိုးမျိုးဖြစ်နေရင် ရှေ့နေတွေ ဘယ်ဟာမှန်တယ်လို့ လျှောက်လဲပြောဆိုကြသလဲဆရာ။

**ယုတ္တိကေ** ။ ။ ကိုယ့်အမှုကိုအနိုင်ပေးတဲ့ တရားရုံး (တရားသူကြီး)ရဲ့ ဆုံးဖြတ်ချက်သာ မှန်ကန်ကြောင်း၊ မျှတကြောင်း၊ ဥပဒေနဲ့ ညီညွတ်ကြောင်း၊ မှားယွင်းမှုတစ်စုံတစ်ရာမရှိကြောင်း (စံမတူ၊ ရှားမှရှား၊ ပြိုင်ဘက်ကင်းအောင်) ကောင်း၊ မှန်၊ မျှတတဲ့ ဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောပြတာပေါ့ဗျာ။

**ကိုဖြူ** ။ ။ ဆရာ့အနေနဲ့ ဒီလိုအမျိုးမျိုးဆုံးဖြတ်တဲ့စီရင်ချက်တွေအပေါ် ဘယ်လို လျှောက်လဲခဲ့ဖူးလဲ။ ပြောပြပါဆရာ။

**ယုတ္တိကေ** ။ ။ တစ်ခါက မြေတစ်ကွက်ကို နှစ်ပိုင်းပိုင်းပြီးဝယ်သူ (A) (B)နှစ်ဦးကို မှတ်ပုံတင်စာချုပ်နဲ့ တစ်ချိန်တည်း ရောင်းခဲ့တယ်တဲ့။ နောင်အနှစ်(၃၀)ကြာတဲ့အခါမှာ ရောင်းသူနဲ့ အမွေဆိုင်ဆိုသူ(X) ပေါ်လာပြီး၊ အရောင်းအဝယ်ပျက်ပြယ်ကြောင်းနဲ့ မြေလက်ရောက်ပြန်ရလိုမှုစွဲတယ်။ တရားလိုတစ်ယောက်တည်းနဲ့ တရားမ မူလမှု (၂)မှု (A)အပေါ်တစ်မှုနဲ့ (B)အပေါ်တစ်မှုစွဲတယ်။ ဒါပေမဲ့ ဒီနှစ်မှုက အမှုစွဲတော့ တရားခွင်(ရုံး)နှစ်နေရာကွဲပြီးရောက်သွားတယ်။ တရားသူကြီး မတူတော့ဘူး။ တရားလိုရှေ့နေတစ်ယောက်တည်း။ တရားပြိုင်ရှေ့နေလည်း အတူတူပဲ။

ဆုံးဖြတ်ချက်များ–

(က) A ပေါ်စွဲတဲ့ အမှုဟာ အမှုစွဲဆိုရန် ကာလစည်းကမ်းသတ် (၁၂)နှစ်ကျော်လို့ဆိုပြီး မူလမှုကိုပယ်တယ်။ တရားလို (X)ရှုံးတယ်။ (X)က အထက်အယူခံရုံးကို တက်တယ်။ အယူခံရုံး(၂)ရုံးလုံး ရှုံးတယ်။ (X)ဟာ မြေမရထိုက်ဘူး ဆုံးဖြတ်တယ်။ နေပြည်တော်ရုံးအထိ (X)အမှုကို ပလပ်တယ်။ (X)ရှုံးတယ်။

(ခ) B ပေါ်စွဲဆိုတဲ့အမှုဟာ ကာလစည်းကမ်းသတ်မကျော်ဘူးလို့ မူလရုံးက ဆုံးဖြတ်တယ်။ (X)ဟာမြေလက်ရောက်ရထိုက်တယ်လို့ ဆုံးဖြတ်တယ်။ (B)ကို မြေက နှင်ထုတ်တဲ့မြေအပ်ဝရမ်း ထုတ်ခဲ့တယ်။ (B)က အထက်ရုံးအဆင့်ဆင့် အယူခံတက်တယ်။ အယူခံပယ်တယ်။ (B) ရှုံးတယ်။

(ဂ) B ရဲ့အမှုကို စာရေးသူ နေပြည်တော်မှာ လိုက်ပေးခဲ့ရဖူးတယ်။ A ရဲ့အမှုကို နေပြည်တော်တရားသူကြီးက ကာလစည်းကမ်းသတ်ကျော်လွန်တာမှန်ကြောင်း ဖြေဆိုပြီး(X)ရဲ့ အယူခံပလပ်ခဲ့ပြီးပြီ၊ အဲဒီစီရင်ချက်တာဝန်ခံ မိတ္တူကူးထားရတယ်။

(ဃ) မူလရုံးမှာ တရားသူကြီး မတူကြဘူး။ စီရင်ချက်မတူဘူး။ ကွဲလွဲခဲ့တယ်။

(င) ပထမ အယူခံရုံးမှာလည်း တရားခွင်(ခုံ) တရားသူကြီး မတူပြန်ဘူး။ စီရင်ချက်မတူဘူး။ ကွဲလွဲခဲ့တယ်။

(စ) ယခုနေပြည်တော်မှာ (X)ရဲ့ အမှုကို ဆုံးဖြတ်ပြီးဖြစ်တယ်။ (X)ရှုံးတယ်။ တရားသူကြီး တစ်ယောက်က ဆုံးဖြတ်ထားတယ်။

(ဆ) ယခု စာရေးသူအယူခံဝင်ရောက်လာတဲ့ (B)ရှုံးတဲ့အမှုနဲ့ ယခင် ဤနေပြည်တော်ရုံးမှာ တရားသူကြီး ဆုံးဖြတ်ခဲ့တဲ့(A)ရဲ့ အမှုတွေဟာ

၁။ တရားလိုတစ်ယောက်တည်းဖြစ်တယ်။
၂။ မြေတစ်ကွက်တည်းကို ပိုင်းခွဲရောင်းခဲ့တာဖြစ်တယ်။
၃။ တစ်ချိန်တည်းမှာ ရောင်းသွားခဲ့တာဖြစ်တယ်။
၄။ ရောင်းသူအမည်ပေါက်ခဲ့တယ်။ အတူတူပဲ။
၅။ မှတ်ပုံတင်စာချုပ်နဲ့ ရောင်းခဲ့တာအတူတူပဲ။
၆။ အနှစ်(၃၀)ကျော် မြေကိုဝယ်သူလက်ရောက်ရခဲ့ပြီး ဖြစ်တယ်။
၇။ ဝယ်သူမြေအမည်ပေါက်ခဲ့တာ အနှစ်(၃၀)အတူတူပဲ။
၈။ ဝယ်ခဲ့ပြီး (၁၂)ကျော် အနှစ်(၃၀)ရှိမှ တရားမမှုနှစ်မှုကို (X)က စွဲဆိုလာတာ အတူတူပဲ။
၉။ အောက်တရားရုံးတွေမှာ ဆုံးဖြတ်ချက် အမျိုးမျိုးကွဲလွဲခဲ့တယ်။
၁၀။ ဤနေပြည်တော် တရားရုံးက (A)ရဲ့အမှုဟာ ကာလစည်းကမ်းသတ်ကျော်ပြီလို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်တယ်။
၁၁။ ဒါကြောင့် အယူခံတရားလို (B)ရဲ့အမှုအပေါ်မှာ အမြင့်ဆုံး တရားရုံးဖြစ်တဲ့ ဤရုံးက(ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ) တစ်သဘောတည်း ညီညီညွတ်ညွတ်ကောက်ယူသင့်ပါတယ်။ ဤရုံးမှာတော့ မကွဲလွဲသင့်ပါဘူးလို့ (ရုံးအဆင့်ဆင့်ကွဲလွဲခဲ့တဲ့ စီရင်ချက်များတင်ပြပြီး) လျှောက်လဲခဲ့ရဖူးတယ်။

**ကိုဖြူ** ။ ။ (B)ရဲ့ အယူခံမှု နေပြည်တော်က ဘယ်လိုဆုံးဖြတ်သလဲဆရာ။

**ယုတ္တိကေ** ။ ။ (A) ရဲ့ အယူခံမှုမှာ ကောက်ယူဆုံးဖြတ်ခဲ့တဲ့အတိုင်း **"ကာလစည်းကမ်းသတ်ကျော်တယ်"**တဲ့။ (B)ရဲ့အယူခံကို ခွင့်ပြုတယ်။ (B) နောက်ဆုံးရုံးမှာ ပြန်နိုင်လို့ မြေပေါ်က မထွက်ရတော့ဘူးဗျ။

(သဗ္ဗေသတ္တာ ကမ္မသကာ)

ယုတ္တိကေ (စိတ်၊ လိပ်၊ ဥ၊ တု)

အချစ်မှခင်း

# နိုင်ငံတကာ အိမ်ထောင်ရေးဥပဒေနှင့် သမီးရည်းစားအရေးတော်ပုံများ

အချစ်ရှေ့နေ

(၁)

**ထူးခြားဆုံး အစည်ကားဆုံး လက်ဖွဲ့ပစ္စည်း အများဆုံးရ ပွဲဖြစ်သော မင်းသားဟယ်ရီနှင့် မီဂန်မာကယ်တို့ မင်္ဂလာပွဲမှ ရရှိထားသည့် မင်္ဂလာလက်ဖွဲ့များပြန်ပေး**

ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနှင့် ကြင်ယာတော် မီဂန်မာကယ်တို့သည် ကုမ္ပဏီများကပေးသော မင်္ဂလာလက်ဖွဲ့ ပေါင်စတာလင် ခုနစ်သန်းဖိုးခန့်ကို နန်းတွင်းစည်းမျဉ်းအရ လက်ခံခွင့်မရှိသဖြင့် ပြန်ပေးလိုက်ကြောင်း ဇွန် ၁ ရက် contctnmusic သတင်းတွင် ပါလာ၏။

ဟယ်ရီနှင့် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်တို့သည် မေ ၁၉ ရက်တွင် ဝင်ဆာရဲတိုက်ရှိ စိန့်ဂျော့ဘုရားကျောင်း၌ ထိမ်းမြားလက်ထပ်ပြီးနောက် လက်ရှိတွင် ကနေဒါသို့ ပျားရည်ဆမ်းခရီးစဉ်အဖြစ် ရောက်ရှိခဲ့ပြီး ၎င်းတို့၏ မင်္ဂလာပွဲတွင် များစွာသော လက်ဖွဲ့ပစ္စည်းများ ရရှိကြ၏။

သို့သော် နန်းတွင်းစည်းမျဉ်းအရ မိမိတို့နှင့် သိကျွမ်းသူများမှလွဲ၍ သူစိမ်းကုမ္ပဏီများထံမှ လက်ဖွဲ့များ လက်ခံခွင့်မရှိပါ။ ထို့ကြောင့် မျက်နှာလိုမျက်နှာရလုပ်ကာ အတင်းအကျပ်ပေးပို့လာသော လက်ဖွဲ့များကို ပြန်ပေးရန် စီစဉ်ရခြင်းဖြစ်သည်ဟု ဆို၏။

မိမိတို့ကို လက်ဖွဲ့များမပေးဘဲ ပရဟိတအဖွဲ့များသို့ ငွေကြေးများ လှူဒါန်းကြရန်လည်း လက်ထပ်ပွဲမတိုင်ခင်ကတည်းကပင် ဟယ်ရီတို့ ဇနီးမောင်နှံက တောင်းဆိုခဲ့ကြသည်။

မင်္ဂလာပွဲတွင် လက်ခံရရှိသည့် ပန်းစည်းများကိုလည်း နိုင်ငံတစ်ဝန်းရှိ ဆင်းရဲသားဂေဟာများနှင့် ဆေးရုံများသို့ ပြန်လည်လှူဒါန်းလိုက်ကြသည်။



ဟယ်ရီတို့ လက်ခံရရှိသည့် မင်္ဂလာလက်ဖွဲ့များထဲတွင် ဩစတြေးလျမှ ပေးပို့သည့် ကိုအာလာဝက်ဝံနစ်ကောင်လည်း ပါဝင်ပြီး ၎င်းတို့ကို ဩစတြေးလျရှိ တိရစ္ဆာန်ရုံမှာပင် ထားရှိမည်ဟု သိရ၏။



(၂)

**မယားနဲ့ပတ်သက်လာရင် လူကြီးလည်း ဒေါသကြီးတာပါပဲ**

**လမ်းပိတ်နေတဲ့ သတင်းသမားကိုတွန်းပြီး ဇနီးသည်အတွက် လမ်းရှင်းပေးခဲ့တဲ့ ကင်ဂျုံအန်**

လတ်တလော သတင်းမီဒီယာတွေပေါ်မှာ ခေတ်စားနေတာကတော့ တောင်-မြောက်-အမေရိကန်တို့ရဲ့ ငြိမ်းချမ်းရေးစကားဝိုင်းတွေပဲ ဖြစ်မယ်ထင်ပါတယ်။ ဒီသတင်းကို လူတွေက ဘာကြောင့်စိတ်ဝင်စားကြတာလဲဆိုတော့ မြောက်ကိုရီးယားက သူတို့ပိုင်ဆိုင်တဲ့ နျူလက်နက်တွေကို



ဖျက်သိမ်းပေးမယ်ဆိုတဲ့ ကတိနဲ့အတူ အရင်က တံခါးပိတ်ဝါဒကနေ အခုဆိုရင် သူတို့ရဲ့ နိုင်ငံတံခါးကို ဖွင့်ပေးလိုက်ပြီလို့ ဆိုရမှာ မို့ပါ။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ရဲ့ လူစိတ်ဝင်စားမှုမြင့်တက်နေတဲ့ နောက်ထပ်ဗီဒီယိုဖိုင်တစ်ခု ထွက်ပေါ်လာခဲ့ပြန်ပါတယ်။ အဲဒါကတော့ ဇနီးဖြစ်သူ ရီဆိုဂျူရဲ့လမ်းမှာ ပိတ်ပြီးဓာတ်ပုံတွေ လိုမ့်ရိုက်နေတဲ့ သတင်းသမားကို ခပ်ဆတ်ဆတ် တွန်းဖယ်ပြီး လမ်းရှင်းပေးခဲ့တာ ဖြစ်ပါတယ်။ သတင်းသမားလည်း သူ့ကို သာမန်လူတစ်ဦးက တွန်းတာကိုခံလိုက်ရတာမဟုတ်တဲ့အတွက် အတော်ကလေး အံ့တို့အန်းတန့် နိုင်သွားမယ်လို့ ယူဆရပါတယ်။ ဒီဗီဒီယိုမှတ်တမ်းဟာ စစ်မဲ့ဇုန်အတွင်းမှာ ကျင်းပခဲ့တဲ့ ညစာစားပွဲမှာ ခေါင်းဆောင်ကင်က သူ့ရဲ့ဇနီးနဲ့ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းကို မိတ်ဆက်ပေးခဲ့တဲ့ မှတ်တမ်းဖြစ်ပါတယ်။ ကင်ဟာ ဒီဖြစ်ရပ်မတိုင်ခင်မှာ ဆိုးလ်မြို့က အရာရှိကြီးတွေရဲ့ ဝန်းရံမှုနဲ့အတူ နောက်မှာ တောင်ကိုရီးယား First Lady နဲ့ စကားကောင်းပြီး ကျန်နေခဲ့တဲ့ သူ့ရဲ့ကတော် ရီဆိုဂျူကို ရပ်စောင့်နေခဲ့တာပါ။ သူ့ရဲ့အနီးက ကော်ဇောနီထက်မှာတော့ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက မြောက်ကိုရီးယားခေါင်းဆောင် ကတော်ဖြစ်တဲ့ ရီဆိုဂျူကို အပြုံးနဲ့လှမ်းကြိုနေတာကိုလည်း တွေ့ရပါတယ်။ ညစာစားပွဲကို သမ္မတ မွန်ဂျေအင်းက တည်ခင်းဧည့်ခံခဲ့တာ ဖြစ်ပါတယ်။ ညစာစားပွဲအချိန်အတွင်းမှာ ရီဆိုဂျူဟာ တောင်ကိုရီးယားသမ္မတ ကတော်ကင်ဂျောင်ဆွတ်နဲ့ စကားတွေကောင်းနေခဲ့ပြီး နှစ်တော်တော်ကြာကြာက ကွဲကွာသွားတဲ့ညီအစ်မတွေလို အခုမှ ပြန်လည်ဆုံတွေ့သလိုမျိုး စကားတွေဖောင်ဖွဲ့နေခဲ့တာ ဖြစ်ကြောင်း သတင်းတွေက အမွှမ်းတင်ခဲ့တယ်လို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်ကင်ကတော့ သူ့အချစ်တော် ဇနီးလေးရဲ့ လမ်းမှာ ပိတ်ဆို့သူမှန်သမျှကို ဖယ်ရှားရှင်းလင်းပေးမယ့်သဘောလို့ ဆိုရမှာ ဖြစ်ပါတယ်။

(၃)

**အကယ်ဒမီ မေသန်းနုရဲ့ မိခင်ဆန်တဲ့ စကားများနဲ့ သူ့သား မင်းသန့်မောင်မောင်ကို အောင်မြင်တဲ့ ဒါရိုက်တာဖြစ်စေချင်တဲ့စိတ်**

သားဖြစ်သူ မင်းသန့်မောင်မောင်ကို သရုပ်ဆောင်ထက် ဒါရိုက်တာ အလုပ်ကို ပိုအားပေးကြောင်း မေသန်းနုက ပြောပြ၏။

"သားအပေါ် မျှော်လင့်ချက်ကတော့ အများကြီးပဲ။ သူတက်နေတဲ့ကျောင်းကလည်း ဒါရိုက်တာကျောင်းဆိုတော့ ပြန်ရောက်ရင်တော့ ဒါရိုက်တာဖြစ်ကိုဖြစ်ရမယ်။ အောင်မြင်တာ၊ မအောင်မြင်တာကတော့ သူ့ကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်တယ်။ မဆင့်တို့ကတော့ အောင်မြင်တဲ့ဒါရိုက်တာတစ်ယောက် ဖြစ်စေချင်တယ်။ သူ့အဖေကတော့ သရုပ်ဆောင်အနေနဲ့ သားကို ရိုက်စေချင်မှာပေါ့။ မဆင့်ကတော့ ဒါရိုက်တာ အလုပ်ကိုပဲ အားပေးပါတယ်" လို့ မေသန်းနုက ပြောပြသည်။

ဧပြီ ၂၅ ရက်က သားဖြစ်သူ မင်းသန့်မောင်မောင်သည် ရန်ကုန်သို့ ကျောင်းကိစ္စအတွက် Look at me ဟု အမည်ရှိသော ၁၅ မိနစ်စာ ဇာတ်လမ်းတို လာရောက်ရိုက်ကူးချိန်တွင် ၎င်းကိုယ်တိုင် မိခင်နေရာက ပါဝင်သရုပ်ဆောင်ပေးခဲ့ပြီး "သားကို ကြည့်ရတာ တကယ့်ကို စေ့စေ့စပ်စပ်နဲ့ ဖြစ်သလိုမရိုက်ဘူး။ တကယ့်ကို အနုစိပ်တယ်။ သေသေချာချာမကြိုက်မချင်း အကြိမ်ကြိမ်ရိုက်တယ်။ ဒိုင်ယာလော့ခ်ထက် သရုပ်ဆောင်တာကို ပိုဦးစားပေးတယ်။ မဆိုးဘူးပေါ့။ ဒိုင်ယာလော့ခ်ကျက်ရတာ သက်သာတာပေါ့လို့လည်း ပြောပြသည်။

သားဖြစ်သူ ရန်ကုန်ပြန်ရောက်ချိန်တွင် အချိန်ပေးကာ စားချင်သည့် ဟင်းများ ချက်ကျွေး၍ နွေးနွေးထွေးထွေးဖြင့် မိခင်မေတ္တာအပြည့်အဝပေးခဲ့ကြောင်းလည်း ပြောသည်။

"အမိကကတော့ သူက အစားအသောက်ရွေးတော့ သူကြိုက်တဲ့ဟင်းလေးတွေ ချက်ကျွေးတယ်။ သူက အရမ်းလည်း ကလေးဆန်တယ်။ နွေးနွေးထွေးထွေးလေးပေါ့။ အမေကိုတွေ့တာနဲ့ ချွဲနွဲ့နေတာ မိဘဆိုတာကလည်း အဲဒီခံစားချက်လေးကို လိုချင်ကြတာလေ" တဲ့။

သားကို လွန်စွာချစ်သော မိဘများ၏ သားပေါ်ထားတဲ့ စေတနာများ ကြားရသူမြင်ရသူများ ပီတိဖြစ်နေကြသတဲ့။

(၄)

**(၃၄)နှစ်ပြည့်မွေးနေ့မှာ အံ့အားသင့်သွားခဲ့ရသည်ဆိုသည့် အေးဝတ်ရည်သောင်း**

ပရိသတ်များ၏ တစ်ကျော့ပြန် အားပေးမှုပြန်လည်ရှိထားသည့် သရုပ်ဆောင် အေးဝတ်ရည်သောင်း၏ (၃၄)နှစ်ပြည့် မွေးနေ့အလှူပွဲကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်)ရှိ စိန့်မေရီဘုရားကျောင်းတွင် မေလ ၂၇ ရက် ညနေပိုင်း ကျင်းပပြုလုပ်ခဲ့ပြီး (၃၄)နှစ်ပြည့်မွေးနေ့နှင့် ပတ်သက်၍ သရုပ်ဆောင် အေးဝတ်ရည်သောင်းက -

"ပေါက်စီစိတ်ကူးထားတာက ဒီနှစ်မှာ အရင်နှစ်နဲ့မတူအောင် ပြုလုပ်ချင်တယ်။ အရင်တုန်းကတော့ တခြားကျောင်းတွေမှာ လှူတာပေါ့နော်။ ဒီနှစ်ကတော့ မွေးနေ့နဲ့ မွေးရက်ကလည်း တိုက်တယ်။ နှစ်တိုင်း ဘုန်းကြီးကျောင်းမှာပဲ လှူနေတဲ့အတွက် ဒီနှစ်တော့ ထူးထူးဆန်းဆန်းလေးဖြစ်အောင် ဘုရားကျောင်းမှာ လှူဖြစ်တယ်။ ကိုယ်လှူချင်တဲ့ကျောင်းတွေအကုန်လုံးကို ဒီဘုရားကျောင်းကို ဖိတ်လိုက်တယ်။ ဒီနှစ်မှာတော့ Surprise တွေ ပိုဖြစ်ခဲ့တယ်။ ဘေလ်ဘုတ်ထောင်ပေးတဲ့သူကိုလည်း ကျေးဇူး အရမ်းတင်တယ်။ အရမ်းလည်း Sruprise ဖြစ်ခဲ့တယ်။ ဘုရားကျောင်းသွားသွားချင်း သုဝဏ္ဏကွင်းဘက်က ဝင်ကြည့်ပါလို့ message မွေးနေ့နဲ့ပတ်သက်ပြီး ဘေလ်ဘုတ်ကြီးထောင်ထားတာ တွေ့တော့ အရမ်းအံ့အားသင့်ပြီး အကြာကြီးငေးကြည့်နေမိတယ်။ ကိုယ့်ဘဝမှာ မွေးနေ့နဲ့ပတ်သက်ပြီး ဘေလ်ဘုတ်ထောင်ပေးတာ ပထမဆုံးအကြိမ်ပါပဲ။ အရမ်းလည်း အံ့ဩတယ်။ ဝမ်းသာလွန်းလို့ အဲဒါကိုကြည့်ပြီး ငိုချင်သလိုတောင် ဖြစ်သွားခဲ့တယ်။ ဒီနေ့မှာ ကျိုက်ဝိုင်းမသန်စွမ်း၊ ကျိုက်ဝိုင်းမိဘမဲ့ကလေးဂေဟာ၊ မေရီချက်စမင်း ဆွံ့အနားမကြားကလေးတွေအတွက် လှူဒါန်းဖြစ်ပါတယ်။ အမိကကတော့ သူတို့လေးတွေကို ပျော်စေချင်တယ်။ လူတိုင်းမှာ အချိန်တွေ အများကြီးရှိတယ်ဆိုပေမဲ့ လက်ရှိအချိန်ကတော့ တန်ဖိုးအရှိဆုံးပဲ။ ဒါကြောင့် လက်ရှိအချိန်လေးမှာ ပျော်စေချင်တယ်။ သူတို့ရဲ့ အပျော်လေးတွေ၊ သူတို့ရဲ့အပြုံးလေးတွေ လိုချင်တယ်။ အဲဒါကြောင့် ဒီနေ့လို အလှူပြုလုပ်ဖြစ်တာပါ" လို့ မြန်မာတိုင်းမ်ကို ပြောပြလိုက်တာပါ။



စာမျက်နှာ(၂၀)သို့

www.free4reader.com



➤➤➤စာမျက်နှာ(၁၉)မှအဆက်



(၅)

**သွန်းဆက်က ဒီလိုပြောတယ် "အသည်းကွဲလည်း ကွဲတယ် ဘာဖြစ်လဲ သူငယ်ချင်းတွေနဲ့ချိန်းပြီး မုန့်သွားစားတယ် မစားနိုင်မသောက်နိုင် မဖြစ်ဘူး"တဲ့**

**သွန်းဆက်က အချစ်ရေးနဲ့ပတ်သက်ပြီး -**

အချစ်ရေးက ဒီလိုပါပဲ။ ဒီနှစ်မှာ ထူးခြားမှုမရှိနိုင်ပါဘူး။ သွန်းဆက်ထင်တယ်။ သုံး၊ လေးနှစ်လောက်တော့ ကြာဦးမယ်ထင်ပါတယ်။ သွန်းဆက်အချစ်ရေးမှာ ခံယူထားတာတစ်ခုကတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့ အရေးကြီးဆုံးပဲ။ သွန်းဆက်ကတော့ ရည်းစားထားရင်(ကြော်ငြာဝင်ထားတာပေါ့) အရမ်းကြီး ချုပ်ချယ်တဲ့မိန်းမထဲမှာမပါဘူး။ သိပ်ပြီး မချုပ်ချယ်ဘူး။ ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာ အသိပေးလိုက်ရင်ရပြီ။ တော်ရုံတန်ရုံနေရာတွေတော့ လွှတ်ပါတယ်။ မသွားရ၊ မလာရ မျိုးတော့ မလုပ်ပါဘူး။ ကိုယ့်ရဲ့ relationship ကိုလည်း အေးအေးဆေးဆေး တစ်ယောက်နဲ့ တစ်ယောက်နားလည်ပြီး ညှိညှိနှိုင်းနှိုင်းလေးနဲ့ အမြဲတမ်းသွားချင်တာပါ။

**အချစ်ရေးနဲ့ပတ်သက်ပြီး အလွမ်းတွေ အဆွေးတွေ ခံစားရဖူးလား -**



အသည်းကွဲတာ ခံစားခဲ့ဖူးတာပေါ့။ အများကြီးပေါ့။ ရှေ့မှာလည်း ပြတ်သွားတာတွေ အများကြီးရှိတယ်။ အဲဒါတော့ အစိက ဆယ်ကျော်သက်အရွယ်မှာ ဖြစ်တယ်။ မစားနိုင်မသောက်နိုင်တွေ ဖြစ်တာ



ပေါ့။ အခုအသက်က တော်တော် ကျော်သွားပြီဆိုတော့ အသက်ကလည်း နည်းနည်းကြီးလာပြီလေ၊ အချစ်တွေ ဘာတွေ အဲဒီလိုမဖြစ်တော့ဘူး။ အသည်းကွဲလည်း ကွဲတယ် ဘာဖြစ်လဲ၊ သူငယ်ချင်းတွေနဲ့ ချိန်းပြီး မုန့်သွားစားတယ်။ မစားနိုင်မသောက်နိုင်တွေ မဖြစ်တော့ပါဘူး။ အဲဒါ





ကြောင့် ခန္ဓာကိုယ်က တဖြည်းဖြည်း ဒီလို ဖြစ်လာတာပါတဲ့။

အခုအလုပ်နဲ့ နှစ်လ၊ သုံးလလောက် ဝေးကွာနေတာက အမေ့ရဲ့ ကျန်းမာရေး အခြေအနေကြောင့်ပါ။ နောက်ပိုင်းမှာ သွန်းဆက် အလုပ်တွေကို သေချာပြန်ပြီး ကြိုးစားပါ့မယ်လို့ ပရိသတ်တွေကို ကတိပေးပါတယ်တဲ့။

(၆)

**လက်ထပ်လက်စွပ်ဆိုတာ မြတ်နိုးတာပေါ့ ဒါပေမဲ့ ဂျမ်းစ်ပါ့ကားပေးခဲ့တဲ့ လက်ထပ်လက်စွပ်ကို အမြတ်အစွန်းအများကြီးနဲ့ ရောင်းလိုက်တဲ့ မာရိုင်ယာကာရေး**

Hero သီချင်းအဆိုရှင်ဟာ ဩစတြေးလျဘီလျံနာတစ်ဦးဖြစ်သူ ဂျမ်းစ်ပါ့ကားနဲ့ ၂၀၁၆၊ အောက်တိုဘာလအတွင်းမှာ ပြတ်စဲခဲ့တာဖြစ်ပြီး အဲဒီမတိုင်ခင်လပိုင်းအလိုကမှ သူမကို ဂျမ်းစ်ပါ့ကားက ဒေါ်လာ ၂.၇၈ သန်းတန် စေ့စပ်လက်စွပ်နဲ့ လက်ထပ်ခွင့်တောင်းထားခဲ့တာပါ။ အခုဆိုရင်တော့ မာရိုင်ယာကာရေးဟာ အဲဒီလက်စွပ်ကို ဒေါ်လာ ၁၃.၂ သန်းနဲ့ ရောင်းချလိုက်ပါပြီတဲ့။

"မာရိုင်ယာဟာ သူ့ဘဝမှာ ရှေ့ကိုဆက်ရမယ့်အရေးတွက် ပွင့်ပွင့်လင်းလင်းပဲ ပြောထားတယ်ခဲ့တာပါ။ အဲဒီလိုလုပ်ဖို့အတွက် ရုပ်ဝတ္ထုပိုင်းအထုပ်အပိုးတွေကို လျှော့ချပစ်ဖို့ လိုအပ်ပါတယ်။ ရည်းစားဟောင်းဆီက လက်ထပ်လက်စွပ်တစ်ကွင်းလည်း အပါအဝင်ပေါ့"လို့ မာရိုင်ယာရဲ့ လူထုဆက်ဆံရေးကိုယ်စားလှယ်က ပြောခဲ့ပါတယ်။

(၇)

**ခေါ်ဒ်အိုဗာစထရီနဲ့ သမီးရည်းစားအဖြစ်ကနေ ပြတ်စဲလိုက်တဲ့ အမ်မာဝပ်စတန်**

ဟယ်ရီပေါ်တာဇာတ်ကားမင်းသမီးဟာ ဒီနှစ်အစောပိုင်းကစလို့ Glee ဇာတ်လမ်းတွဲ မင်းသားဟောင်း ခေါ်ဒ်အိုဗာစထရီနဲ့ စုံတွဲခုတ်နေခဲ့တာဖြစ်ပြီး နီးစပ်သူတွေရဲ့ ပြောဆိုမှုတွေအရတော့ သူတို့ချင်း ပြတ်စဲလိုက်ကြပြီလို့ သိရပါတယ်။ သူတို့နဲ့ နီးစပ်သူတစ်ဦးက -

"အမ်မာနဲ့ ခေါ်ဒ်တို့က သူတို့ရဲ့ ဆက်ဆံရေးကို သိုသိုသိပ်သိပ်ပဲထားခဲ့တာ။ လော့စ်အိမ်ဂျလိစ်မှာ ပြီးခဲ့တဲ့လတွေအတွင်း အတူနေခဲ့ကြပြီး ပျော်ပျော်ရွှင်ရွှင်ပါပဲ။ ဒါပေမဲ့ သူတို့ကြားမှ အဆင်မပြေတာလေးတွေ ရှိခဲ့လို့ အခုကတော့ နှစ်ယောက်စလုံး လူလွတ်တွေပြန်ဖြစ်သွားပါပြီ"လို့ The Sun သတင်းစာထံ ပြောပြခဲ့ပါတယ်။

အမ်မာနဲ့ ခေါ်ဒ်တို့ဟာ ပြီးခဲ့တဲ့မတ်လအတွင်းက Vanity Fair ရဲ့ အော်စကာညစာစားပွဲမှာ စတင်ဆုံတွေ့ခဲ့ပြီး ချစ်ကြိုးသွယ်ခဲ့ကြတယ်လို့ သတင်းတွေထွက်ခဲ့ပေမယ့် အမှန်ကတော့ သူတို့ချင်း ချစ်ကြိုက်





နေခဲ့တာ လအတန်ငယ်ကြာခဲ့ပါပြီတဲ့။

(၈)

**ယောက်ျားအပေါ် ဖောက်ပြား ခဲ့တယ်ဆိုတာကို ဝန်ခံလိုက်တဲ့ လိုက်လီအယ်လန်**

မကြာသေးမီက Vulture မဂ္ဂဇင်းနဲ့ လုပ်တဲ့ အင်တာဗျူးမှာ သူမရဲ့ခင်ပွန်း ယောက်ျားအပေါ်မှာ ဖောက်ပြားခဲ့တာ မှန်ကန်ကြောင်း ဗြိတိန်အဆိုတော် လိုင်လီအယ်လန်က ဝန်ခံခဲ့ပါတယ်။ အောင်မြင်ကျော်ကြားလူသိများနေရာကနေ သာသည်မိခင်ဖြစ်သွားတဲ့အချိန် အပြောင်းအလဲရဲ့ ဒဏ်ကို မခံနိုင်ဘဲ မိမိရဲ့ဖြစ်တည်မှု၊ ရပ်တည်မှု ပျောက်ဆုံးသွားခဲ့ရတယ်လို့ ဆိုပါတယ်။ အဲဒီလို မိမိကိုယ်မိမိ ပျောက်ဆုံးနေတဲ့ကာလတွေမှာ ယောက်ျားအပေါ် သစ္စာဖောက်ခဲ့တာလို့ သူမက ဆိုပါတယ်။

"ကျွန်မခင်ပွန်းအပေါ် သစ္စာဖျက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကလေးတွေနဲ့ပဲ အမြဲအတူရှိနေချင်တယ်။ ဝင်ငွေလည်းမရှိတော့ဘူးလေ"ဟု သူမက ပြောပါတယ်။

မိမိကိုယ်ကိုယ် ပျောက်ဆုံးမှုဟာ အနုပညာအကျော်အမော်တွေကြားမှာ ဖြစ်လေ့ရှိတဲ့ ပြဿနာတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် အောင်မြင်ကျော်ကြားမှု ပျောက်ဆုံးသွားပြီး ပရိသတ်ရဲ့ စိတ်ဝင်စားမှုကိုမရတော့တဲ့အချိန်တွေမှာ ဖြစ်တတ်ပါတယ်။ အကျဉ်းဒဏ်ကိုမခံနိုင်တဲ့သဘောဖြစ်ပါတယ်။

လိုင်လီဟာ မိသားစုဘဝကို အချိန်ပေးဖို့အတွက် စလိုက်မီးရောင်အောက်က ခဏထွက်ခဲ့ပါတယ်။ အဲဒီနောက်ဂီတလောကထဲ ခြေပြန်ချဖို့လှုပ်ရှားတဲ့ ၂၀၁၄ ခုနှစ်ဝန်းကျင်လောက်မှာ ဘဝဦးတည်ချက် ယိမ်းယိုင်သွားခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။

"ခန္ဓာကိုယ်အလေးချိန်ကလည်း ပေါင် ၂၀၀ နီးပါးလောက်ဖြစ်နေတော့ ဝိတ်လျှော့ဖို့လိုတာနဲ့ မစားမအိပ်နေခဲ့တာပေါ့။ ဘာလို့လဲဆိုတော့ မိခင်တစ်ယောက်အနေနဲ့ ခြေညှပ်ဖိနပ်၊ ဂါဝန်ဖားဖားနဲ့ ဖတ်သီဖတ်သီ ဖြစ်နေခဲ့တာပေါ့။ အရင်ကဆို ကျွန်မက ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းဂရုတစ်စိုက်နဲ့ ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်နေမှန်း မသိတော့ဘူး။ မိခင်ကောင်းတစ်ယောက်လို မနေနိုင်ခဲ့ဘူး"လို့ သူမက စပ်ကူးမပ်ကူး ကာလတွေအကြောင်းကို ပြန်ပြောင်းပြောပါတယ်။

ရှန်းကန်ရင်းနဲ့ပဲ Sheezus ဆိုတဲ့ တေးအယ်လ်ဘမ်ကို ၂၀၁၄ မှာ ပြီးမြောက်ခဲ့ပါတယ်။ ဒါဟာ သူမရဲ့ နောက်ဆုံးထွက်ရှိတဲ့ အယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ခင်ပွန်းဖြစ်သူ ဆမ်ကူးပါးနဲ့ ၂၀၁၆ မှာ ကွာရှင်းပြတ်စဲခဲ့ကြပြီး သူတို့နှစ်ယောက်ကြားမှာ ကလေးနှစ်ယောက် ရခဲ့ပါတယ်။

အခုအခါမှာတော့ သူမအနေနဲ့ အကောင်းဆုံးအခြေအနေကို ပြန်လည်ရရှိနေပြီလို့ ဆိုပါတယ်။ ကလေးတွေနဲ့ ကောင်းမွန်နွေးထွေးတဲ့ဆက်ဆံရေးရှိနေပြီး ဇွန်လထဲမှာ သူမရဲ့တေးအယ်လ်ဘမ်သစ် "No Shame"ထွက်လာမှာ ဖြစ်ပါတယ်။

(၉)

**ချစ်သူအတွက် တက်တူးထိုးခဲ့သော ပီတီဒေးဗစ်ဆင်**

ပီတီဒေးဗစ်ဆင်သည် ချစ်သူ အရီယန်နာဂရန်းဒေးအတွက် တက်တူးထိုးလိုက်ကြောင်း ဇွန် ၃ ရက်Contactmusic သတင်းက ဆိုသည်။

ဒေးဗစ်ဆင်သည် ချစ်သူ၏ နာမည်စာလုံးအစများဖြစ်သော A နှင့် G ကို လက်မတွင် တက်တူးထိုးကာ ချစ်မေတ္တာကို သက်သေပြခဲ့သည်။ ထို့အပြင် ယုန်နားရွက်ပုံတက်တူးကိုလည်း နားအနောက်တွင်ထိုးကာ ဂရန်ဒေး၏ နာမည်ကြီးသီချင်း "Dangerons Woman" ကို ဂုဏ်ပြုလိုက်ကြောင်း သိရသည်။ အဆိုပါတက်တူးများကို လော့စ်အိန်ဂျလိစ်မြို့မှ တက်တူးပညာရှင် လန်ဒန်ရိစ်က ရေးထိုးပေးခဲ့သည်ဟုလည်း သိရသည်။ ဟောလိဝုဒ်ရုပ်ရှင်မင်းသား ဒေးဗစ်ဆင်နှင့် အဆိုတော် ဂရန်းဒေးတို့သည်မိမိတို့နှစ်ဦး ချစ်သူများဖြစ်နေကြပြီဟု မကြာသေးမီက အင်စတာဂရမ်တွင် စုံတွဲပုံတင်ကာ ပရိသတ်များကို အသိပေးခဲ့သည်။

ဂရန်းဒေးသည် ရက်ပ်အဆိုတော် မတ်မီလာနှင့် နှစ်နှစ်ကြာအချစ်ဇာတ်လမ်းကို အဆုံးသတ်ပြီးနောက် မကြာမီမှာပင် ဒေးဗစ်ဆင်နှင့် တွဲခဲ့ခြင်းဖြစ်သည်။ မတ်မီလာနှင့်တွဲခဲ့ခြင်းက မိမိအတွက် အကျိုးယုတ်ခဲ့သည်ဟုလည်း ဂရန်းဒေးက ပြောသည်။

ပရိသတ်တစ်ဦးကမူ ဂရန်းဒေးအနေဖြင့် မတ်မီလာနှင့်သာဆက်တွဲသင့်သည်ဟု မကြာသေးမီက အကြံပေးခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဂရန်းဒေးက မိမိ၏ဆုံးဖြတ်ရွေးချယ်ပိုင်ခွင့်ကို ပရိသတ်များ လေးစားသင့်ကြောင်း၊ မိမိတို့၏ ဆက်ဆံရေးအကြောင်းကို အပေါ်ယံအမြင်များဖြင့်သာ ရှုမြင်မသုံးသပ်သင့်ကြောင်း ပြန်လည် ရှင်းလင်းပြောကြား ခဲ့သည်။ ကဲ…ဒီအပတ်တော့ ဒီမျှနဲ့ နားပါရစေ။ မှခင်းသတင်းဖတ်သူတိုင်း အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေကြပါစေ။

အချစ်ရှေ့နေ



www.free4reader.com



## ဆိုင်ကယ်ကယ်ရီပေါ် လိုက်ပါလာတဲ့ အမျိုးသမီး ပြုတ်ကျဒဏ်ရာရသွားတဲ့ဖြစ်ရပ်ကြောင့် ဆိုင်ကယ်ကယ်ရီမောင်းကို အရေးယူထား

၅-၆-၂၀၁၈ ရက်နေ့ နံနက် ၆ နာရီခွဲအချိန်ခန့်တွင် ရွှေပြည်သာမြို့နယ်၊ သံခင်း(၁၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းအတိုင်း (အနောက်မှ အရှေ့)ဝါးတစ်ရာဘက်မှ ထန်းခြောက်ပင်ဘက်သို့ မောင်မောင်(၅၄)နှစ်၊ ဆိုင်ကယ်ကယ်ရီမောင်း၊ မြနန္ဒာပတ်လမ်း၊ သံခင်း(၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေသူ စီးနင်းမောင်းနှင်လာသော ၃၅ယ/×××× Aung Bo 125 (နီ/နက်)ရောင် ဆိုင်ကယ်သည် မြနန္ဒာလမ်းသွယ်ထိပ်အလွန် သံခင်းမောင်မှတ်အနီးအရောက် ဆိုင်ကယ်ပေါ်တွင် ထိုင်စီးလိုက်ပါလာသူ ဒေါ်ကြာနု(၄၀)နှစ်၊ အထည်ချုပ်စက်ရုံအလုပ်သမား၊ မြနန္ဒာပတ်လမ်း၊ သံခင်း(၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေသူမှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျခဲ့သဖြင့် ယာချီစောင်းပေါက်ပြဲဒဏ်ရာရရှိကာ အင်းစိန်ဆေးရုံမှတစ်ဆင့် မြောက်ဥက္ကလာပဆေးရုံသို့ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် လွှဲပြောင်းကုသခဲ့ရ၏။

ယင်းဖြစ်ရပ်ကြောင့် မောင်မောင်အား အရေးယူပေးရန် ရဲအုပ် ထွန်းထွန်း၊ ယာဉ်မှုစစ် (ယထရရ-၆၉၊ အင်းစိန်မြို့နယ်)မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ရွှေပြည်သာမြို့မရဲစခန်းမှ ယာဉ်(ပ)၁၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်ပြီး အမှုစစ်မှ ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

စိုးဝင်းထွဋ်




## မသင်္ကာဖွယ်ယာဉ် ပိတ်ဆို့ဖမ်းဆီးရာမှ

## သစ်တောယာဉ်အားတိုက်ပြီး မောင်းပြေးသွားတဲ့ အယ်လ်ဖတ်ကား မြောင်းထဲထိုးကျ

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ၂၀-၅-၂၀၁၈ ရက်နေ့ ညနေ ၆ နာရီက တရားမဝင် ကျွန်းပါကေးတုံး တင်ဆောင်လာသည့် အယ်လ်ဖတ်ယာဉ်ကို ပိတ်ဆို့ဖမ်းဆီးရာ သစ်တောဝန်ထမ်းများယာဉ်အား ဝင်ရောက်တိုက်ပြီး မောင်းပြေးပြီး မြောင်းထဲထိုးကျကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစည်သူလင်း ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ သတင်းအရ စောင့်ဆိုင်းနေစဉ် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်အမှတ် 4H/×××× အယ်လ်ဖတ်ယာဉ်သည် မိုင်တိုင်အမှတ် ၁၉/၃ အရောက်တွင် သံသယဖြစ်ဖွယ် တွေ့ရှိရသဖြင့် လိုက်လံဖမ်းဆီးရာ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၂/၂ မိုင်အရောက်တွင် လှည်းကူး-ဖောင်ကြီးလမ်းသို့ မောင်းပြေးရာ သစ်တောဝန်ထမ်းများယာဉ်ရှေ့မှ ပိတ်ဆို့ဖမ်းဆီးသဖြင့် ၎င်းယာဉ်က နောက်သို့ ပြင်းထန်စွာ ဘက်ပြန်ဆုတ်၍ နောက်မှ ယာဉ် 4H/×××× မတ်တူးယာဉ်အားတိုက်ပြီး ရှေ့မှသစ်တောဝန်ထမ်းများယာဉ် S/×××ယာဉ်အား ဝင်တိုက်မိပြီး 4H/×××× အယ်လ်ဖတ်ယာဉ်မှာ လမ်းဘေးရေမြောင်းအတွင်း ကျသွားကာ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူတို့မှာ ထွက်ပြေးသွားသဖြင့် လိုက်လံလုံးထွေးဖမ်းဆီးခဲ့ရကြောင်း သိရသည်။

အဆိုပါယာဉ်ပေါ်တွင် တရားမဝင် ကျွန်းခွဲသား (ပါကေးအကြမ်းတုံး) (၅၅၀) ချောင်း၊ (၁·၀၁၃၆)တန်အား ဖမ်းဆီးရမိသည်။

သစ်တောဝန်ထမ်းများယာဉ်အား တိုက်ပြီး ထွက်ပြေး၍ လိုက်လံဖမ်းဆီးရမိသူ ယာဉ်မောင်း ဖြိုးမင်းသိန်း(၂၄)နှစ် အင်းဝ ရိပ်သာလမ်း၊ (၂၀)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေသူနှင့် ယာဉ်ပေါ်ပါ အောင်စိုးသူ(၂၂)နှစ်၊ မြိတ်မြို့နေသူတို့အား လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံ အမြန်လမ်းရဲစခန်းမှ (ပ)၁၅၆၇/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၅၃/ ၄၂၇ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

သန်းဝင်း(လှည်းကူး)

## နောင်ချိုမြို့နယ် ရွှေပြည်ညွန့်ကျေးရွာတွင် လူငယ်(၅)ဦးနှင့်အတူ

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်အတွင်းရှိ ရွှေပြည်ညွန့်ကျေးရွာတွင် လူငယ်(၅)ဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။



ဖြစ်စဉ်မှာ ၁၁-၅-၂၀၁၈ ရက်နေ့ ၁၀ နာရီ ၄၀ မိနစ်အချိန်က နောင်ချိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် အောင်နိုင်အေး ဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ နောင်ချိုမြို့နယ်၊ မျက်ချင်းနကျေးရွာအုပ်စု ရွှေပြည်ညွန့်ကျေးရွာသို့ သက်သေများနှင့်အတူ သွားရောက်၍ နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးနေအိမ်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း အမှတ်(၁၇/၂၀၁၈)ဖြင့် ရှားယို့(ခ)လောက်ကောက်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ရှားယို့နှင့်အတူ မူးယစ်ဆေးသုံးစွဲရန် ရောက်ရှိနေသည့် တစ်ရွာတည်းနေ ရင်ဝူး၊ ကျန်ကျူးချန်၊ နောင်ချိုမြို့ ဈေးရပ်ကွက်၊ နယ်မြေ(၁၀)နေ မောင်ဦး၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်နေ ကျိန်ကွယ်တို့ (၅)ဦးအား အသင့်တွေ့ရှိရသဖြင့် ၎င်းတို့အား စစ်ဆေးရှာဖွေခဲ့ရာ ရှားယို့(ခ)လောက်ကောက် လွယ်ထားသည့် ပန်းပွင့်ပုံပါ အနီရောင်ချည်လွယ်အိတ်အတွင်းမှ အပြာရောင်ပလတ်စတစ်ကပ်ခွာ အိတ်အတွင်း ထည့်ထားသည့် စိတ်ကြွဆေးပြားဟု ယူဆရသော WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား (၁၄၀)ပြားပါ (၁)ထုပ်၊ (၁၉၀)ပြားပါ (၃)ထုပ်၊ (၁၉၅) ပြားပါ (၁) ထုပ်တို့နှင့် 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား (၁၈၀)ပြားပါ (၁)ထုပ်၊ (၁၉၅)ပြားပါ (၄)ထုပ် စုစုပေါင်းစိတ်ကြွဆေးပြား (၁၈၆၅)ပြား၊ အလေးချိန် (၁၆၇·၈၅)ဂရမ်ခန့်၊ ဒေသပေါက်ဈေးငွေကျပ်(၃၇၃၀၀၀၀)ခန့်နှင့် အနီရောင်အဖုံးပိတ်လျက် အဖြူရောင်ကော်ဘူးအတွင်း ဘိန်းဖြူဟု ယူဆရသည့် ဖြူ/ဝါကြားမှုန့်၊ အလေးချိန်(၁·၇)ဂရမ်ခန့်ပါ (၁)ဘူး၊ အဖြူရောင်အဖုံးပိတ်လျက် အညိုရောင်ကော်ဘူးငယ်အတွင်းမှ ဘိန်းဖြူဟုဆရသည့် ဖြူ/ဝါကြားအမှုန့် အလေးချိန်(၁·၀၁)ဂရမ်ပါ (၁)ဘူး၊ စုစုပေါင်းဘိန်းဖြူဟုယူဆရသည့် ဖြူ/ဝါကြားမှုန့် အလေးချိန်(၂·၇၁)ဂရမ်ခန့် ဒေသပေါက်ဈေးငွေကျပ်(၅၁၄၉၀)ခန့်နှင့် မူးယစ်ဆေးဝါးရောင်းချရငွေဟု ယူဆရသည့် ငွေကျပ်(၂၀၀၀၀)တိတိကိုလည်းကောင်း၊ ရင်ဝူးဝတ်ဆင်ထားသည့် နက်ပြာရောင်ဘောင်းဘီရှည်၏ ရှေ့ယာဘက်အိတ်ကပ်အတွင်းမှ စက္ကူဖြင့် ထုပ်လျက် ဘိန်းဖြူဟုယူဆရသည့် ဖြူ/ဝါကြားမှုန့် (၀·၀၅) ဂရမ်ခန့်ပါ (၁)ထုပ်၊ ကျန်ကျူးချန်ဝတ်ဆင်ထားသည့် ဖြူ/ပြာရောင် ဂျင်းဘောင်းဘီ ရှည်ရှေ့ယာဘက်အိတ်ကပ်အတွင်းမှ အဖြူရောင် ရာဘာအဖုံးပိတ်လျက် အညိုရောင်ဖန် ပုလင်းအတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါကြားအမှုန့် အလေးချိန် (၀·၀၄)ဂရမ်ခန့်ပါ ပုလင်း (၁)လုံးတို့ကို စစ်ဆေးတွေ့ရှိရသည့်အပြင် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ၎င်းတို့နှင့်အတူ တွေ့ရှိခဲ့ရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့်ရေးသွင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများအား ရောင်း/ဝယ်/သုံးစွဲနေကြသော နောင်ချိုမြို့နယ်၊ မျက်ချင်းနကျေးရွာအုပ်စု၊ ရွှေပြည်ညွန့်ကျေးရွာနေ ရှားယို့(ခ)လောက်ကောက်(၄၅)နှစ်၊ တောင်သူ၊ ကျန်ကျူးချန်(၃၂)နှစ်၊ ရင်ဝူး(၄၆)နှစ်တို့ သုံးဦးနှင့် မောင်ဦး(၄၀)နှစ်၊ ဈေးရောင်း၊ နယ်မြေ(၁၀)၊ ဈေးရပ်ကွက်နေသူနှင့် ကျိန်ကွယ်(၄၃)နှစ်၊ ယာဉ်မောင်း၊ ကျောက်ဝိုင်း ၃၈/၃၉ လမ်းကြား မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတို့အား ဥပဒေအရ အရေးယူပေးပါရန် ရဲအုပ် အောင်နိုင်အေးမှ အမှုဖွင့်တိုင်ကြားသဖြင့် နောင်ချိုမြို့မရဲစခန်းမှ မယ(ပ)၃၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁အရ အမှုဖွင့်၍ ဒုရဲအုပ် သန့်ဇင်ဦးမှ စစ်ဆေးလျက်ရှိပြီး အမှုမှ တရားခံများအား အမှုဖြင့် ဖမ်းဆီးထားကြောင်း သိရသည်။

မြတ်စံ-၂၁

## လှိုင်သာယာမြို့နယ်အတွင်းက ဖုန်းခိုးမှု(၁၈)မှုဖမ်းမိ

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့မှ နယ်မြေအတွင်း ခိုးမှု၊ လုယက်မှုများနှင့် လူဆိုး/လူမိုက်ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး၊ ထိရောက် ကြို/ကာများ ဖမ်းဆီးရမိရေး၊ ပြေး(၄)ပြေးများ ရာနှုန်းပြည့်မိစွာ ဖမ်းဆီးရမိရေး ဆောင်ရွက်ရန်၊ "လင်းယုန်စီမံချက်-၂ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်" ဟု ညွှန်ကြားချက်နှင့်အညီ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မှုခင်းနှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ဒုရဲမှူး ဝင်းနိုင် ဦးစီး၍ ဒုရဲအုပ် ဇေယျာပြည့်၊



ရဲတပ်ကြပ် ကျော်စွာလင်း၊ ရဲတပ်ကြပ် ခင်မောင်သန်း၊ ရဲတပ်ကြပ် ခင်မောင်ဝင်းတို့အဖွဲ့သည် ခိုးမှုပြစ်ချက်ပေါင်းရှိသူ သကြီန်(ခ)လမင်း(၂၀)နှစ်၊ ငွေလမင်းလမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာ၊ ကျော်ဝင်းလှိုင်(ခ)မျောက်ကြီး(၁၉)နှစ်၊ ဝေပုလ္လ(၄)လမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာ၊ သူရအောင်(ခ)ရာဘူး(၁၈)နှစ်၊ ဝေပုလ္လ(၄)လမ်း၊ (၂၀) ရပ်ကွက်၊ လှိုင်သာယာနေသူတို့အား လှိုင်သာယာမြို့မရဲစခန်းမှ (ပ)၁၅၁၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ အမှုဖြင့် မသင်္ကာခေါ်ယူစစ်ဆေးခဲ့ရာ ခိုးမှု(၁၈)မှုအား ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးကဌာနစုမှ ဌာနစုမှူး ဒုရဲမှူး ဝင်းနိုင်ဦးစီးတပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ နေအိမ်များအတွင်းမှ ဖုန်းများအား ခိုးယူခဲ့သူ တရားခံ သကြီန်(ခ)လမင်းနှင့် ကျော်ဝင်းလှိုင်(ခ)မျောက်ကြီးနှင့် သူရအောင်(ခ)ရာဘူးတို့အား စစ်ဆေးခဲ့ရာ ဖုန်းခိုးမှု(၁၈)မှု ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အတာ(မှုခင်း)

www.free4reader.com



## မင်းလှမှာ နေအိမ်ပေါ်တက်ပြီး ရွှေဆွဲကြိုးနှင့် လက်စွပ်တို့ခိုးယူခံလိုက်ရ

၂၄-၅-၂၀၁၈ ရက်နေ့ နံနက် ၇ နာရီအချိန်ခန့်တွင် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့မ ရဲစခန်းအနောက်တောင် (၃)မိုင်ခန့် သင်တောရိုးအုပ်စု/ရွာမှာ နေအိမ်ပေါ်တက်၍ ရွှေဆွဲကြိုးနှင့် လက်စွပ်တို့ခိုးယူသွားခြင်းကြောင့် အမှုဖွင့်အရေးယူထားရှိကြောင်း သိရ၏။

ဖြစ်စဉ်မှာ ထိုနေ့က တရားလိုသည် ဖုံးတတ်ဆင်ထားသည့် ရွှေဆွဲကြိုး ၁ ကျပ်သား တန်ဖိုးငွေကျပ်(၉)သိန်းနှင့် လက်စွပ် ၃ မူးသား ငွေကျပ်(၁၅၀၀၀၀)တို့အား နေအိမ်အပေါ်ထပ်တွင် ချွတ်ထားခဲ့ပြီး အိမ်နောက်ဘက်တွင် ဘုံလုံသီးများခူးနေကြောင်း သိရပြီး ၎င်းနေ့ မွန်းလွဲ ၃ နာရီအချိန်ခန့် အိမ်သို့ပြန်လာရာ နေအိမ်၏အပေါ်ထပ်မှ အိမ်ချင်းကပ်နေ အောင်အောင်(၂၂)နှစ်နှင့် မဝေ(၃၅)နှစ်တို့နှစ်ဦး အိမ်ပေါ်ထပ်မှ ပြန်ဆင်းလာသည်ကို တွေ့မြင်ရ၍ မသင်္ကာသဖြင့် ထားခဲ့သောပစ္စည်းများအားပြန်ကြည့်ရာ ပျောက်ဆုံးနေသဖြင့် ၎င်းတို့နှစ်ဦးကို အုပ်ချုပ်ရေးမှူးထံသို့ တိုင်ကြားသော်လည်း ယနေ့တိုင် ပြန်လည်ပေးဆောင်ခြင်းမရှိ၍ ဒေါ်ကြူကြူမှ တရားလိုပြုလုပ်ပြီး အောင်အောင်နှင့် မဝေတို့နှစ်ဦးအား ၄-၆-၂၀၁၈ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန် တိုင်တန်းခြင်းကြောင့် မင်းလှမြို့မရဲစခန်းမှ (ပ)၃၀၀/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်ပြီး အမှုအား ဒုရဲအုပ် ကျော်သူဝင်းမှ လက်ခံစစ်ဆေးကာ ပြစ်မှုကျူးလွန်သူ အောင်အောင်နှင့် မဝေတို့အား အမှုဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မင်းသော်ဦး(ပုတီးကုန်း)**

## ဆီဘောက်ဆာယာဉ် ရေနုတ်မြောင်းထဲထိုးကျ




ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမမြို့ သီရိရတနာရပ်ကွက်တွင် ၁၁-၅-၂၀၁၈ ရက်နေ့ညနေ ၆ နာရီခွဲအချိန်ခန့်တွင် အင်းမရဲစခန်းမှ ရဲတပ်ကြပ် သိန်းဝင်းသည် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်-ရန်ကုန် ကားလမ်းအတိုင်း ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကျော်ကျော်ဌေး(၂၉)နှစ်၊ ငွေးချိုရွာ၊ ချောက်မြို့နယ်နေသူသည် ခါးပတ်မပတ်၊ ယာဉ်မောင်းလိုင်စင်ရှိသူသည် ယာဉ်နောက်လိုက် စန်းမင်းသူ လိုက်ပါလျက် ဆီဘောက်ဆာယာဉ်အမှတ် 5L/××××(၁၈)ဘီးတွဲ အနောက်ယာဉ် အရှိန်ဖြင့် မောင်းနှင်လာရာ အချင်းဖြစ်နေရာအရောက်တွင် မိုးသည်းထန်စွာရွာသွန်းနေ၍ စလစ်ဖြစ်ကာ ကားလမ်း၏ယာဘက်ရှိရေမြောင်းအတွင်း ကားရှေ့ဘီးမှာ ကျသွားကာ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့မှာ ဒဏ်ရာမရရှိဘဲ ယာဉ်၏ရှေ့ပိုင်းသာ အနည်းငယ်ပျက်စီးသွားပြီး တန်ဖိုးငွေကျပ်(၁၅၀၀၀၀)ခန့် ဆုံးရှုံးခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ရဲတပ်ကြပ်ကြီး သိန်းဝင်းမှ တရားလိုပြုလုပ်တိုင်တန်းအမှုဖွင့်ထားရှိရာ ယာဉ်(ပ)၁၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၂၇၉ ဖြင့် ယာဉ်မောင်း ကျော်ကျော်ဌေးအား အမှုစစ် ရဲအုပ် ကျော်ဇင်ဦးမှ ဖမ်းဆီးစစ်ဆေးခံဝန်ပေးခြင်း ဆောင်ရွက်ပြီး သဲကုန်းမြို့နယ် ဥပဒေရုံးသို့ အကြံတောင်းခံပြီး သဲကုန်းမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြင့်အောင်(အင်းမ)**

## သံသယစိတ်နဲ့ ဇနီးကိုဓားနဲ့ထိုးသတ်တဲ့လင်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ လှည်းကူးအုပ်စု၊ လှည်းကူးရွာ၌ လူသတ်မှုဖြစ်ပွားကြောင်း။ ပန်းတောင်းမြို့နယ် ကွင်းလှအုပ်စု ဖိုးလေးကုန်းကျေးရွာ၌ နေထိုင်ကြသော ပြည့်ဖြိုးအောင်(ခ)ကိုဖြိုးနှင့် ဇနီးဖြစ်သူ မဌေးဌေးဝင်း(၃၄)နှစ်တို့သည် ၁၉-၄-၂၀၁၈ ရက်နေ့ ည ၉ နာရီခွဲ အချိန်ခန့်တွင် လှည်းကူးရွာသို့ မဌေးဌေးဝင်းမှ သူငယ်ချင်းများဖြစ်သော မလှလှမွေး မသင်းသင်းလှိုင်တို့စု၍ တရားလို မလှလှမွေး၏နေအိမ်တွင် စကားပြောနေကြစဉ် မဌေးဌေးဝင်း၏ ခင်ပွန်း ကိုဖြိုးမှ လိုက်လာ၍ မိမိ၏ နောက်ကွယ်တွင် လင်ငယ်နေသည်ဟု ပြောဆိုအငြင်းပွားကာ အသင့်ပါလာသော ဓားမြှောင်ဖြင့်ထိုးရာ မဌေးဌေးဝင်း၏ ဝမ်းဗိုက် ဝဲ/ယာ(၁)ချက်စီ ထိုးသွင်းဒဏ်ရာ၊ ဝဲလက်ကောက်ဝတ်ပြတ်ရှဒဏ်ရာ (၁)ချက်ရရှိ၍ အခင်းဖြစ်သည့်နေရာတွင် ပက်လက်အနေအထားနှင့် သေဆုံးခဲ့သည်။

ယင်းဖြစ်စဉ်အား ဒေါ်သင်းသင်းနိုင်(၄၀)နှစ်၊ လှည်းကူးရွာနေသူမှ တရားလိုပြုလုပ်တိုင်တန်း၍ ထုံးဘိုနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဇော်ဝင်းထွဋ်မှ သက်သေများအား စစ်ဆေး၍ (ပ)၃၆/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ အရေးယူဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**တောသားကြီး(ထုံးဘို)**

## မြစ်ဆိပ်မှာ ရေယာဉ်ပေါ် အရက်ဝိုင်းဖွဲ့သောက်ကြပြီး ရေယာဉ်လုပ်သားချင်းစကားနိုင်လု ရန်ဖြစ်သတ်ဖြတ်မှုဖြစ်

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ်၊ ထုံးဘိုနယ်မြေရဲစခန်းအပိုင် သူ့ရဲတန်းအုပ်စု၊ သူ့ရဲတန်းကျေးရွာ မြစ်ဆိပ်၌ ရေယာဉ်ပေါ်တွင် အရက်ဝိုင်းဖွဲ့သောက်ပြီး စကားနိုင်လုရာမှ စကားများရန်ဖြစ်ကြကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၂၆-၅-၂၀၁၈ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် ထုံးဘိုနယ်မြေရဲစခန်းအပိုင် သူ့ရဲတန်းအုပ်စု၊ သူ့ရဲတန်းကျေးရွာ မြစ်ဆိပ်တွင် ကျော်ကျော်မင်း(၃၄)နှစ်၊ ရေယာဉ်အုပ်၊ "ရွှေပြည်မင်း(၁)"၊ ဇောင်ချမ်းတောရွာ/အုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီးနေသူမှ ရေယာဉ်အုပ်အဖြစ် ဦးစီးမောင်းနှင်သည့် "ရွှေပြည်မင်း (၁)"ရေယာဉ်ရောက်လာပြီး ညအိပ်ရပ်နားခဲ့ပြီး ၎င်းနေ့ ည ၉ နာရီအချိန် ရေယာဉ်ပေါ်၌ ရေယာဉ်အုပ် ကျော်ကျော်မင်းသည် ရေယာဉ်လုပ်သား သန်းထိုက်(၃၂)နှစ်၊ စာပါရပ်ကွက်၊ အောင်လံမြို့ မကွေးတိုင်းဒေသကြီးနှင့် ဆန်းဝေ(၃၂)နှစ်၊ ရေယာဉ်လုပ်သား ချောင်းသာရပ်ကွက်၊ ဇောင်ချမ်းအောင်အုပ်စု၊ မကွေးတိုင်းဒေသကြီးနေသူတို့နှင့်အတူ အရက်ဝိုင်းဖွဲ့သောက်နေစဉ် သန်းထိုက်နှင့် စန်းဝေတို့ စကားနိုင်လုရာမှ စကားများရန်ဖြစ်ကာ ကျော်ကျော်မင်းက လူစုခွဲပေးလိုက်ကြောင်း ၎င်းနောက် စန်းဝေမှ ရေယာဉ်ပေါ်ရှိ ပိုက်ပခက်ပေါ်တွင် ထိုင်နေစဉ် သန်းထိုက်မှ "××မသား။ ×××"ဟု ဆဲဆိုပြီး ၅ ပေခန့်ရှိ သစ်သားတုတ်ဖြင့် ရိုက်ခဲ့သဖြင့် စန်းဝေတွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ ၁ ချက်၊ (အတွင်းလူနာ)ရရှိပြီး ဥသျှစ်ပင်ဆေးရုံတွင် တက်ရောက်ဆေးကုသလျက်ရှိကာ သန်းထိုက်မှာ ပြစ်မှုကျူးလွန်ပြီးနောက် သူ့ရဲတန်းကျေးရွာ တောင်ကုန်းပေါ်သို့ တက်ပြေးသွားခဲ့သည်ဟုဆို၏။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ကျော်မင်း(ရေယာဉ်အုပ်)မှ စန်းဝေအား တုတ်ဖြင့်ရိုက်ခဲ့သူ သန်းထိုက်အား ဥပဒေအရ အရေးယူပေးပါရန် ၂၈-၅-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန် ထုံးဘိုနယ်မြေရဲစခန်းသို့ တိုင်ကြားခဲ့ပြီး ထုံးဘိုနယ်မြေရဲစခန်းမှ (ပ)၄၈/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၂၉၄/၃၂၅ ဖြင့် အမှုဖွင့်ခဲ့ရာ ဒဏ်ရာရရှိသူ စန်းဝေအား ၎င်း၏ဆွေမျိုးများရှိရာ နေပြည်တော်သို့ သွားရောက်ဆေးကုသလိုကြောင်း ဆန္ဒပြုချက်အရ ၂၈-၅-၂၀၁၈ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန် ဥသျှစ်ပင်ဆေးရုံမှ နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ပြီး ဆေးကုသမှုခံယူစေခဲ့ရာ ဒဏ်ရာရရှိသူ စန်းဝေမှာ ၂၉-၅-၂၀၁၈ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် နေပြည်တော်ဆေးရုံကြီး၌ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့၏။

ထို့ကြောင့် ၃၀-၅-၂၀၁၈ ရက်နေ့ နံနက် ၆ နာရီအချိန် ထုံးဘိုနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဇော်ဝင်းထွဋ်ထံသို့ "ရွှေပြည်မင်း ၁"မော်တော်ပိုင်ရှင် ဦးရွှေကြီးနှင့် သေဆုံးသူနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ကိုချမ်းမြေ့သူ ဇောင်ချမ်းတောင်ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်နေသူတို့မှ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားချက်အရ အတည်ပြုခဲ့ရာ ဒဏ်ရာရရှိသူ စန်းဝေမှာ သေဆုံးသွားခြင်းမှန်ကန်ကြောင်း အတည်ပြုခဲ့သဖြင့် အမှုအား မူလရေးဖွင့်ထားသည့် ရာဇသတ်ကြီးပုဒ်မ ၂၉၄/၃၂၅ မှ ရာဇသတ်ကြီးပုဒ်မ ၃၀၂ သို့ ပြောင်းလဲစစ်ဆေးခဲ့ပြီး အမှုအား ထုံးဘိုနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဇော်ဝင်းထွဋ် အမှုအား ပြောင်းလဲ၍ လက်ခံစစ်ဆေးခဲ့၏။ အမှုမှ တရားခံ သန်းထိုက် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၊ ဒုရင်ဘိုရဲစခန်းအပိုင်နယ်မြေအတွင်း ရောက်ရှိနေကြောင်း သတင်းစုံစမ်းရရှိသဖြင့် အမှုစစ် စခန်းမှူး ရဲအုပ် ဇော်ဝင်းထွဋ် ဦးစီး၍ (၂+၅)အင်အားဖြင့် ဒုရင်ဘိုရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ တရားခံအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မြင့်ဇော်ဦး(ပန်းတောင်း)**

## အရွယ်မရောက်သေးသူကို ခိုးယူပေါင်းသင်း မယားလုပ်တဲ့လူ ရဲစခန်းရောက်သွားပြီ

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ မကြီးထုံးကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာတွင် မိဘအုပ်ထိန်းမှုအောက်ရှိ အရွယ်မရောက်သေးသောသူအား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်သော သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၂၀-၄-၂၀၁၈ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် ပန်းတောင်းမြို့နယ်၊ ကြို့ကုန်းကျေးရွာနေ ဒေါ်××သည် နေအိမ်၌ရှိနေစဉ် သမီးဖြစ်သူ မ×××မှ တစ်ရွာတည်းနေ ဒေါ်××နေအိမ်သို့ ဟင်းသွားယူရာမှ ပြန်လာသဖြင့် သမီး၏ သူငယ်ချင်းဖြစ်သူ တစ်ရွာတည်းနေ မောင်××××ထံ သွားရောက်စုံစမ်းခဲ့ရာ သမီးဖြစ်သူအား ဥသျှစ်ပင်မြို့နေ ဟိန်းထက်(ခ)ဖိုးသားမှ ခိုးယူခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် မိဘအုပ်ထိန်းမှုအောက်ရှိ အရွယ်မရောက်သေးသည် သမီးဖြစ်သူ မ×××အား ခိုးယူသွားသူ ဟိန်းထက်(ခ)ဖိုးသားအား ဥပဒေအရ အရေးယူပေးပါရန် ၂၄-၄-၂၀၁၈ ရက်နေ့တွင် မိခင်ဖြစ်သူ ဒေါ်ခင်မာလွင်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပန်းတောင်းမြို့မရဲစခန်းမှ (ပ)၄၇/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၆၃ ဖြင့် အမှုဖွင့်ကာ အမှုမှ ကျူးလွန်ခံရသူ မ×××အား စစ်ဆေးရာ ၂၀-၄-၂၀၁၈ ရက်နေ့ ည ၈ နာရီအချိန်တွင် မ×××သည် လွန်ခဲ့သော (၅) လခန့်က သမီးရည်းစားဖြစ်သူ ဥသျှစ်ပင်မြို့နေ ဟိန်းထက်(ခ)ဖိုးသားထံ ဖုန်းဆက်၍ လာရောက်ခိုးယူခေါ်ဆောင်ရန် ပြောခဲ့ကြောင်း၊ ဟိန်းထက်(ခ)ဖိုးသားနှင့် ချိန်းဆိုပြီး ဥသျှစ်ပင်မြို့သို့ (၂)ဦးအတူသွားခဲ့ကြောင်း၊ ဥသျှစ်ပင်မြို့မှတစ်ဆင့် ပန်းတောင်းမြို့နယ်၊ ကျည်းပင်အုပ်စု၊ ပေပင်ကျေးရွာသို့ သွားရောက်ခဲ့ပြီး လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ ၂၃-၄-၂၀၁၈ ရက်နေ့တွင် မ×××၏အဘိုးဖြစ်သူ ရောက်ရှိလာပြီး ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း၊ ဟိန်းထက်(ခ)ဖိုးသားနှင့် နေထိုင်စဉ် သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်ခဲ့ကြောင်း၊ မ××××သည် အခင်းဖြစ်စဉ်က အသက်(၁၅)နှစ်(၈)လသာရှိသေးကြောင်း (ကျောင်းထောက်ခံစာအရ) စစ်ဆေးသိရှိရသဖြင့် မိဘအုပ်ထိန်းမှု အောက်ရှိသော အရွယ်မရောက်သေးသူအား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သော ဟိန်းထက်(ခ)ဖိုးသားအား အရေးယူနိုင်ရန် ရာဇသတ်ကြီးပုဒ်မ ၃၆၃ မှ ၃၇၆ သို့ ပြောင်းလဲစစ်ဆေးမှုပြုလုပ်ခဲ့ပြီး မိဘအုပ်ထိန်းမှုအောက်ရှိ အရွယ်မရောက်သေးသူ မ×××အား ဟိန်းထက်(ခ)ဖိုးသားမှ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပန်းတောင်းမြို့မရဲစခန်းမှ (ပ)၄၇/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၆၃မှ ၃၇၆ သို့ ပြောင်းလဲစစ်ဆေးကာ အမှုအား စခန်းမှူး ဒုရဲမှူး အောင်အောင်မှ လက်ခံ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဦးငယ်(ပန်းတောင်း)**

## ဟိုပင်မြို့နယ်နှင့်ကျေးရွာတွင်နေထိုင်သူ အမျိုးသားတစ်ဦးထံမှ စိတ်ကြွဆေးပြားများတွေ့ရှိ

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ နန့်ရင်းကျေးရွာ နေထိုင်သူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ တွေ့ရှိခဲ့သဖြင့် တရားဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂-၆-၂၀၁၈ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်ခန့်တွင် မိုးညှင်းမြို့မှူးယဉ်တပ်ဖွဲ့စု(၃)မှ ရဲအုပ် နိုင်ဝင်းနှင့်တပ်ဖွဲ့ဝင်များသည် ဟိုပင်နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဇော်မျိုးမင်းနှင့် ပူးပေါင်း၍ အသိသက်သေဖြစ်သော နန့်ရင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်၊ ဟိုပင်မြို့ ပြည်သူ့စစ်ခေါင်းဆောင် ဦးဝင်းဖေတို့နှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ဟိုပင်မြို့ ရပ်ကွက်(၄)နန့်ရင်းကျေးရွာနေ ဖိုးလုံး(ခ)ကျော်စိုးလွင်၏ နေအိမ်အားရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေစဉ် ဖိုးလုံး(ခ)ကျော်စိုးလွင်အား နေအိမ်ခြံဝင်းအတွင်း၌ တွေ့ရှိရပြီး ရဲအုပ် နိုင်ဝင်းနှင့်အဖွဲ့မှ ရှာဖွေမှုပြုကြရာ နေအိမ်ခြံဝင်းအတွင်း နေအိမ်၏နောက်ဖေးအိမ်သာအနီး ငှက်ပျောပင်ကြား၌ အဖြူရောင်ကော်ဘူးနှင့်ထည့်လျက် 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား (၁၉၆)ပြားအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ရဲအုပ် နိုင်ဝင်းမှ သက်သေများရှေ့ ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ကြသည်။

ထို့ကြောင့် ဖိုးလုံး(ခ)ကျော်စိုးလွင်(၂၉)နှစ်၊ ရပ်ကွက်(၄)၊ နန့်ရင်းကျေးရွာ၊ ဟိုပင်မြို့နေထိုင်သူအား ဟိုပင်နယ်မြေရဲစခန်းမှ မယ(ပ)၂၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ချွန်တွန်း**




# စင်ကာပူက ထိပ်သီးတွေ့ဆုံပွဲနှင့်

# ထရမ့်အတု ကင်ဂျုံအန်းအတု

### ထိပ်သီးတွေ့ဆုံပွဲကို စင်ကာပူမှာ ဘာကြောင့်ကျင်းပသလဲ

နှစ်ဖက်ခေါင်းဆောင်တွေ တွေ့ဆုံမယ်လို့ ပြောပြီး ဆိုပြီးမှ ပျက်တော့မလိုလို ဖြစ်သွားခဲ့ရပါတယ်။ အခုတော့ ဇွန်လ ၁၂ ရက်နေ့မှာ အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ တကယ်ပဲ မျက်နှာချင်းဆိုင် တွေ့ဆုံကြတော့မှာ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးကလည်း ထရမ့်နဲ့ ကင်ဂျုံအန်းတို့ရဲ့ တွေ့ဆုံမှုကို စိတ်ဝင်စားနေကြပါတယ်။ ဒီသတင်းကလည်း ကမ္ဘာ့သတင်းစာမျက်နှာတွေမှာ ပထမဦးစားပေးနေရာယူနေပါတယ်။

စင်ကာပူဟာ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သလို ကျွန်တော်တို့နဲ့ မစိမ်းလှပါဘူး။ စင်ကာပူရောက် မြန်မာနိုင်ငံသားတွေ တော်တော်များများစုမိနေကြပါပြီ။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း လာမယ့် နှစ်(၂၀)အတွင်း စင်ကာပူထက်သာအောင် လုပ်ရမယ်လို့ ပြောဖူးပါတယ်။ တဆက်တည်းမှာပဲ ထရမ့်နဲ့ကင်တို့ရဲ့အရေးကြီးတဲ့ တွေ့ဆုံပွဲအတွက် စင်ကာပူနိုင်ငံကို ဘာကြောင့် ရွေးချယ်ခဲ့သလဲဆိုတာကို မျှဝေပေးချင်ပါတယ်။

အရေးကြီးတဲ့ တွေ့ဆုံဆွေးနွေးပွဲကြီးမို့ အတိမ်းအစောင်းမခံပါဘူး။ တကယ်တော့ စင်ကာပူနိုင်ငံဟာ မြို့အရွယ်လောက်ပဲရှိတဲ့နိုင်ငံပါ။ ဒါပေမဲ့ လုံခြုံရေးစနစ် အင်မတန်ကောင်းပြီး ကမ္ဘာပေါ်မှာ ရာဇဝတ်မှုအနည်းဆုံး နိုင်ငံဖြစ်ပါတယ်။ နေရာတိုင်းမှာ လုံခြုံရေးကင်မရာတွေ တပ်ဆင်ထားပါတယ်။ နောက်တစ်ချက်ကတော့ ထရမ့်ကိုဖြစ်စေ၊ ကင်ဂျုံအန်းကိုဖြစ်စေ ကန့်ကွက်ဆန္ဒပြနိုင်တဲ့ အခွင့်အရေးတွေလည်း မရှိပါဘူး။ Hong Lim ပန်းခြံတစ်ခုတည်းမှာပဲ ဆန္ဒပြပွဲတွေကို အစိုးရက ခွင့်ပြုထားပါတယ်။ နိုင်ငံသားကပဲဖြစ်စေ၊ နိုင်ငံခြားသားကပဲဖြစ်စေ အကြောင်းမဲ့ဆန္ဒပြခွင့်မပေးထားပါဘူး။ စင်ကာပူနိုင်ငံကို ပါတီကြီးတစ်ခုကပဲ ချုပ်ကိုင်အုပ်စိုးထားပြီး အတိုက်အခံကတော့ မဖြစ်စလောက်လေးပဲ ရှိနေပါတယ်။ လုံခြုံရေးစနစ်ကောင်းသလို ကြွယ်ဝချမ်းသာမှုရှိတဲ့ စင်ကာပူနိုင်ငံဟာ ကမ္ဘာပေါ်မှာ အတည်ငြိမ်ဆုံးနိုင်ငံဖြစ်လို့ ထိပ်သီးဆွေးနွေးပွဲကို ရွေးချယ်ကျင်းပရတာ ဖြစ်ပါတယ်။

### ထရမ့်အတု၊ ကင်ဂျုံအန်းအတု

လောကကြီးမှာ လူတူမရှား နာမည်တူမရှား ရှိနေတတ်ပါတယ်။ အခုတော့ စင်ကာပူနိုင်ငံမှာ အတုနှစ်ယောက် မထင်မှတ်ဘဲ လာဆုံကြပါတော့တယ်။ တော်တော်လေး ထူးဆန်းသလို ဒီသတင်းက စိတ်လှုပ်ရှားစရာလည်း ကောင်းလွန်းပါတယ်။ တစ်ယောက်က အမေရိကန်သမ္မတနဲ့ဆင်ပြီး ထရမ့်ပုံဖမ်းပါတယ်။ ကျန်တစ်ယောက်ကတော့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ချွတ်စွပ်တူအောင် တုထားပါတယ်။

အမေရိကန်နဲ့ မြောက်ကိုရီးယား ထိပ်သီးတွေ့ဆုံပွဲက ဇွန် ၁၂ ရက်နေ့မှ ကျင်းပမှာပါ။ အဲဒီရက်မတိုင်ခင် ကင်ဂျုံအန်းက အရင်ရောက်ပြီး ထရမ့်က နောက်မှရောက်ရှိလာပါတယ်။ အစစ်တွေရောက်မလာခင်ကတည်းက အတုနှစ်ယောက်ဟာ စင်ကာပူမှာ ကြိုရောက်ပြီး လူတွေကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့ပါတယ်။

ဇွန်လ ၈ ရက်နေ့မှာပဲ ထရမ့်နဲ့ ကင်ဂျုံအန်းတို့နှစ်ဦးနဲ့ တူအောင်ပုံဖမ်းထားတဲ့အတု နှစ်ယောက်ဟာ စင်ကာပူမှာ ထိပ်တိုက်တွေ့ဆုံခဲ့ကြပါတယ်။ အတုနှစ်ဦးမှန်းသိကြပေမယ့် လူတွေကတော့ အတော်လေး စိတ်ဝင်စားမှု ဖြစ်ခဲ့ပါတယ်။ အတုတွေနဲ့တွဲပြီး ဓာတ်ပုံတွဲရိုက်ကြပါတယ်။ ထရမ့်နဲ့ ကင်အတုနှစ်ယောက်ကြောင့်ပဲ စင်ကာပူအာဏာပိုင်တွေ ခေါင်းစားကုန်ပါတော့တယ်။

ဇွန်လ ၈ ရက်နေ့မှာတော့ ကင်ဂျုံအန်းနဲ့ တူအောင် ပုံဖမ်းထားသူကို စင်ကာပူ အာဏာပိုင်တွေက ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ပါတယ်။ အတုဝိဇ္ဇာ Howard X ရဲ့ ပြောကြားချက်အရတော့ ကင်ဂျုံအန်းနဲ့တူအောင် တုထားတဲ့သူကို စင်ကာပူအာဏာပိုင်တွေက ထိပ်သီးအစည်းအဝေးကျင်းပမယ့်နေရာနဲ့ ဆက်စပ်တဲ့ ဧရိယာတွေနားမကပ်ဘဲ ခပ်ဝေးဝေးမှာနေထိုင်ဖို့ သတိပေးစကားပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

### ဂုဏ်ပြုခံရတဲ့ ရဲတပ်ဖွဲ့ဝင်များ



ဧပြီလ ၂၅ ရက်နေ့ ည ၁၀ နာရီခန့်က ဖြစ်ပါတယ်။ ရဲတပ်သား ထွန်းထွန်းဝင်းနဲ့ ဇေယျာမောင်တို့နှစ်ယောက်ဟာ ကျောက်ဆည်မြို့ထဲရှိ လက်ဖက်ရည်ဆိုင်သို့ လက်ဖက်ရည်သွားသောက်စဉ် ဒေါ်သိုက်ကြီးကွေ့နားမှာ မသင်္ကာဖွယ်ရာ ကားတစ်စီးကို တွေ့ရှိကြလို့ တားဆီးစစ်ဆေးခဲ့ကြပါတယ်။ အိတ်များနဲ့ဖုံးဖိပြီး သယ်လာတဲ့ ဝိတောက်တုံးတွေကို တွေ့ရှိခဲ့လို့ တာဝန်မှူးရဲ့အုပ်ထံ အကြောင်းကြားပြီးခေါ်လာခဲ့သော်လည်း ကားပေါ်မှာပါလာတဲ့ လူများကို ပြန်လွှတ်ပေးပြီး ပိုင်ရှင်မဲ့အဖြစ် အမှုဖွင့်ခဲ့တာကြောင့် ရဲတပ်သားနှစ်ဦးကနေ ပြည်ထဲရေးဝန်ကြီးထံ တိုင်ကြားခဲ့ကြပါတယ်။ ဂုဏ်ပြုပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နဲ့ ဝန်ကြီးများ၊ ၈၈ မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်တို့ တက်ရောက်ခဲ့ကြပါတယ်။

အဲဒီနေ့အခမ်းအနားမှာပဲ ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ဂုဏ်ပြုစကားပြောကြားရင်းက "ကျွန်တော်တို့ဆီမှာ မူးယစ်ဆေးဝါးဖမ်းမိလို့ရှိရင် မူးယစ်တပ်ဖွဲ့ဝင်တွေကို ကျွန်တော်တို့ အစိုးရဘတ်ဂျက်တွေထဲကနေ သီးသန့်ချီးမြှင့်ပါတယ်။ ဖမ်းမိတာများရင် သိန်းထောင်ချီပြီး ဖမ်းမိရင်တပ်ဖွဲ့ဝင်ဘယ်လောက်ပါပါ အရပ်ဖက်က သတင်းပေးတွေ အပါအဝင် အားလုံးကို ဆုချီးမြှင့်ကြောင်း"ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

### နေပြည်တော်က 3D လူကူးမျဉ်းကျားအကြောင်း

ဇွန်လ ပထမအပတ်မှာပဲ နေပြည်တော်မှာ သုံးဖက်မြင် 3D လူကူးမျဉ်းကျားနဲ့ ပတ်သက်ပြီး လူထုကြားမှာ ဝေဖန်မှုတွေ မြင့်တက်နေခဲ့ပါတယ်။ ဒီလိုဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး 3D လူကူးမျဉ်းကျားကို ရေးဆွဲဖန်တီးပေးခဲ့တဲ့ ဂရပ်ဖိတ်ပညာရှင် ကိုအာကာကျော်က ဇွန်လ ၈ ရက်နေ့မှာပဲ တောင်းပန်စကား ပြောကြားလိုက်ပါတယ်။



ဝေဖန်သူများကတော့ နိုင်ငံတကာမှ 3D လူကူးမျဉ်းကျားများမှာ သိသာထင်ရှားရုံမက သပ်ရပ်စနစ်ကျလွန်းတယ်လို့ ပြောဆိုနေကြပါတယ်။

3D ကို ရေးဆွဲဖန်တီးပေးခဲ့တဲ့ ကိုအာကာကျော်ကတော့ -

"3D လူကူးမျဉ်းကျား မျဉ်းကွေးလေးနဲ့ ပတ်သက်ပြီး ပြောစရာတွေဖြစ်လာတော့ ကျွန်တော် တောင်းပန်ချင်လို့ပါ။ ကျွန်တော် လုပ်ထားတဲ့အတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ကျွန်တော့်အမှားပါ။ အဓိကက ကျွန်တော်ညံ့တာပါ။ ဘာကြောင့် ဘယ်လိုမှားတယ်တော့ မရှင်းပြချင်တော့ပါဘူး။ ရှင်းလေရှုပ်လေ ပိုဖြစ်မှာစိုးလို့ ကျွန်တော့်အမှားတွေကို ကျွန်တော်အပြည့်အဝ တာဝန်ယူပါတယ်"လို့ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တောင်းပန်စကား ဆိုထားပါတယ်။

ဇွန်လ ၇ ရက်နေ့မှာ နေပြည်တော် သပြေကုန်းဈေးအနီး၌ ပထမဆုံးသုံးဖက်မြင် ရုပ်ကြွလူကူးမျဉ်းကျားအဖြစ် HEINEKEN မြန်မာက ပံ့ပိုးကာ ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

### ကော့ကရိတ်မှာ အနုကြမ်း၊ တာချီလိတ်မှာ မူးယစ်ဆေးဝါးကုန်ကြမ်း

ထိုင်းနိုင်ငံ မဲဆိုင်ကနေ တာချီလိတ်ကို မောင်းနှင်လာတဲ့ကားပေါ်မှာ မူးယစ်ဆေးဝါးထုတ်ရာမှာသုံးတဲ့ ဆိုဒီယမ်ဆိုင်ယာနိုက် ဓာတုကုန်ကြမ်း ၁၅ တန်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးဆိုင်ရာ (CCDAC) က ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒီလိုဖမ်းဆီးနိုင်ခဲ့တာဟာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုရဲ့ ရလဒ်ဖြစ်ကြောင်း ထိုင်းမူးယစ်နှိမ်နင်းရေးအဖွဲ့က ပြောဆိုပါတယ်။ ဒီကုန်ကြမ်းတွေဟာ ရန်ကုန်ဆီတင်ပို့မဲ့ကုန်ကြမ်းတွေဖြစ်ပါတယ်။ ချင်းရိုင်လိုင်စင်နဲ့ ကုန်တင်ကားမောင်းသူ (၄၂)နှစ်အရွယ် ထိုင်းနိုင်ငံသားကိုလည်း ဖမ်းဆီးစစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ ကားပေါ်မှာ အနက်ရောင်စည်ပိုင်း အလုံးပေါင်း(၃၀၀)မှာ ဆိုဒီယမ်ဆိုင်ရာတွေကို သယ်ဆောင်ခဲ့တာဖြစ်ပါတယ်။ တာဝန်ယူပို့ဆောင်တဲ့ တရုတ်ကုမ္ပဏီတစ်ခုဟာ တရားဝင်စာရွက်စာတမ်းတွေလုပ်ပြီး ထိုင်းကနေ သယ်ခဲ့တာလို့ ဆိုပါတယ်။

ဇွန်လ ၁၀ ရက်နေ့ မွန်းလွဲပိုင်းအချိန်မှာ ကော့ကရိတ်မြို့ ဗိုလ်ချုပ်လမ်းမှာ ဖွင့်ထားတဲ့ ရွှေဆိုင်တစ်ဆိုင်ထဲကို အနုကြမ်းစီး လုယက်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ပါ



တယ်။ ဖြူစင်သန့်ရတနာရွှေဆိုင်သို့ နံပါတ်တပ်ဆင်ထားခြင်းမရှိတဲ့ ဆိုင်ကယ်စီးနင်းပြီး လူတစ်ယောက်ရောက်လာပါတယ်။ ဆိုင်တွင်းသို့ ဝင်ရောက်ပြီး ဆိုင်ရှင်အမျိုးသမီးအား ဂက်စ်သေနတ်တိုဖြင့် ထုတ်ချိန်ပြီး အနုကြမ်းစီးခဲ့ပါတယ်။ ရွှေထည်များကို ပေးရန် ပြောပေမဲ့ ဆိုင်ရှင်အမျိုးသမီးက မမေးဘဲ ငွေတစ်သိန်းသာ ထုတ်ပေးတဲ့အတွက် သေနတ်ပစ်ပေါက်ခဲ့ပါတယ်။ ဆိုင်ရှင်အမျိုးသမီးလည်း သေနတ်မှန်ခဲ့ပါတယ်။ ရွှေထည်ပစ္စည်းများကို လုယူစဉ်မှာပဲ ရှန်းရင်းဆန်ခတ်ဖြစ်ပြီး သေနတ်သမားမှာ ရွှေထည်များကို မယူတော့ဘဲ ထွက်ပြေးသွားကြောင်း သတင်းတွေက ဆိုပါတယ်။ ကော့ကရိတ်မြို့မရဲစခန်းကတော့ ထွက်ပြေးသွားတဲ့တရားခံ ဖမ်းမိနိုင်ရေးကအတွက် ဆက်လက်ဆောင်ရွက်နေပါတယ်။

မောင်ဝေအေး